မြန်မာ့အလင်း

၁၂၇၅ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၆၉ ခုနှစ်၊ ကဆုန်လဆန်း ၁၀ ရက်၊ ၂၀၀၇ ခုနှစ်၊ ဧပြီ ၂၅ ရက်၊ ဗုဒ္ဓဟူးနေ့၊ အတွဲ (၄၆)၊ အမှတ် (၂၀၂)

စစ်မှန်သော မျိုးချစ်စိတ်ဓာတ်

* ပြည်ထောင်စု၏ မည်သည့်နေရာဒေသတွင် နေထိုင်သည် ဖြစ်စေ ခိုင်မြဲသည့် ပြည်ထောင်စုစိတ်ဓာတ်ထားရှိ မွေးမြူသွားကြရန် အလွန်အရေးကြီးသည်။
* ပြည်ထောင်စုစိတ်ဓာတ်သည်သာလျှင် တိုင်းရင်းသားအားလုံး ထာဝစဉ် ထိန်းသိမ်း စောင့်ရှောက်သွားရမည့် စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည်။

ကြည့်ရှုစစ်ဆေး နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဗိုလ်ချုပ်ကြီးသူရရွှေမန်း ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်တိုးချဲ့အဆောက်အအုံ တည်ဆောက်ပြီးစီးမှု အခြေအနေကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ် တိုးချဲ့ရေးစီမံကိန်းလုပ်ငန်းများ နိုင်ငံတော်၏ဂုဏ်သိက္ခာနှင့်အညီ နိုင်ငံတကာအဆင့်မီဆောင်ရွက်ထား

ခရီးသည်များအား အပြည့်အဝဝန်ဆောင်မှုပေးနိုင်ရေး ပူးပေါင်းညှိနှိုင်း

ရန်ကုန် ဧပြီ ၂၄

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဗိုလ်ချုပ်ကြီးသူရရွှေမန်းသည် ယနေ့နံနက်ပိုင်းတွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ သွားရောက်၍ ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်တိုးချဲ့ရေးစီမံကိန်းလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးကာ တာဝန်ရှိသူများအား လိုအပ်သည်များကို မှာကြားသည်။

ကြိုဆို

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဗိုလ်ချုပ်ကြီးသူရရွှေမန်းသည် နံနက် ၈ နာရီတွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်တိုးချဲ့ရေးအဆောက်အအုံသို့ ရောက်ရှိလာရာ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဒုတိယဗိုလ်ချုပ်ကြီးစိုးသိန်း၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဒုတိယဗိုလ်ချုပ်ကြီးမြတ်ဟိန်း၊ ကာကွယ်ရေးဝန်ကြီးဌာနမှ **စာမျက်နှာ ၈ ကော်လံ ၁ ●**

ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ် တိုးချဲ့အဆောက်အအုံကို တွေ့ရစဉ်။ (သတင်းစဉ်)

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။

မြန်မာ့အလင်း
၁၂၇၉ ခုနှစ်ကတည်ထောင်သည်။ Established 1914

အယ်ဒီတာ့ အာဘော်

(၂၀၀၇ ခုနှစ်၊ ဧပြီလ ၂၅ ရက်)

နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေး လမ်းပန်းဆက်သွယ်မှု အဓိကကျ

ပြည်ထောင်စု မြန်မာနိုင်ငံတော်တစ်ဝန်းရှိ ဒေသအားလုံး ဖွံ့ဖြိုးတိုးတက်ရေးအတွက် လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့ရေးသည် အဓိကအရေးပါသော အခန်းကဏ္ဍမှ ပါဝင်သည်။ ဒေသတစ်ခုနှင့်တစ်ခု လွယ်လင့်တကူ ဆက်သွယ်သွားလာနိုင်မှသာ စီးပွားရေး၊ ပညာရေး၊ လူမှုရေးများ ဖွံ့ဖြိုးတိုးတက် လာမည်ဖြစ်သည်။

ယခုအခါ နေပြည်တော် ဖွံ့ဖြိုးတိုးတက်စည်ပင်လာသည်နှင့်အတူ ကုန်စည်ပို့ဆောင်ရေးနှင့် ခရီးသွားပြည်သူများ ပိုမိုတိုးတက် များပြားလာသည်။

ထို့ကြောင့် ရထားပို့ဆောင်ရေးဝန်ကြီးဌာနအနေဖြင့် နေပြည်တော်နှင့် ဒေသအသီးသီးသို့ ခရီးသွားလာမှု လွယ်ကူချောမွေ့စေရေးအတွက် နေပြည်တော်–ရန်ကုန်–နေပြည်တော်၊ နေပြည်တော်–ပုဂံ–နေပြည်တော်၊ နေပြည်တော်–ပြည်–နေပြည်တော်၊ နေပြည်တော်–မန္တလေး–နေပြည်တော်၊ နေပြည်တော်–သာစည်–မိတ္ထီလာ–မြင်းခြံ ခရီးစဉ်များကို တိုးချဲ့ပြေးဆွဲပေးလျက်ရှိသည်။

ထို့ပြင် ပဲခူးတိုင်း(အရှေ့ပိုင်း)၊ မွန်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် တနင်္သာရီတိုင်းတို့မှ ဒေသခံ ပြည်သူများ ခရီးသွားလာမှုလွယ်ကူစေရန် နေပြည်တော်–မော်လမြိုင်–နေပြည်တော် အမြန်ရထားခရီးစဉ်ကို ဧပြီလ ၂၂ ရက်နေ့မှ စတင်၍ ထပ်မံ တိုးချဲ့ပြေးဆွဲပေးလျက်ရှိသည်။

လမ်းပန်းဆက်သွယ်မှု ကောင်းမွန်လာသည်နှင့်အမျှ တိုင်းရင်းသားပြည်သူများအကြား ဒေသတစ်ခုနှင့်တစ်ခု အချိန်တိုအတွင်း လွယ်ကူချောမွေ့စွာ သွားလာနိုင်သည့်အပြင် ရထားလမ်းတစ်လျှောက်ရှိ ဒေသများ၏ စီးပွားရေး၊ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေး စသည့် ကဏ္ဍအသီးသီးတွင် တိုးတက်ပြောင်းလဲလာမည် ဖြစ်သည်။

ယခုကဲ့သို့ နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးအတွက် အရေးပါသော လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့စေရေးအတွက် ဖြစ်ထွန်းပေါ်ပေါက်လာသော ရထားတွဲများ၊ ရထားလမ်းများ ရေရှည်အကျိုးရှိစွာ သုံးစွဲနိုင်ရန် တိုင်းရင်းသားပြည်သူများက ဝိုင်းဝန်းထိန်းသိမ်း သွားကြရမည် ဖြစ်ပေသည်။ ။

ပြည်သူ့သဘောထား

- ✳ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ✳ ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ကွယ်လွန်သူများ ဖြစ်ကြသော ဦးလှဖေ (မန်းသီတာ)–ဒေါ်မြရီ ကောင်းမှု အဖြစ် ရန်ကုန်မြို့ ဆူးလေဘုရားလမ်း အမှတ် (၁၇၄) နေ ကျန်ရစ်သူ မိသားစုက ဒဂုံမြို့နယ် အမှတ် ၁၆ စကား ဝါလမ်း မင်းကွန်းဆရာတော်ကြီး၏ တိပိဋကတိုးချဲ့ ခြောက်ထပ်ကျောင်းတော်ကြီး အတွက် အလှူငွေ ကျပ်ငါးသိန်းကို တိပိဋကရေဆရာတော် ဘဒ္ဒန္တကုဏ္ဍာစရိယထံ ရေစက်ချ အနုမောဒနာတရား နာယူပြီး တိ=နိ (ရန်ကုန်ဌာန) ဒုတိယဥက္ကဋ္ဌ ဦးအောင်သန်းထံ ပေးအပ်လှူဒါန်းစဉ်။ (က–ပ)

ကဆုန်လပြည့်(ဗုဒ္ဓနေ့) ရွှေတိဂုံစေတီတော်၌ သောက်ရေသန့်ဘူးများ ဒါနပြုမည်

ရန်ကုန် ဧပြီ ၂၄

၁၃၆၉ခုနှစ် ကဆုန်လပြည့် (ဗုဒ္ဓနေ့)ဧပြီ ၃၀ ရက်တွင် ရွှေတိဂုံစေတီတော် အလယ်ပစ္စယာ သောကြာထောင့် မြောက်ဘက်မုခ် စောင်းတန်းအနီး ဝေနေယျသုခမ္မာရုံနှင့် ရွှေတိဂုံစေတီတော် အလယ်ပစ္စယာစောင်းတန်း လေးသွယ်တို့အနီးမှနေ၍ ဝေနေယျသုခရေချမ်းစင်အသင်း (၁၀၂)နှစ်ပြည့် အထိမ်းအမှတ်အဖြစ် သောက်ရေသန့်ဘူးပေါင်း သုံးသောင်း (ငွေကျပ် ၂၂ သိန်းဖိုး)ကို တစ်နေကုန် စတုဒိသာဒါနပြု လှူဒါန်းမည် ဖြစ်သည်။

ဆက်သွယ်လှူဒါန်းနိုင်

ယခုအထိ သောက်ရေသန့်ဘူးပေါင်း ခုနစ်သိန်းသုံးသောင်း လှူဒါန်းပြီး သာဓုခေါ်ဆိုပါရန်နှင့် ရာသက်ပန် သောက်ရေသန့် ရေပဒေသာပင်တစ်ပင်လျှင် အနည်းဆုံးငွေကျပ် တစ်သောင်းနှုန်းဖြင့် လှူဒါန်းနိုင်ရန် ဖုန်း–၃၈၁၇၃၆နှင့် ၃၈၃၅၁၁–လိုင်းခွဲ ၁၇၁တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်းသတင်းရရှိသည်။ **(သတင်းစဉ်)**

မြဝတီရုပ်မြင်သံကြား

၂၅–၄–၂၀၀၇
(ဗုဒ္ဓဟူးနေ့)

နံနက်ပိုင်း

၇:၀၀	၁။	မြဝတီအဖွင့်
၇:၀၅	၂။	အဖွင့်သီချင်း
၇:၁၀	၃။	မျိုးချစ်တပ်မတော်
၇:၂၀	၄။	မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇:၃၀	၅။	မြန်မာသံစဉ်ချိုနှာဝင်
၇:၄၅	၆။	မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
၇:၅၀	၇။	သာယာသီကြွေး ခေတ်ဆန်းတေး
၇:၅၅	၈။	ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈:၀၀	၉။	မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀	၁၀။	ဖွံ့ဖြိုးသာယာပြည်မြန်မာ

ညပိုင်း

၄:၀၀	၁။	မြဝတီအဖွင့်
၄:၀၅	၂။	အဖွင့်သီချင်း
၄:၁၅	၃။	ဖွံ့ဖြိုးသာယာပြည်မြန်မာ
၄:၃၀	၄။	ရင်မှာစွဲလမ်းတော်ဝင်ပန်း
၄:၅၀	၅။	မျိုးချစ်တပ်မတော်
၅:၁၀	၆။	ကျန်းမာကြံ့ခိုင်ဒို့နိုင်ငံ
၅:၂၀	၇။	ရင်ခုန်စီးဆင်းအချစ်သီချင်း
၅:၃၀	၈။	မြတ်နိုးကြစေ အမျိုးသားအမွေ
၅:၅၀	၉။	သာယာသီကြွေး ခေတ်ဆန်းတေး
၆:၀၀	၁၀။	မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၀	၁၁။	နိုင်ငံတကာသတင်း
၆:၂၀	၁၂။	မိုးလေဝသသတင်း
၆:၂၅	၁၃။	လျှပ်တစ်ပြက်
၆:၄၀	၁၄။	လှုပ်လှုပ်ရှားရှားပုံရိပ်များ
၇:၀၀	၁၅။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **မြစ်တစ်စင်းရဲ့သံစဉ်** (အပိုင်း–၄၄)
၈:၀၀	၁၆။	မြဝတီရုပ်မြင်သံကြားသတင်း
	၁၇။	ဖွံ့ဖြိုးသာယာပြည်မြန်မာ
	၁၈။	English Usage
	၁၉။	ဗွီစီဒီကျော်ကြားတေးများ
	၂၀။	ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
	၂၁။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ရွှေမင်းသမီး** (ဒုတိယတွဲ) (အပိုင်း–၃၈)

အထူးအယူခံခုံရုံး အထူးအယူခံမှု စီရင်ချက်ချမှတ်

နေပြည်တော် ဧပြီ ၂၄

တရားရုံးချုပ် ဒုတိယတရားသူကြီးချုပ် ဦးထွန်းထွန်းဦး၊ တရားရုံးချုပ် တရားသူကြီးများ ဖြစ်ကြသော ဦးမြင့်သိန်းနှင့် ဦးချစ်လွင်တို့ ပါဝင်သော အထူးအယူခံ ခုံရုံးသည် ယမန်နေ့နံနက်၁၀နာရီက တရားရုံးချုပ် (နေပြည်တော်) တရားခွင်အမှတ်(၁)၌ ရုံးထိုင်၍ ပြစ်မှုဆိုင်ရာ အထူးအယူခံမှုနှစ်မှုကို စီရင်ချက်ချမှတ်သည်။ ထို့ပြင် ၂၀၀၀ပြည့်နှစ် တရားစီရင်ရေး ဥပဒေပုဒ်မ–၇ အရ တင်သွင်းသည့် ပြစ်မှုဆိုင်ရာအထူးအယူခံမှု သုံးမှုကို ကြားနာကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ပေးအပ်လှူဒါန်း

ဦးထွန်း၊ ဒေါ်တိုးနှင့် ဦးဘမဲ့တို့အား ရည်စူး၍ တိုက် ၃ အခန်း ၁၀၃ ကျိုက်တော်အိမ်ရာ မင်္ဂလာတောင်ညွန့်မြို့နယ်နေ ဒေါ်စောညွန့် နှင့် မိသားစုများက ဗဟန်းမြို့နယ် ဇီဝိတဒါန သံဃာ့ဆေးရုံကြီးသို့ ထာဝရ ဆွမ်း၊ ဆေး၊ ငွေ ပဒေသာပင်နှင့် မျက်စိကုလေဆာစက်အတွက် အလှူငွေကျပ်လေးသိန်းလှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ အတွင်းရေးမှူး ဦးမောင်မောင်က လက်ခံယူစဉ်။ (က–ပ)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၂၅–၄–၂၀၀၇
(ဗုဒ္ဓဟူးနေ့)

၇:၀၀	MRTV-4 အဖွင့် Logo ယနေ့အစီအစဉ်
၇:၀၅	သဘာဝဟာ သဘာဝပါ တရားတော် (ဆရာတော် အရှင်သုမင်္ဂလ)
၈:၀၀	ကမ္ဘာမြေကိုကာကွယ်ဖို့ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းစို့ (အပိုင်း–၂)
၈:၄၀	တေးဂီတအစီအစဉ်
၈:၄၅	နိုင်ငံတကာအနုပညာရေးရာ
၉:၁၅	တေးဂီတအစီအစဉ်
၉:၂၀	ခနုရိုးရာ အစားအစာ စားချင်ဖွယ်ရာ ဟင်းထုပ်ပါ
၉:၃၅	ပြည်တွင်းသတင်းအကျဉ်း
၉:၄၅	သီချင်းကောင်းကောင်း သီချင်းတောင်း
၁၀:၁၀	ရော်ဘာသစ်အလှ ပရိဘောဂ
၁၀:၂၅	နိုင်ငံတကာသတင်းအကျဉ်း
၁၀:၃၀	အနာကြီးရောဂါပြန်လည်ထူထောင်ရေးလုပ်ငန်းများ
၁၀:၄၀	တေးဂီတအစီအစဉ်
၁၀:၄၅	Midweek Sports News
၁၁:၀၀	မိုးလေဝသခန့်မှန်းချက်
၁၁:၀၅	ပြည်တွင်းမှာပင်ချုပ်လုပ်ထား ခေတ်မီအသွင်ဆန်းသားရေအိတ်များ
၁၁:၂၀	တေးဂီတအစီအစဉ်
၁၁:၂၅	စိတ်ဝင်စားစရာမြန်မာ့ပုလဲရတနာ (အပိုင်း–၂)
၁၁:၄၅	ပြည်တွင်းသတင်းအကျဉ်း
၁၁:၅၅	နည်းစနစ်မှန်မှန်ကော်ဖီစိုက်ပျိုးရန်
၁၂:၁၅	တေးဂီတအစီအစဉ်
၁၂:၂၀	Yangon Panorama [(၅၈)ကြိမ်မြောက် သက်ကြီးဝါကြီးပူဇော်ပွဲအခမ်းအနား] (ကြည့်မြင်တိုင်မြို့နယ်)
၁၂:၃၅	နိုင်ငံတကာသတင်းအကျဉ်း
၁၂:၄၀	မြန်မာစာ၊ မြန်မာစကား(၉)
၁၂:၅၅	တေးဂီတအစီအစဉ်
၁:၀၀	MRTV-4 အပိတ် Logo

အထက်ပါ ၆ နာရီစာ အစီအစဉ်များကို နံနက် ၇နာရီမှ မွန်းလွဲ ၁နာရီအထိ တစ်ကြိမ်၊ မွန်းလွဲ ၁နာရီမှ ည ၇နာရီအထိ တစ်ကြိမ်၊ ည ၇နာရီမှ နံနက် ၁နာရီအထိ တစ်ကြိမ်၊ နံနက် ၁နာရီမှ နံနက် ၇နာရီအထိ တစ်ကြိမ် လေးကြိမ်ဆက်တိုက် ၂၄ နာရီ အချိန်ပြည့် ထုတ်လွှင့်သွားမည် ဖြစ်ပါသည်။

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။

Champion League ဘောလုံးပွဲစဉ်

ညပိုင်း	ပွဲစဉ်	ပြသမည့်လိုင်း
၁၂:၃၀	Chelsea-Liverpool	5- Sports (Live)

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် ကမ္ဘောဒီးယားနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးနှင့် အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး ဝန်ကြီးဌာန ဝန်ကြီး မစ္စတာဟော်နမ်ဟောင်အား နေပြည်တော်ရှိ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး ဧည့်ခန်းမ၌ ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။ (သတင်းစဉ်)

✻ *ကျောဖုံးမှ*

တက်ရောက်

ထိုသို့လက်ခံတွေ့ဆုံရာတွင် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့်အတူ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီးဦးဉာဏ်ဝင်း၊ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဝန်ကြီးဦးစိုးသာ၊ ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်း ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စိုးနိုင်၊ သာသနာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သူရအောင်ကို၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး ညွှန်ကြားရေးမှူးချုပ် ဗိုလ်မှူးကြီးကျော်ကျော်ဝင်း၊ အစိုးရအဖွဲ့ရုံး ညွှန်ကြားရေးမှူးချုပ် ဗိုလ်မှူးကြီးသန့်ရှင်းနှင့် နိုင်ငံခြားရေးဝန်ကြီးဌာန သံတမန်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်ကျော်တို့ တက်ရောက်ကြပြီး ကမ္ဘောဒီးယားနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးနှင့် အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန ဝန်ကြီး မစ္စတာဟော်နမ်ဟောင်နှင့်အတူ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ကမ္ဘောဒီးယားနိုင်ငံ သံအမတ်ကြီး Mr.Hul Phany တို့ တက်ရောက်ကြသည်။

မှတ်တမ်းတင်ဓာတ်ပုံရိုက်

တွေ့ဆုံပွဲအပြီးတွင် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် ကမ္ဘောဒီးယားနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးနှင့် အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန ဝန်ကြီး မစ္စတာဟော်နမ်ဟောင်တို့သည် မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။ **(သတင်းစဉ်)**

တောင်ကြီး အေးသာယာစက်မှုဇုန်လုပ်ငန်းများ အဆင့်မြင့်မားရေးဆောင်ရွက် ကုန်ပစ္စည်းများ အရည်အသွေးပြည့်မီစွာ တိုးတက်ထုတ်လုပ်နိုင်ရေးကြိုးစား

နေပြည်တော် ဧပြီ ၂၄

ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်သောင်းအေးနှင့် တောင်ကြီးမြို့ အေးသာယာစက်မှုဇုန်တာဝန်ခံ စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီတို့သည် ယမန်နေ့နံနက်ပိုင်းတွင် တောင်ကြီးမြို့ အေးသာယာစက်မှု ဇုန်ရှိသံရည်ကျိုစက်ရုံ စီမံကိန်းရှင်းလင်းဆောင်၌ကျင်းပသည့် သံရည်ကျိုစက်ရုံ အမှုဆောင်ဒါရိုက်တာများ၊ စက်မှုဇုန်လုပ်ငန်း ရှင်များနှင့် တွေ့ဆုံပွဲအခမ်းအနားသို့ တက်ရောက်ကြသည်။

ရှင်းလင်းတင်ပြ

အခမ်းအနားတွင် အေးသာယာစက်မှု ဇုန်ကြီးကြပ်မှုကော်မတီ အတွင်းရေးမှူး ဦးတက်တိုးက စက်မှုဇုန်နှင့် ပတ်သက်သည့် လုပ်ငန်းဆောင်ရွက်ထားရှိမှု အခြေအနေများကိုလည်းကောင်း သံရည်ကျိုစက်ရုံ စက်ရုံမှူး ဦးသန်းရွှေက သံရည်ကျိုစက်ရုံ၏ ကုန်ထုတ်လုပ်မှုအခြေအနေများကိုလည်းကောင်းရှင်းလင်းတင်ပြကြသည်။

ထို့နောက် စက်မှုဇုန်တာဝန်ခံဝန်ကြီးက ပြောကြားရာတွင် နိုင်ငံတော်က စက်မှုလုပ်ငန်းများဖွံ့ဖြိုး တိုးတက်စေရန်ရည်ရွယ်၍ နိုင်ငံခြားငွေအကုန်အကျခံပြီး မတည်ရင်းနှီးတည်ဆောက်ပေးထား ခြင်းဖြစ်ကြောင်း၊ ဒေသခံစက်မှုလုပ်ငန်းရှင်များအနေဖြင့်လည်း အစုရှယ်ယာများထည့်ဝင်ကာ ပူးပေါင်းဆောင်ရွက်ခဲ့ခြင်းကြောင့် အကျိုးအမြတ်များရရှိလာပြီဖြစ်ကြောင်း၊ ဝန်ကြီးဌာနများနှင့် ပုဂ္ဂလိက လုပ်ငန်းရှင်များက အပ်နှံထားသည့် ကုန်ပစ္စည်းများကို အရည်အသွေးပြည့်မီစွာနှင့် အမျိုးအစားအမယ်စုံလင်စွာ တိုးတက်ထုတ်လုပ်သွားနိုင်ရေးကြိုးစားဆောင်ရွက်သွားကြရန် လိုအပ်ကြောင်း၊ စက်ရုံအတွက်လိုအပ်သောကျွမ်းကျင်သူပညာ

ရှင်များကို အဆင့်ဆင့်ပြုစု ပျိုးထောင်လေ့ကျင့်ပေးသွားရမှာဖြစ်ကြောင်း၊ ကုန်တင်ယာဉ်ကြီးများနှင့် ခရီးသည်တင်မော်တော်ယာဉ်များကို တိုးတက် ထုတ်လုပ်သွားနိုင်ရေး ကြိုးစားဆောင်ရွက်သွားကြရန်ဖြစ်ကြောင်း အသေးစိတ်မှာကြားပြီး တိုင်းမှူးနှင့် ဝန်ကြီးတို့က လိုအပ်သည်များကို ညှိနှိုင်းဖြည့် ဆည်းဆောင်ရွက်ပေးကြသည်။

ကြိုးစားဆောင်ရွက်

ထို့နောက် ဝန်ကြီးသည် သံရည်ကျိုစက်ရုံဝင်းအတွင်းသို့သွားရောက်ပြီး Machine Shop စက်ရုံမှ Wheel Drum၊ Fly Wheel၊ Alloy Pully နှင့် ကြက်ဆူဆီကြိတ်စက် ထုတ်လုပ်မှုအခြေအနေကိုလည်းကောင်း၊ Ware House မှ Line Pully၊ သံနန်းလုံး၊ ကားဖရိန်၊ Lite Truck မော်တော်ယာဉ်၊ အမှတ်(၂)စက်မှုဝန်ကြီးဌာနနှင့် အမှတ်(၂)လျှပ်စစ်စွမ်းအားဝန်ကြီးဌာနတို့မှ အပ်နှံထားသည့် စက်ပစ္စည်းအပ်ကုန်များ ထုတ်လုပ်ထားရှိမှု အခြေအနေတို့ကိုလည်းကောင်း၊ Forging Shop မှ မော်တော်ယာဉ် အောက်ပိုင်းအစိတ်အပိုင်းများ၊ Lite Truck မော်တော်ယာဉ် တပ်ဆင်ပုံ အဆင့်ဆင့်နှင့် ကားဖရိန်၊ ကားဘော်ဒီ ထုတ်လုပ်နေမှုကို လည်းကောင်း၊ Foundary Shop မှ သံရည်ကျိုခြင်း၊ ပူရီသွန်းလောင်းခြင်းလုပ်ငန်းများကိုလည်းကောင်း လှည့်လည်ကြည့်ရှုစစ်ဆေးပြီး အရည်အသွေးမီစက်ပစ္စည်းများတိုးတက်ထုတ်လုပ်သွားနိုင်ရေး ကြိုးစားဆောင်ရွက်သွားကြရန် မှာကြားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

တောင်ကြီးမြို့ အေးသာယာစက်မှုဇုန်တာဝန်ခံ စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီ တောင်ကြီးမြို့ အေးသာယာ စက်မှုဇုန်ရှိ သံရည်ကျိုစက်ရုံတွင် Lite Truckမော်တော်ယာဉ် တပ်ဆင်ပုံအဆင့်ဆင့်ကို ကြည့်ရှုစစ်ဆေးစဉ်။ (စွမ်းအင်)

မြန်မာနိုင်ငံဆရာဝန်အသင်း ဂေါက်သီးရိုက်ပြိုင်ပွဲကျင်းပမည်

ရန်ကုန် ဧပြီ ၂၄

မြန်မာနိုင်ငံ ဆရာဝန်အသင်း ဂေါက်သီးရိုက်အဖွဲ့၏ လစဉ်ကျင်းပမြဲဖြစ်သော ဂေါက်သီးရိုက်ပြိုင်ပွဲအတွက် ဧပြီဂေါက်သီးရိုက်ပြိုင်ပွဲကို ဧပြီ ၂၉ ရက် နံနက် ၅နာရီခွဲ တွင်မြန်မာ နိုင်ငံဂေါက်ကွင်း ၉ မိုင်၌ ကျင်းပမည်ဖြစ်ရာ အသင်းဝင်ဆရာဝန်များ ဝင်ရောက်ယှဉ်ပြိုင်နိုင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဘဒ္ဒန္တတေဇနိယအား ဂုဏ်ပြုပူဇော်ပွဲကျင်းပမည်

နေပြည်တော် ဧပြီ ၂၄

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ အမိန့်ကြော်ငြာစာအမှတ်(၁/၂၀၀၇)ဖြင့် အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘွဲ့တံဆိပ်တော် ဆက်ကပ်ခြင်းခံရသည့် မန္တလေးတိုင်း ပျဉ်းမနားမြို့ ခေမာသီဝံကျောင်းတိုက် လူငယ်ဖွံ့ဖြိုးရေး ပရဟိတဂေဟာနှင့် မိုးကုတ်ဓမ္မရိပ်သာကြီး၏ ဦးစီးပဓာနနာယကဆရာတော် နယ်လှည့်တရားပြ ဓမ္မာစရိယ ဓမ္မကထိက ဘဒ္ဒန္တတေဇနိယအား တပည့် ဒါယကာဒါယိကာမများက ဂုဏ်ပြုပူဇော်ပွဲကို ၁၃၆၉ ခုနှစ် ကဆုန်လပြည့်ကျော် ၅ ရက်(မေ၅ရက်)စနေနေ့ နံနက်ပိုင်းတွင် ပျဉ်းမနားမြို့ ခေမာသီဝံ ကျောင်းတိုက် ဖုန်း-၀၆၇-၂၁၇၄၂၌ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**

မော်လိုက်ရုပ်မြင်သံကြား ထပ်ဆင့်လွှင့်စက်ရုံ မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်စတင်ထုတ်လွှင့်

ရန်ကုန် ဧပြီ ၂၄

ရုပ်မြင်သံကြားတိုးချဲ့ ထုတ်လွှင့်ရေး အစီအစဉ်အရ စစ်ကိုင်းတိုင်း မော်လိုက် ရုပ်မြင်သံကြားထပ်ဆင့်လွှင့်စက်ရုံကို အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ၂၀၀၇ခုနှစ် ဧပြီ ၇ ရက်တွင် လုပ်ငန်းများပြီးစီးခဲ့သည်။

အဆိုပါ စက်ရုံက လွှင့်အား (၁၀၀)ဝပ်၊ လှိုင်းနှုန်း(၈)ဖြင့် ၂၀၀၇ခုနှစ် ဧပြီ၈ရက်မှစတင်၍မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်များကို အရုပ်/အသံ ကြည်လင်ပြတ်သားစွာဖြင့် ထုတ်လွှင့် ပေးလျက်ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ရေကြောင်း သတိပေးချက်ထုတ်ပြန်

ရန်ကုန် ဧပြီ ၂၄

မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့ လုပ်ငန်းနှင့် ရေနံရှာဖွေတူးဖော်ရေး လုပ်ငန်းများတွင် အကျိုးတူ ပူးပေါင်းဆောင်ရွက်လျက်ရှိသော ပက်ထရိုနာ(စ်)ချာလီကာရီ မြန်မာ့ရေနံ ကုမ္ပဏီသည် တနင်္သာရီကမ်းလွန် လုပ်ကွက်အမှတ် M(12) နှင့် M(13) တို့ရှိ ရဲတံခွန်ပလက်ဖောင်းမှ ကမ်းခြေသို့ပိုက်လိုင်းလမ်းကြောင်းတစ်လျှောက်နှင့် FSO သို့ သွယ်တန်းထားသည့် ပိုက်လိုင်း လမ်းကြောင်းတစ်လျှောက် တွင် ROV Survey တိုင်းတာရေး လုပ်ငန်းများကို တိုင်းတာရေးရေယာဉ် SV Alligned Commander ဖြင့် မေ ၅ ရက်မှ မေ ၃၀ ရက်ခန့်အထိ ဆောင်ရွက်သွားမည်ဖြစ်သည်။

ဧရိယာအကျယ်အဝန်း

ROV Survey တိုင်းတာရေး လုပ်ငန်းများဆောင်ရွက်မည့် ဧရိယာ အကျယ်အဝန်းမှာ Yetagun Platform ဧရိယာ မြောက်လတ္တီတွဒ် ၁၃ ဒီဂရီ ၀၂ မိနစ် ၅၇ ဒသမ ၄၁ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၆ ဒီဂရီ ၅၂ မိနစ် ၀၇ ဒသမ ၇၈ စက္ကန့်၊ FSO ဧရိယာ မြောက်လတ္တီတွဒ် ၁၃ ဒီဂရီ ၀၃ မိနစ် ၅၀ ဒသမ ၂ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၆ ဒီဂရီ ၅၁ မိနစ် ၈ ဒသမ ၂ စက္ကန့်၊ Landfall (Daminseik) ဧရိယာ မြောက်လတ္တီတွဒ် ၁၄ ဒီဂရီ ၄၃ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၇ ဒီဂရီ ၅၂ မိနစ် တို့ဖြစ်သည်။

အသိပေးကြေညာထား

သို့ဖြစ်ပါ၍ ROV Survey တိုင်းတာရေးလုပ်ငန်းများကို တိုင်းတာရေးရေယာဉ် SV Alligned Commander ဖြင့် ဆောင်ရွက်နေစဉ်အတွင်း လုပ်ငန်းများနှောင့်နှေးကြန့်ကြာမှု မဖြစ်ပေါ်စေရေးအတွက် ဖော်ပြပါလုပ်ငန်းခွင် ဧရိယာမှ ၄ ကီလိုမီတာ ပတ်လည်အတွင်းကို ရေကြောင်းသတိပေးချက် Notice to Mariner's ထုတ်ပြန်ကြေညာထားပါ၍ သင်္ဘောကြီး/ငယ်များ၊ ကုန်တင်စက်လှေများ၊ စက်တပ်သမ္ဗန်များ၊ ငါးဖမ်းသင်္ဘောများ ဖြတ်သန်းသွားလာခြင်း၊ ကျောက်ချရပ်နားထားခြင်း၊ ငါးဖမ်းကိရိယာများချထားခြင်း၊ ငါးဖမ်းဆီးခြင်းများ မပြုလုပ်ကြရန် ငါးလုပ်ငန်းဦးစီးဌာနက အသိပေးကြေညာထားသည်။ **(သတင်းစဉ်)**

ပန်းဘဲတန်းမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက နယ်လှည့်စာကြည့်တိုက်၊ နံရံကပ်စာစောင်၊ ဓာတ်ပုံပြပွဲ နှင့် ဟောပြောပွဲ အခမ်းအနားကို ဧပြီ ၆ရက်က အမှတ် (၅) ရပ်ကွက် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး၌ ကျင်းပရာ မြို့နယ်ပြန်ဆက်ဦးစီးမှူး ဒေါ်မြသန်းနှင့် ရပ်ကွက်ဥက္ကဋ္ဌ ဦးမျိုးထွန်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။ (မြို့နယ်ပြန်/ဆက်)

စာဖတ်သူတို့ စကားဝိုင်း

၂၃-၄-၂၀၀၇ ရက်နေ့ထုတ် ကြေးမုံသတင်းစာကိုကိုင်ပြီး မိတ်ဆွေများနှင့် ဆုံနေကျလက်ဖက်ရည်ဆိုင်ထဲသို့ ကျွန်တော်ရောက်သွားချိန်တွင် စကားဝိုင်းက စည်ကားနေပြီဖြစ်သည်။ ကျွန်တော်၏ မိတ်ဆွေအားလုံးသည် နေ့စဉ်၊အပတ်စဉ်ထွက်သမျှ စာနယ်ဇင်းမျိုးစုံကို မလွတ်တမ်းဖတ်ရှုပြီး ထင်မြင်ချက်၊ ဝေဖန်သုံးသပ်ချက်ပေးရန် ဝါသနာ ထုံသူများဖြစ်ကြသည်။

ယနေ့စကားဝိုင်း၏ ခေါင်းစဉ်မှာ ကျွန်တော်တွေးထင်ထားသည့်အတိုင်း ယနေ့ထုတ်သတင်းစာများ၏ နောက်ကျောဖုံးတွင် ဖော်ပြထားသည့် ထင်ကျော်(ခေါ်)ကျော်ထင်နှင့် NLD ပါတီဝင်အချို့၏ ဆူပူလှုပ်ရှားမှုနှင့် လူစုလူဝေးဖြစ်အောင် ထပ်မံဆန္ဒပြလှုံ့ဆော်သည့် သတင်းပင်ဖြစ်နေပါသည်။

မိတ်ဆွေတစ်ဦးက "လာဗျို့----စာဖတ်သူကြီး၊ ဒီမှာ ထင်ကျော်တို့ သတင်းနဲ့ ပတ်သက်ပြီး ဆွေးနွေးနေကြတာ၊ ဒီနေ့သတင်းထဲမှာ ဖော်ပြထားတဲ့ ပြည်သူလူထုရဲ့ ဝေဖန်သုံးသပ်ချက်ဆိုတာ ခင်ဗျားတို့ကျွန်တော်တို့ ဟိုအရင်ကတည်းက ထင်မြင်ယူဆသုံးသပ်ချက်တွေနဲ့ တော်တော်များများ တူညီနေတာတွေ့ရတယ်ဗျ"ဟု ဆိုလာပါသည်။

ထိုအခါ ကျွန်တော်က"တော်တော်များများကို မဟုတ်ဘူးဗျ၊ အားလုံးကို တူညီနေတာ။ ခင်ဗျားတို့၊ ကျွန်တော်တို့က သတင်း အစဉ်အဆက်ကို မလွတ်တမ်းဖတ်ရှုနားဆင်နေတဲ့ သူတွေဆိုတော့ လွဲခဲပါတယ်ဗျာ"ဟု ပြောလိုက်ပါသည်။

အခြားမိတ်ဆွေတစ်ဦးကလည်း "ဟုတ်တယ်ဗျို့၊ ကျုပ်တို့က အစိုးရမီဒီယာတွေမှာ ဖော်ပြတဲ့ သတင်းမြင်ကွင်းတွေကို စဉ်ဆက်မပြတ်လေ့လာနေသလို ဆန့်ကျင်ဘက်မီဒီယာတွေက ဖော်ပြနေတဲ့ သတင်းတွေကိုလဲ မျက်ခြည်မပြတ်ကြဘူး မဟုတ်လား"ဟု ဝင်ရောက်ထောက်ခံပါသည်။

ထိုအခါ မိတ်ဆွေတစ်ဦးနှင့် ယနေ့မှ လိုက်ပါလာဟန်တူသော ဧည့်သည်က "စိတ်တော့မရှိပါနဲ့ဗျာ၊ ခင်ဗျားတို့ ပြောနေတာတွေကို ကျွန်တော် လိုက်လို့မမီဘူးဖြစ်နေတယ်။ ထင်ကျော်တို့အဖွဲ့ ဆန္ဒပြတာနဲ့ ဘာအကြောင်းအရာတွေ ဆက်စပ်နေလို့လဲ"ဟု မေးလာပါသည်။ ဤသို့ဖြင့် ကျွန်တော်တို့၏ စကားဝိုင်းမှာ ပိုမို၍ သက်ဝင်လှုပ်ရှားလာပါသည်။

"ဒီလိုရှိတယ်ဗျ၊ ထင်ကျော်တို့အဖွဲ့က ကုန်ဈေးနှုန်းကျဆင်းရေးတို့၊ ၂၄ နာရီ မီးလင်းရေးတို့ ဆိုတာတွေကို ဗန်းပြလာတာကြောင့် နိုင်ငံရေးနဲ့ မပတ်သက်ဘူး၊ ပြည်ပ ပယောဂမပါဘူးလို့ သွေးရိုးသားရိုးနဲ့ ထင်လာစရာ ရှိတယ်"

"အခုလိုဆန္ဒပြလှုံ့ဆော်မှုဟာ ဥပဒေကိုဖောက်ဖျက်ကျူးလွန်ရာရောက်မှန်းသိလို့ နိုင်ငံရေးပါတီအမည်ခံထားတဲ့ လူတွေကိုယ်တိုင်လူလုံး ထွက်ပြပြီး မလုပ်တာကလွဲလို့ နောက်ကွယ်ကနေ အားပေးအားမြှောက် ထောက်ခံပြီး ကြိုးကိုင်နေတယ်ဆိုတာ ရှင်းနေတာပဲ"

"ခင်ဗျားတို့ ပြန်စဉ်းစားကြည့်ကြလေ။ **NLD နဲ့ အပေါင်းပါအဖွဲ့တွေရဲ့ ကြေညာချက်မှန်သမျှမှာ မြန်မာနိုင်ငံမှာ စီးပွားရေးကျပ်တည်းနေတယ်၊ အခက်အခဲတွေနဲ့ ကြုံတွေ့နေရတယ်၊ ဒီအကျပ်အတည်းအခက်အခဲတွေကို ဖြေရှင်းနိုင်ဖို့အတွက် သူတို့နဲ့အစိုးရ တွေ့ဆုံဆွေးနွေးဖို့လိုအပ်တယ်ဆိုတဲ့ အကြောင်းတွေပဲ အပ်ကြောင်းထပ်နေတာဗျ"**

"NLD နဲ့ တစ်ကျိတ်တည်းတစ်ဉာဏ်တည်းသမား ၈၈ မျိုးဆက် ကျောင်းသားအုပ်စုကလဲ ဘာထူးလို့လဲ။ သူတို့လုပ်လာတဲ့ Letter Campaign၊ White Expression Campaign၊ Prayer Campaign စတာတွေနဲ့ အခုနောက်ဆုံးလုပ်နေတဲ့ တနင်္ဂနွေနေ့ အဖြူရောင် လှုပ်ရှားမှု ဆိုတာ အားလုံးဟာ NLD နဲ့ တွေ့ဆုံဆွေးနွေးရေးဆိုတာကိုပဲ မြစ်ဖျားခံ နေတာမဟုတ်လား"

"သဘောပေါက်ပြီဗျို့၊ ၈၈မျိုးဆက် ကျောင်းသား အုပ်စုကရင်ဖွင့်လှလှလှုပ်ရှားမှုဆိုပြီး ကုန်ဈေးနှုန်းကြီးမြင့်နေတာတွေ၊ လျှပ်စစ်မီးအခက်အခဲရှိနေတာတွေကို ဗန်းပြပြီး စာတွေရေးသားပေးပို့ကြဖို့သွေးထိုး လှုံ့ဆော်ခဲ့သေးတာပဲ။ ဒါပေမယ့် အဲဒီလိုအခက်အခဲတွေကိုအစိုးရက လျစ်လျူရှုမထားဘဲ ပြေလည်အောင် အင်တိုက်အားတိုက်ဖြေရှင်း ဖြည့်ဆည်းပေးနေတယ်ဆိုတာကို နားလည်သဘောပေါက်နေတဲ့ ပြည်သူတွေက တုတ်တုတ်မျှမလှုပ်ဘဲ၊ အဲဒီလူတွေကို အဖက်မလုပ်ဘဲနေတာမို့ အခုလို တိုက်ကွက်အသစ် ဆင်လာတာဖြစ်မယ်ဗျ"

"သခွတ်ပင်က မီးတကျီကျီဆိုတာ အဲဒီလူစားမျိုးတွေကို ပြောတာ ဖြစ်မယ်"

"ဒါတင်ဘယ်ကဦးမလဲဗျာ၊ နိုင်ငံရေးလုပ်စားနေတယ်လို့ပြောမှ ပိုမှန်လိမ့်မယ်။ **အခုအချိန်မှာ သူတို့ရဲ့ပြည်ပဆရာကြီးတွေက မြန်မာနိုင်ငံကို ပိတ်လေးပိတ်နဲ့ ပိတ်ဆို့ထားတယ်လေ။ အဲဒီလို ပြည်ပရဲ့ ဗိုလ်ကျစိုးမိုးမှုကို လုံးဝလက်သင့်မခံတဲ့ ပြည်သူတွေက အစိုးရနဲ့ တစ်စိတ်တည်းတစ်ဝမ်းတည်း လက်တွဲပူးပေါင်းပြီး အတားအဆီးအနှောင့်အယှက်တွေကို ကျော်လွှားနိုင်ဖို့ အားထုတ်ကြိုးပမ်းနေကြတယ် မဟုတ်လား"**

"အစိုးရနဲ့ ပြည်သူ တစ်သွေးတည်း၊ တစ်သားတည်းရှိနေချိန်မှာ ပြည်ပဆရာကြီးတွေက အမျိုးသားသစ္စာဖောက် အလိုတော်ရိအချို့ကို ဖွဲ့ထုတ်ပြီး မွေးမြူထောက်ပံ့ မြှောက်စားလာတယ်လေ။ အဲဒါကို သာယာလာတာ ဖြစ်မယ်ထင်တယ်"

"သေချာတာပေါ့ဗျာ၊ နိုဘယ်လ်ဆုဆိုတာကစပြီး ဆုပေါင်း ၈၀ကျော်အထိ ပြည်ပက ချီးမြှင့်မြှောက်စားခဲ့တယ်လေ။ နောက်ပိုင်းမှာ နောက်လိုက်ငယ်သားတချို့ကိုလဲ ဟိုဆု ဒီဆုစတာတွေ နှစ်စဉ်ပေးနေတာလူတိုင်းသိ နေတာပဲ။ အဲဒီလိုဆုမျိုးကို ကမ္ဘာကြီးကောင်းကျိုးနဲ့ လူသားတွေရဲ့အကျိုးကို စွမ်းစွမ်းတမံ သယ်ပိုးနေတဲ့ နိုင်ငံအသီးသီးက ထူးချွန်ထင်ရှားတဲ့ ပုဂ္ဂိုလ်တွေတောင် မရခဲ့ကြရှာဘူး"

စာဖတ်သူတစ်ဦး

"အဖြေကတော့ အဲဒါပဲဗျ။ ဒီနေ့ ဒီအချိန်မှာ တစ်ကိုယ်တော်လူစွမ်းကောင်းဝါဒနဲ့ အစိုးရကို ဆန့်ကျင်မှုပြုလုပ်သူ ဘယ်သူ့ကိုမဆို ပြည်ပဆရာကြီးတွေက ဘွဲ့တံဆိပ်တွေ၊ ဆုကြေးတွေ ချီးမြှင့်နေတာကို အားကျပြီး ထင်ကျော်တို့လူစုက ထကြွလာတာဖြစ်တယ်ဗျ"

"မြန်မာ့နိုင်ငံရေးသမိုင်းမှာ အဲဒီလိုလူစားမျိုးတွေရှိခဲ့လို့ မြန်မာနိုင်ငံဟာ သမိုင်းရေစီး လှိုင်းကြီးလေထန် ဖြစ်ရပ်တွေနဲ့ ကြုံခဲ့ရတာပဲဖြစ်တယ်။ ကိုလိုနီနယ်ချဲ့ လက်အောက်ခံဘဝမှာ ခွဲရေးတွဲရေးပြဿနာပေါ်ပေါက်ခဲ့ဖူးတယ်။ အဲဒီတုန်းက နယ်ချဲ့အလိုတော်ရိ လက်ပါးစေတွေကို ဆရာကြီး သခင်ကိုယ်တော်မှိုင်းက 'တောင်ကျရေ နွားနှစ်ကောင်မဝသလိုပ၊ မောင်ဘဖေ ငါးထောင်မရတာကြောင့်'လို့ စာတောင်ချိုးခဲ့ရဖူးတယ် မဟုတ်လား"

"ခေတ်အဆက်ဆက်မှာ နိုင်ငံရေးလုပ်စားသူတချို့ရဲ့ အမေကျော်ဒွေးတော်လွမ်းတဲ့ လုပ်ရပ်တွေကြောင့် တိုင်းပြည်မှာ လေ့လော့်ရင်းတက်ကျိုးခဲ့ရတဲ့ အဖြစ်မျိုးတွေနဲ့ အကြိမ်ကြိမ် ကြုံတွေ့ခဲ့ရတယ်။ အခုလဲ ဒီပုတ်ထဲက ဒီပဲတွေ တစ်စခန်း ထလာပြန်ပြီလေ"

"အဲဒါက မနူးမနပ် နိုင်ငံရေးသမားတွေကို တစ်ဖက်လှည့်နဲ့ လုပ်ဆောင်စေတာဖြစ်တယ်။ ၈၈ အရေးအခင်းတုန်းကလိုပဲ ပြည်သူလူထုကို လမ်းမှားရောက်အောင် တွန်းပို့စတေးပြီး နိုင်ငံတော်အာဏာကို ဖြတ်လမ်းက ရယူဖို့ ကြိုးပမ်းနေတဲ့ ပြုတ်မနူးနိုင်ငံရေးသမားတွေရဲ့ လုပ်ဆောင်မှု တစ်စိတ်တစ်ပိုင်းပဲ ဖြစ်တယ်ဗျ"

ဖြစ်အောင် အမြဲတစေ လှုံ့ဆော်ဖန်တီးခဲ့ကြတာကို မေ့မထားသင့်ဘူး။ ဒါဟာ ခေတ်ဆွေးနိုင်ငံရေးသမားတွေရဲ့ ခေတ်နောက်ပြန်ဆွဲတဲ့ အတွေးအခေါ်နဲ့ လုပ်ရပ်ပဲဖြစ်တယ်"

"ကျုပ်လဲ အခုမှပြန်ပြီး ဆက်စပ်တွေးတော့မိတယ်။ မြန်မာနိုင်ငံအပေါ် ကုလသမဂ္ဂလုံခြုံရေးကောင်စီကတစ်ဆင့် ဝင်ရောက်စွက်ဖက်ဖိအားပေးဖို့လုပ်တာ မအောင်မြင်ချိန်ကစပြီး ပြည်တွင်းပြည်ပ အဖျက်သမားတွေရဲ့ ပြောကြားချက်တွေတိုင်းမှာ ပြည်ပက ဖိအားပေးတာနဲ့ မရနိုင်ဘူး၊ ပြည်တွင်းမှာ ဆူပူအုံကြွမှုတွေ ဖြစ်ပွားအောင် လုပ်ကြရမယ်လို့ တစ်သမတ်တည်း သွေးထိုးလှုံ့ဆော်ခဲ့တာ ပြန်သတိရပြီဗျို့"

"အဲဒါပဲဗျ၊ **သတင်းဆိုတာ ဘယ်တော့မှတစ်ပုဒ်တည်း၊ တစ်ကန့်တည်း တသီးတခြားစီရှိမနေဘူး။ အားလုံးဟာ အကြောင်းအကျိုးနဲ့ အမြဲတမ်း ဆက်စပ်ဖြစ်ပေါ်နေလေ့ရှိတယ်။ အဲ့ဒီ သတင်းဆက်တွေကို မျက်ခြည်မပြတ်မှ ပြည်တွင်းပြည်ပ အဖျက်သမားတွေရဲ့ နိုင်ငံတော်လုပ်ကြံမှုဇာတ်လမ်းကို ပုံဖော်မြင်တွေ့ပြီး သတိပြုနိုင်ကြမှာ ဖြစ်**တယ်"

"နိုင်ငံတော်လုပ်ကြံမှုဇာတ်လမ်းဆိုလို့ မေးရဦးမယ်။ အဲ့ဒီ နိုင်ငံရေး သမားဆိုသူတွေ၊ ပေါ်ပင်နိုင်ငံရေးသမားတွေဟာ ဘာအလုပ်အကိုင်မှမရှိဘဲ ခုလိုနိုင်ငံရေးလုပ်စားနေကြတာ ဘယ်ကရန်ပုံငွေတွေများ ရနေလို့လဲဗျ"

"သူတို့နောက်ကွယ်မှာ ကြိုးကိုင်နေတဲ့ ပြည်ပဆရာကြီးရှိတယ်လေဗျာ၊ ကမ္ဘာ့နိုင်ငံရေးပြဿနာအရပ်ရပ်မှာ အသာစီးကနေ လက်ဝါးကြီးအုပ်ဖို့ ငွေကို ရေလိုသုံးနေတာပဲ။ အခုနပြောသလို ဘွဲ့တံဆိပ်တွေ၊ ဆုကြေးတွေပေးပြီး ပြောင်ပြောင်တင်းတင်း ထောက်ပံ့တယ်။ ဘာအထောက်အပံ့၊ ဘာအကူအညီ ဆိုတဲ့ ခေါင်းစဉ်တွေတပ်ပြီး အဲဒီခေါင်းစဉ်တွေ အောက်ကပဲ ပြည်တွင်းပြည်ပ အဖျက်သမားတွေကို လျှို့ဝှက်ထောက်ပံ့တယ်၊ ထောက်ပံ့ပုံကတော့ စာရင်းဇယားနဲ့ အတိအကျမသိရင်သာရှိမယ်။ ရက်ရက်ရောရော ထောက်ပံ့နေတာဗျ"

"ဟုတ်တယ်၊ ပြီးခဲ့တဲ့ သတင်းစာရှင်းလင်းပွဲတွေမှာ တစ်ကိုယ်တော်ဆန္ဒပြတာပဲဖြစ်ဖြစ်၊ မယောင်မလည် ဆန္ဒပြတာပဲဖြစ်ဖြစ် အဲဒီလိုဆန္ဒပြလှုံ့ဆော်မှုတွေဖြစ်အောင် ပြည်ပြေးအဖွဲ့တွေက ငွေပုံပေးပြီး လုပ်ခိုင်းနေတယ်။ အဲဒီလိုဆန္ဒပြတဲ့ သတင်းကို ဓာတ်ပုံမှတ်တမ်းတင်ပြီး ရေးသားပေးပို့ရင် ဆုကြေးငွေတွေ ချီးမြှင့်တယ်လို့ သက်ဆိုင်ရာကာယကံရှင်တွေ ကိုယ်တိုင် ပြည်တွင်းပြည်ပ သတင်းစာဆရာကြီးတွေရဲ့ ရှေ့မှောက်မှာ ဖွင့်ဟဝန်ခံ ပြောကြားခဲ့ကြတယ်လေဗျာ"

"မှတ်မိပြီဗျို့၊ ပြည်ပြေးဝရမ်းပြေး ပြည်သစ်ညွန့်ဝေကို ပြည်ပက ဖွဲ့ပေးထားတဲ့ FTUB က တစ်ဆင့် ပြည်ပြေးသိန်းဝင်းတို့ရဲ့ NDD ကို ငွေကြေးထောက်ပံ့တယ်။ NDD သိန်းဝင်းက ပဲခူးတစ်ဝိုက်မှာ ယူဂျီတွေမွေးပြီး ဂြိုဟ်တုဖုန်းတွေ တပ်ဆင်ပေးထားတယ်။ အဲ့ဒီယူဂျီတွေကို တစ်ဖက်နိုင်ငံမှာရှိတဲ့ ၎င်းတို့ရုံးတွေကခေါ်ပြီ ဘယ်လိုဘယ်ပုံ ဆန္ဒပြလှုံ့ဆော်ဖို့ ညွှန်ကြားတယ်၊ ငွေကြေးပံ့ပိုးမှုတွေပေးပြီး ပြည်တွင်းမှာ ဆန္ဒပြလှုံ့ဆော်မှုတွေ လုပ်ခိုင်းတယ်လို့ ပဲခူးက ဆရာရဲ(ခေါ်)သန်းဦးနဲ့ အဖွဲ့က ကိုယ်တိုင်ကိုယ်ကျ ဝန်ခံပြောကြားသွားခဲ့ကြတာ မှတ်မိပြီ"

နိုင်ငံတော်ရဲ့ ကြိုးပမ်းဖော်ဆောင်မှုတွေကို မျက်ခြည်မပြတ် လေ့လာကြည့်ရှုနေတဲ့ ပြည်သူတွေက လာမယ့် တစ်နှစ်၊ နှစ်နှစ်အတွင်းမှာ လျှပ်စစ်ဓာတ်အား ပြည့်လုံတော့မယ်၊ နောင်လေးငါးနှစ်အတွင်းမှာ လျှပ်စစ်ဓာတ်အားတွေ ပိုလျှံလာတော့မယ်၊ ပြည်တွင်းသုံးစွဲမှု ပြည့်လုံပိုလျှံရုံမက ပြည်ပကိုပါ တင်ပို့ရောင်းချနိုင်တော့မယ်ဆိုတဲ့ အလားအလာကောင်းတွေကို ပုံဖော်ကြည့်ရှု မြင်တွေ့နေပြီ။

အဲဒီစီမံကိန်း လုပ်ငန်းကြီးတွေကိုသာ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု၊ ကူညီထောက်ပံ့မှု အားကောင်းကောင်းနဲ့ အစကတည်းက ဆောင်ရွက်နိုင်ခဲ့မယ်ဆိုရင် အခုနေအခါမှာ လုပ်ငန်းတွေ ပြီးစီးနေလောက်ပြီ။

ပြည်ပဆရာကြီးတွေက ပြည်တွင်းက ၎င်းတို့လက်ပါးစေတွေအလိုကျ ပိတ်လေးပိတ်နဲ့ ပိတ်ဆို့ထားတာမို့ စိတ်သွားတိုင်းကိုယ်ပါ မလုပ်ဆောင်နိုင်ခဲ့တာဖြစ်။

"သဘောပေါက်ပြီဗျို့၊ ထင်ကျော်တို့လို မနူးမနပ်နိုင်ငံရေးသမားတွေ၊ ၈၈မျိုးဆက်ဆိုသူတွေကို ဝါရင့်သမ္ဘာရင့် ပြုတ်မနူးနိုင်ငံရေးသမားကြီးတွေက သူတို့ရဲ့ ဓားခုတ်ရာမှာ လက်ဝင်လျှိုခိုင်းနေတယ်ဆိုတာ ဆက်စပ် စဉ်းစားကြည့်မှ တွေ့ရတော့တယ်"

"အဲဒီလုပ်ရပ်ဟာ ပြောတော့ ဒီမိုကရေစီ၊ လုပ်တော့ ဗကပဆိုတာမျိုးဗျ။ အဲဒီလိုဖြစ်အောင်လဲ ပြည်တွင်းက နိုင်ငံရေးပါတီကြီးရဲ့ လက်ဝေခံ ပြည်ပြေးအဖွဲ့တွေက လက်ကျန်ဗကပအချို့နဲ့ပေါင်းပြီး ဒီမို ၂၀၀၆ဆိုတဲ့ လူထုတိုက်ပွဲစီမံချက်ကို ရေးဆွဲချမှတ်ခဲ့တယ်ဆိုတာ ခင်ဗျားတို့၊ ကျွန်တော်တို့ အမြဲသတိပြုနေကြရမှာ ဖြစ်တယ်"

"သွားလေသူဖြစ်တဲ့ ဗကပတွေဟာ ၁၉၄၇ခုနှစ်ကစပြီး အာဏာကို ဖြတ်လမ်းက ရယူဖို့အတွက် တောင်းပွဲတိုက်ပွဲတွေ၊ လူထုဆူပူအုံကြွမှုတွေ

"ရန်ကုန်မြို့ သုံးနေရာမှာ ဗုံးခွဲတိုက်ခိုက်မှု ပြုလုပ်ခဲ့တာဟာ NDD သိန်းဝင်းနဲ့ FTUB ပြည်သစ်ညွန့်ဝေတို့ရဲ့ လက်ချက်ဖြစ်တယ်လို့ ဖွင့်ဟပြောကြားခဲ့တဲ့ ယူနွတ်(ခေါ်)အောင်ချိုဦးကလဲ သတင်းစာရှင်းလင်းပွဲတွေမှာ အတိအလင်းပြောကြားခဲ့တယ်လေဗျာ။ သူ့ကိုရန်ကုန်မြို့ လူစည်ကားရာ နေရာတွေရဲ့ လုံခြုံရေးဆောင်ရွက်မှုအနေအထားတွေကို လေ့လာပြီး ပြန်သတင်းပို့ဖို့ NDD သိန်းဝင်းက ငွေပေးပြီး ခိုင်းခဲ့တယ်လို့လဲ ယူနွတ်က ပြောပြခဲ့တယ်လေ"

"နောက်ပြီး တချို့နေရာဒေသတွေကနေ မဟုတ်မမှန် လုပ်ကြံတိုင်ကြားချက်တွေ ဖန်တီးပြုလုပ်ပြီး သတင်းပေးပို့ဖို့ကိုလဲ NDD သိန်းဝင်းတို့ အဖွဲ့ကပဲ ခိုင်းခဲ့တယ်လို့ သိရတယ်ဗျ"

စာမျက်နှာ ၅ကော်လံ ၁ သို့

တိုင်းမှူး ဗိုလ်ချုပ်လှဋ္ဌေးဝင်းနှင့် ဝန်ကြီး ဗိုလ်ချုပ်ဌေးဦး လဂွမ်းပြင်တမံနှင့် ငမိုးရိပ်လျှပ်စစ်မြစ်ရေတင်လုပ်ငန်းစစ်ဆေး

ရန်ကုန် ဧပြီ ၂၄

ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်လှဋ္ဌေးဝင်းနှင့် လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ဌေးဦးတို့သည် ယမန်နေ့ညနေပိုင်းတွင် ရန်ကုန်မြောက်ပိုင်းခရိုင် လှည်းကူးမြို့နယ်ရှိ လဂွမ်းပြင်ရေလှောင်တမံ ပင်မတူးမြောင်းအခြေအနေကို ကြည့်ရှုစစ်ဆေးရာ တိုင်းဆည်မြောင်းဦးစီးဌာန ညွှန်ကြားရေးမှူး ဦးကျော်သိန်းက လဂွမ်းပြင်ရေလှောင်တမံမှ စိုက်ပျိုးရေပေးဝေနိုင်မှုနှင့် တူးမြောင်းမကြီး ကွဲ့ခိုင်မှုအခြေအနေတို့ကို ရှင်းလင်းတင်ပြသည်။

ဖြည့်ဆည်းဆောင်ရွက်ပေး

ထို့နောက် တိုင်းမှူးနှင့် ဝန်ကြီးတို့က တူးမြောင်းမကြီး ရေရှည်ကြံ့ခိုင်မှုရရှိစေရေးအတွက် ထိန်းသိမ်းကြပ်မတ်ဆောင်ရွက်ကြရန်မှာကြားပြီး လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ရှင်းလင်းတင်ပြ

ယင်းနောက် တိုင်းမှူးနှင့် ဝန်ကြီးတို့သည် လှည်းကူးမြို့နယ် မုဆိုးညောင်ပင်ကျေးရွာအနီး၌ ရေအရင်းအမြစ်အသုံးချရေးဦးစီးဌာနက အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် ငမိုးရိပ်လျှပ်စစ်မြစ်ရေတင်စီမံကိန်းသို့ ရောက်ရှိရာ ရေအရင်းအမြစ်အသုံးချရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးလှမြင့်မောင်က စီမံကိန်းဆိုင်ရာ အချက်အလက်များနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ကြည့်ရှုစစ်ဆေး

ထို့နောက် တိုင်းမှူးနှင့်ဝန်ကြီးတို့က စီမံကိန်းအမြန်ပြီးစီးရန်ပြီးစီးသည့်အပိုင်းအလိုက် စိုက်ပျိုးရေပေးဝေနိုင်အောင် ဆောင်ရွက်ကြရန်မှာကြားပြီး စီမံကိန်းလုပ်ငန်းခွင်အတွင်း ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်လှဋ္ဌေးဝင်းနှင့်လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ဌေးဦးတို့ ငမိုးရိပ်လျှပ်စစ်မြစ်ရေတင် စီမံကိန်းတွင် ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြား

၂၅-၄-၂၀၀၇ ရက် (ဗုဒ္ဓဟူးနေ့)

နံနက်ပိုင်း

- ၇:၀၀ ၁။ ကျေးဇူးရှင် မင်းကွန်း ဆရာတော်ကြီး နိုင်ငံတော် သံဃမဟာ နာယကအဖွဲ့ အကျိုးတော်ဆောင်ချုပ် အဘိဓဇ မဟာရဋ္ဌဂုရု အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မ ဇောတိက တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဆရာတော် ဘဒ္ဒန္တ ဝိစိတ္တသာရာဘိဝံသ၏ ပရိတ်တရားတော်
- ၇:၂၅ ၂။ ကျန်းမာဖို့ အတူကစားစို့
- ၇:၃၀ ၃။ နံနက်ခင်းသတင်း
- ၇:၄၀ ၄။ သံသာချိုအေး မင်္ဂလာတေး
- ၇:၅၅ ၅။ အတီးပြိုင်ပွဲ
- ၈:၀၅ ၆။ မြူးမြူးကြွကြွ ယဉ်ကျေးမှုအက
- ၈:၂၀ ၇။ အဆိုပြိုင်ပွဲ
- ၈:၃၀ ၈။ International News
- ၈:၄၅ ၉။ Happy And Educational English Summer Course MRTV
- ၉:၀၀ ၁၀။ အစီအစဉ်ပြီး၏။

ညပိုင်း

- ၁၆:၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
- ၁၆:၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန် ထက်မြက်ရေးတေးများ
- ၁၆:၃၀ ၃။ အဝေးသင်တက္ကသိုလ် ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ တတိယနှစ် (စီးပွားရေးပညာ အထူးပြု) (စီးပွားရေးပညာ)
- ၁၆:၄၅ ၄။ ပြည်ထောင်စုတိုင်းရင်းသား ရိုးရာတေးသံသာ
- ၁၇:၀၀ ၅။ မြန်မာစာ မြန်မာစကား
- ၁၇:၁၀ ၆။ သီချင်းကြီးပဒေသာ
- ၁၇:၂၀ ၇။ ရှုဖွယ်စုံလင် အာဆီယံအစီအစဉ်
- ၁၇:၃၀ ၈။ ရသပေါ်လွင် သရုပ်ဆောင်လွှင်ပြင်
- ၁၈:၀၀ ၉။ ညနေခင်းသတင်း
- ၁၈:၃၀ ၁၀။ မိုးလေဝသအခြေအနေ
- ၁၈:၃၅ ၁၁။ သုတစုံလင် ရွှေဉာဏ်ရှင်
- ၁၉:၀၅ ၁၂။ Discovery
- ၁၉:၁၅ ၁၃။ **မပြောမပြီး မတီးမမြည်** (နေရဲလင်း၊ မောင်မောင်မြင့်၊ ရှင်ဖုန်းအိမ့်ချယ်၊ မိုးဇော်၊ ခိုင်ဆုသွယ်) (ဒါရိုက်တာ-မောင်မောင်မြင့်)
- ၁၉:၃၅ ၁၄။ အာဆီယံနိုင်ငံအချင်းချင်း ပေါင်းစပ်ဆောင်ရွက်ခြင်း
- ၂၀:၀၀ ၁၅။ ပြည်တွင်းသတင်း
- ၁၆။ နိုင်ငံတကာသတင်းများ
- ၁၇။ မိုးလေဝသအခြေအနေ
- ၁၈။ **ကံ-ကံ၏အကျိုး** (ကျော်သူ၊ ရီဝေယံ၊ မေသဥ္ဇာဦး၊ မြတ်ကေသီအောင်) (ဒါရိုက်တာ-မောင်နှင်းမိုး)

ဂုဏ်ပြုပူဇော်ပွဲ

ရန်ကုန် ဧပြီ ၂၄

ပဲခူးမြို့နယ် အင်းတကော် စံပြကျေးရွာအတွင်း တောင်ကိုးလုံး သဒ္ဓမ္မအလင်းရောင် စာသင်တိုက် ပဓာနနာယက ဆရာတော် ဘဒ္ဒန္တဇာဂရ သာသနဓဇ ဓမ္မာစရိယ မဟာအကျော် ဥဘတောဝိဘင်္ဂရေ၊ ပိဋကတ္တယပါရဂူ (အိန္ဒိယ)မဟာဝိဇ္ဇာအား နိုင်ငံတော်အစိုးရက ဆက်ကပ်လှူဒါန်းသော ဓမ္မကထိက ဗဟုဇနဟိတဓရဘွဲ့တံဆိပ်တော် အလှူခံရရှိတော်မူသည့်အတွက် တပည့် ဒါယကာ၊ ဒါယိကာမများက မေ၃ရက် (တနင်္ဂနွေနေ့)တွင် ထပ်ဆင့်ပူဇော်ကြမည်ဟု သိရသည်။ **(က-ပ)**

စတုတ္ထအကြိမ်မြောက် အာစရိယပူဇော်ပွဲ

ရန်ကုန် ဧပြီ ၂၄

မရမ်းကုန်းမြို့နယ် အမျိုးသားပြန်လည်သန်စွမ်းရေး ဆေးရုံကြီး၌ အသက် (၆၀)ပြည့်ပြီးသော ဆေးရုံအုပ်ကြီးများ၊ ဆရာဝန် ဆရာဝန်မများ၊ သူနာပြုဆရာဆရာမများ၊ အရိုးအကြော ကျွမ်းကျင်သူများ၊ ခြေတုလက်တု ကျွမ်းကျင်သူများအား မေ ၁ရက်(အင်္ဂါနေ့) နံနက်၁၀နာရီတွင် လူနာဟောင်းများက စတုတ္ထအကြိမ်ပူဇော်ရန်စီစဉ်ထားသည်။ တက်ရောက်ဂါရဝပြုလိုသော ကိုယ်အင်္ဂါ မသန်စွမ်းသူများနှင့် စေတနာရှင်များသည် ဒေါက်တာအေးကို ဖုန်း-၇၂၄၀၉၃၊ ဦးမြတ်သူဝင်း(ရွှေမင်းသား) ဖုန်း-၀၉-၅၁-၀၃၇၂၅၊ ၂၂၉၀၈၇၊ ဦးအေးကိုကို ဖုန်း-၂၂၇၇၃၄၊ ဦးစိန်ထွေး ဖုန်း-၅၂၅၁၁၉ နှင့် ဒေါ်ထားထားမွန် (သူနာပြုအုပ်) ဖုန်း-၆၆၀၈၉၈တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(က-ပ)**

သင့်သွေးဖြင့် အသက်ကယ်ပါ

စာမျက်နှာ ၄ ဆောင်းပါးမှ အဆက်

"ပြည်တွင်းက နိုင်ငံရေးလုပ်စားနေသူတွေ ဘာ့ကြောင့် အနေအစား ချောင်နေတယ်၊ ဘာ့ကြောင့် မဟုတ်မဟတ် လုပ်ဇာတ်တွေ ခင်းနေတယ် ဆိုတာ ကျွန်တော်အခုမှ သဘောပေါက်တော့တယ်။ မြက်မြက်ကလေးစား နေရတော့လဲ ဒီလိုလုပ်ရပ်မျိုးလုပ်ဖို့ ဝန်မလေးတော့ဘူးထင်တယ်"

"ဘယ်သူသေသေ ငတေမာရင်ပြီးရောဆိုတဲ့ နိုင်ငံရေးလှေကြုံစီးနေသူတွေ အခုလို တစ်စခန်းထနေတယ်ဆိုတာ ပြည်သူလူထုကလဲ သိနေကြပါတယ်ဗျာ"

"ဒါကြောင့်မို့ ဟင်္သာတမြို့နယ် အုတ်ပုံကျေးရွာကိုသွားပြီး ဆူပူအုံကြွမှုဖြစ်အောင် လုပ်ဆောင်ခဲ့တဲ့ မြင့်အေးတို့လူစုကို အုတ်ပုံ ရွာသူရွာသားတွေက မှတ်လောက်သားလောက်အောင် သင်ခန်းစာ ပေးလိုက်တာပဲ ဖြစ်မယ်ထင်တယ်။

"ပြည်သူလူထုဟာ အရေခြုံနိုင်ငံရေးသမားတွေရဲ့ လူပေါ်လူဇော် လုပ်တာကို အနှစ်နှစ်အလလ ခံခဲ့ကြရတယ်လေဗျာ။ ဘယ်သူတရားပျက်ပျက် ကိုယ်မပျက်စေနဲ့ဆိုတဲ့ မြန်မာတို့ရဲ့ အစဉ်အလာစောင့်ထိန်းမှု အရ အောင့်အည်းသည်းခံနေကြရတာဗျ"

"အခုဟာက ဆိုလေကဲလေ၊ မန်းလေပြဲလေဆိုတဲ့နိုင်ငံရေးလုပ်စားသူတွေရဲ့ မျက်နှာသာပေး ရွှေအေးပန်းကန်တက်လုပ်ရပ်ကို သည်းမခံနိုင်တဲ့ အဆုံးမှာ အများစုရဲ့ဆန္ဒနဲ့ ဆုံးမလွှတ်လိုက်တာပဲဗျ"

"တရားကို နတ်စောင့်တယ်ဆိုတာ ဒါပဲဗျ။ အစိုးရက စိတ်ဝမ်းကွဲပြားမှုတွေ မဖြစ်စေလိုလို့ ထိန်းထိန်းသိမ်းသိမ်းနဲ့ တည့်မတ်ပေးနေတာကို ဟုတ်လှပြီထင်ပြီး အောက်ခြေလွတ်နေတဲ့ အဲဒီလူတွေ မကြာခင် မျောက်သစ်ကိုင်းလွတ်ဖြစ်တော့မှာ သေချာပါတယ်"

"သေချာတာပေါ့ဗျာ၊ **တကယ်တမ်းပြောရရင် အဲဒီလူတွေ ခုတုံးလုပ်ပြောကြားနေတဲ့ လူ့အခွင့်အရေးတို့၊ ကုန်စျေးနှုန်းကျဆင်းရေး တို့၊ ၂၄နာရီ မီးလင်းရေးတို့ဆိုတဲ့ အခက်အခဲတွေ မြန်မာနိုင်ငံမှာ ပေါ်ပေါက်အောင် လုပ်ဆောင်နေတာက သူတို့ကိုယ်တိုင်နဲ့ သူတို့ရဲ့ ပြည်ပဆရာကြီး တွေဖြစ်တယ်ဆိုတာ ပြည်သူလူထုက နားလည်သဘောပေါက်နေကြပြီ လေဗျာ။ အဲ့ဒီတော့ အဲဒီလို အကြောင်းပြစွပ်စွဲချက်တွေနဲ့ ပြည်သူလူထုကို သွေးထိုးလှုံ့ဆော်နေတာဟာ နားလှည့်ပြီး ပါးရိုက်နေတာနဲ့ အတူတူပဲ လေ"**

"ဒါကြောင့်မို့ **ပြည်သူလူထုက ယနေ့မြန်မာနိုင်ငံမှာ အသွင်အမျိုးမျိုးဆောင်ပြီး သွေးထိုးလှုံ့ဆော်မှု အမျိုးမျိုးလုပ်နေတဲ့ အဲ့ဒီအဖျက်အမှောင့် သမားတွေကို လုံးဝလက်မခံဘဲ ဆန့်ကျင်တိုက်ဖျက်သွားတော့မယ်ဆိုတာ ပေါ်လွင်ထင်ရှားလာနေတယ်"**

"ဟုတ်တယ်ဗျ၊ **ပြည်သူတွေအနေနဲ့ သတင်းမီဒီယာမျိုးစုံ၊ စာနယ်ဇင်းမျိုးစုံကို ကျယ်ကျယ်ပြန့်ပြန့် ဖတ်ရှုလေ့လာနိုင်နေကြတာမို့ နိုင်ငံတကာဖြစ်ရပ်တွေ၊ ပြည်တွင်းဖြစ်စဉ်တွေကို အပ်ကျတာကအစ သိနေကြတယ်လေဗျာ။ အသိပညာဗဟုသုတကြွယ်ဝပြီး ပညာရည်မြင့်မား တိုးတက်လာတာကြောင့် အမှန်နဲ့အမှားကိုလဲ ခွဲခြားရှုမြင်နိုင်စွမ်းကြီးမား နေပြီဖြစ်တယ်။ ယနေ့ကာလဟာ ၁၉၈၈ခုနှစ်ကာလကလို ပြည်ပသတင်း မီဒီယာတွေရဲ့ မဟုတ်မမှန် လုပ်ကြံပြန်ကြားမှု (Miss information) အောက်မှာ ကျရောက်ရမယ့် ကာလမျိုးမဟုတ်ဘူးဗျ"**

"ဒါပေမယ့် ပြည်တွင်းပြည်ပ အဖျက်အမှောင့်သမားတွေကတော့ အဲ့ဒီ Miss information နည်းကိုပဲ သုံးနေတာ တွေ့ရတယ်"

"သူတို့ ဘယ်လိုပဲသုံးသုံး ဒီနေ့ခေတ်ဟာ တိမ်ဖုံးပါလို့ လမသာတဲ့ခေတ်မဟုတ်တော့ဘူးဗျ။ အစိုးရအနေနဲ့ ပြည်သူလူထု သိသင့်သိထိုက်တဲ့ သတင်းမှန်သမျှကို ပြန်ကြားအသိပေးနေတာ ခင်ဗျားတို့၊ ကျွန်တော်တို့ နေ့စဉ်နဲ့အမျှ မြင်တွေ့နေရတာပဲ"

"ဟုတ်တယ်ဗျို့၊ ကုန်စျေးနှုန်းတည်ငြိမ်ရေးအတွက် စိုက်ပျိုးမွေးမြူရေး၊ စက်မှုလက်မှုနဲ့ ကဏ္ဍမျိုးစုံမှာ ကုန်ထုတ်လုပ်မှုတွေ တိုးတက် လာအောင် လိုအပ်တဲ့ အခြေခံကောင်းတွေကို နေရာဒေသ အသီးသီးမှာ တည်ဆောက်ဖော်ဆောင်ပေးနေတယ်လေ။ ကုန်ထုတ်လုပ်မှု ကုန်ကျစရိတ်တွေ လျော့နည်းသက်သာအောင်လဲ ပံ့ပိုးမှု၊ ကူညီမှုတွေ၊ သွင်းအားစုတွေ ဖြည့်ဆည်းပေးနေတယ်"

"ကုန်ထုတ်လုပ်တဲ့ စက်ရုံ၊ အလုပ်ရုံတွေ စက်စွမ်းအားပြည့် လည်ပတ်နိုင်အောင် ပြုပြင်မွမ်းမံ တိုးချဲ့တည်ဆောက်ပေးနေသလို ကုန်သွယ်ပို့ဆောင်မှု စရိတ်စခတွေ လျော့နည်းသက်သာအောင်လဲ ပို့ဆောင်ရေးနဲ့ လမ်းပန်းဆက်သွယ်ရေးကဏ္ဍမှာ အခြေခံကောင်းတွေ ပြည့်စုံအောင် ဖော်ဆောင်ပေးနေတာ တွေ့နိုင်ပါတယ်"

"တစ်ဖက်ကလဲ လေလွင့်ဆုံးရှုံးမှုတွေ လျော့နည်းပပျောက်အောင် ချွေတာခြိုးခြံရေး မူဝါဒချမှတ်ပြီး တွန်းအားပေးဆောင်ရွက်နေတယ်လို့ သိရတယ်ဗျ"

"မကြာသေးခင်က သင်္ကြန်ကာလ ရုံးပိတ်ရက်မှာ နိုင်ငံတော် အကြီးအကဲကိုယ်တိုင် ရေအားလျှပ်စစ်စီမံကိန်း လုပ်ငန်းခွင်တွေကို ကွင်းဆင်းကြည့်ရှုစစ်ဆေးပြီး စီမံကိန်းလုပ်ငန်းတွေ အမြန်ဆုံးပြီးစီးရေး အတွက် ကြိုးပမ်းဆောင်ရွက်ကြဖို့ လမ်းညွှန်မှာကြားခဲ့ကြောင်း၊ လိုအပ်တာတွေကို ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းစာတွေမှာရော၊ ရုပ်မြင်သံကြားနဲ့ ရေဒီယိုထုတ်လွှင့်ချက်တွေမှာပါ မြင်တွေ့ကြားသိ ဖတ်ရှုလိုက်ရတယ် မဟုတ်လား"

"ဟုတ်တယ်လေဗျာ၊ ရေအားလျှပ်စစ် စီမံကိန်းတွေပြီးစီးချိန်နဲ့ တစ်ပြိုင်တည်းမှာ ဓာတ်အားလိုင်း သွယ်တန်းမှုတွေ အချိန်ကိုက်ပြီးစီးရေး အတွက် အားထုတ်ကြိုးပမ်းဆောင်ရွက်ကြဖို့ မှာကြားသွားတာကိုလဲ တွေ့လိုက်ရပါတယ်"

"နိုင်ငံတော်ရဲ့ ကြိုးပမ်းဖော်ဆောင်မှုတွေကို မျက်ခြည်မပြတ် လေ့လာကြည့်ရှုနေတဲ့ပြည်သူတွေက လာမယ့် တစ်နှစ်၊ နှစ်နှစ်အတွင်းမှာ လျှပ်စစ်ဓာတ်အားဖူလုံတော့မယ်၊ နောင်လေးငါးနှစ်အတွင်းမှာ လျှပ်စစ်ဓာတ်အားတွေ ပိုလျှံလာတော့မယ်၊ ပြည်တွင်းသုံးစွဲမှု ဖူလုံ ပိုလျှံရုံမက ပြည်ပကိုပါ တင်ပို့ရောင်းချနိုင်တော့မယ်ဆိုတဲ့ အလားအလာကောင်းတွေ ကို ပုံဖော်ကြည့်ရှု မြင်တွေ့နေပြီလေဗျာ"

"ဒါကြောင့်မို့ အခုရေတွင်းတူး၊ အခုရေကြည်သောက် ဆိုသလို ၂၄နာရီ မီးမလင်းနိုင်သေးတာကို အကြောင်းရှာအပြစ်ပြောပြီး ပြည်သူလူထုကို သွေးထိုးလှုံ့ဆော်မှု ပြုလုပ်နေတာဟာ ပြည်သူလူထုကို စော်ကား မော်ကားပြုလုပ်ရာ ရောက်နေတယ်လို့တောင် ဆိုလိုက်ချင်တယ်ဗျာ"

"အမှန်တကယ်ကတော့ အဲဒီစီမံကိန်း လုပ်ငန်းကြီးတွေကိုသာ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု၊ ကူညီထောက်ပံ့မှု အားကောင်းကောင်းနဲ့ အစကတည်းက ဆောင်ရွက်နိုင်ခဲ့မယ်ဆိုရင် အခုနေအခါမှာ လုပ်ငန်းတွေ ပြီးစီးနေလောက်ပြီ ဖြစ်တယ်။ ဒါပေမယ့် ပြည်ပဆရာကြီးတွေက ပြည်တွင်းက ၎င်းတို့လက်ပါးစေတွေအလိုကျ ပိတ်လေးပိတ်နဲ့ ပိတ်ဆို့ ထားတာမို့ စိတ်သွားတိုင်း ကိုယ်ပါ မလုပ်ဆောင်နိုင်ခဲ့တာ ဖြစ်တယ်ဗျ"

"ဒါပေါ့ဗျာ၊ **ဒါကြောင့်မို့ ကုန်စျေးနှုန်းကျဆင်းရေးတို့၊ ၂၄နာရီ လျှပ်စစ်မီးလင်းရေးတို့ ဆိုတာကိုသာ အဖျက်အမှောင့်သမားတွေ အနေနဲ့ အမှန်တကယ်လိုလားတယ်ဆိုရင် ပြည်ပဆရာကြီးတွေရဲ့ ပိတ်ဆို့ဟန့်တားမှု ရပ်တန့်ဖို့ ဆန္ဒပြတောင်းဆိုရမှာပဲ ဖြစ်တယ်။ နိုင်ငံတော်အစိုးရကဆောင်ရွက်ပေးနေတဲ့ ကုန်စျေးနှုန်းတည်ငြိမ်ကျဆင်းရေးနဲ့ လျှပ်စစ်ဓာတ်အား ဖူလုံပိုလျှံရေး လုပ်ငန်းစဉ်တွေမှာ ကျရာကဏ္ဍကနေ ပါဝင် ပူးပေါင်းဆောင်ရွက်သွားကြရမှာပဲဖြစ်တယ်"**

"အေးဗျာ၊ အခုလို ခင်ဗျားတို့နဲ့ စကားဝိုင်းဖွဲ့လိုက်ရတော့မှပဲ တကယ့်ဖြစ်ရပ်မှန်၊ အခြေအနေမှန်တွေကို သိလာရပြီး စိတ်ဓာတ်ခွန်အားတွေ တိုးပွားပြီး နိုးကြားတက်ကြွလာတယ်ဗျ"

"အရေးကြီးဆုံးကတော့ဗျာ၊ နိုင်ငံတော်က လက်ငင်းလက်တွေ့ ဖော်ဆောင်ပေးထားတဲ့ အခြေခံကောင်းတွေကို ကျွန်တော်တို့အားလုံး စနစ်တကျအသုံးချပြီး မိမိကိုယ်တိုင်နဲ့ မိမိမိသားစု၊ မိမိပတ်ဝန်းကျင်နဲ့ မိမိနိုင်ငံအကျိုးကို မမိုတ်မသုန် သယ်ပိုးသွားကြဖို့ပါပဲ။ အဲဒီအခြေခံကောင်းတွေ မပျက်မစီးရအောင် ထိန်းသိမ်းစောင့်ရှောက်သွားကြဖို့ပါပဲ။ ဒါမှသာ အနာဂတ်နိုင်ငံတော်အတွက် အလားအလာကောင်းတွေ ပိုမို ဖြစ်ထွန်းတိုးတက်လာမှာဖြစ်ပါတယ်"။ ။

စီမံကိန်းလျာထားချက်များ ပြည့်မီအောင် အကောင်အထည်ဖော် ဝက်များတွင် ခွာနာလျှာနာရောဂါ ဖြစ်ပွားခြင်း မရှိအောင်ကြိုတင်စီမံ

နေပြည်တော် ဧပြီ ၂၄

မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာနဝန်ကြီးဗိုလ်မှူးချုပ်မောင်မောင်သိမ်းသည် တာဝန်ရှိသူများလိုက်ပါလျက် ဧပြီ ၂၁ရက် နံနက်ပိုင်းက ပဲခူးတိုင်း ဒိုက်ဦးမြို့နယ်ရှိ မွေးမြူရေး၊ အစားအစာနှင့် နို့ထွက်ပစ္စည်းလုပ်ငန်း ဒိုက်ဦးဝက်မွေးမြူရေးခြံနှင့် အစာစပ်စက်ရုံသို့ ရောက်ရှိရာ ဒိုက်ဦးဝက်မွေးမြူရေးခြံနှင့် အစာစပ်စက်ရုံမှ ထုတ်လုပ်သောပြုပြင်ပြီး ဝက်သားနမူနာများနှင့် တိရစ္ဆာန်အစာ နမူနာများကို ကြည့်ရှုစစ်ဆေးကာ (အောက်ပုံ) **လိုအပ်သည်များကို ဖြည့်ဆည်း ဆောင်ရွက်ပေးသည်။**

မှာကြား

ထို့နောက် စက်ရုံအစည်းအဝေးခန်းမ၌ ဝန်ကြီးနှင့်အဖွဲ့အား စက်ရုံမှူး ဒေါက်တာပြည့်စုံက စီမံကိန်းလျာထား ချက်များနှင့် အကောင်အထည်ဖော် နိုင်မှု အခြေအနေများကို ရှင်းလင်း တင်ပြပြီး အထွေထွေ မန်နေဂျာ ဒေါက်တာသန်းရွှေက လိုအပ်သည် များကို ဖြည့်စွက် ရှင်းလင်းတင်ပြ သည်။

ယင်းနောက် ဝန်ကြီးက စီမံကိန်း လျာထားချက်များကို ပြည့်မီအောင် အကောင်အထည်ဖော် ဆောင်ရွက်သွား ရန်လိုကြောင်း၊ ဝက်များတွင်ဖြစ်တတ် သော ခွာနာလျှာနာရောဂါဖြစ်ပွားခြင်း မရှိအောင် ကြိုတင်စီမံဆောင်ရွက် ထားရန်လိုကြောင်း မှာကြားသည်။

ညှိနှိုင်းပေါင်းစပ်

ဆက်လက်၍ ဝန်ကြီးနှင့်အဖွဲ့သည် ပဲပေါင်းစက်ရုံမှထုတ်လုပ်သော ဝက် စာများ၊ သားစပ်နှင့် မျိုးဝက်မကြီး ဆောင်၊ သားခွဲဆောင်၊ သားဖွားဆောင်၊ ဝက်လတ်ဆောင်များကို လှည့်လည် ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များကို ညှိနှိုင်းပေါင်းစပ် ဆောင်ရွက်ပေးသည်။

ထို့နောက် ဝန်ကြီးနှင့်အဖွဲ့သည် အစာစပ်စက်ရုံရှိ ကောက်ရိုးဖိစက်၊ ဝက်ချေးစစ်ကန်နှင့် မြေဩဇာတောင့် ထုတ်လုပ်ရေးစက်နှင့် ထုပ်ပိုးမှုအဆင့် ဆင့်တို့ကို ကြည့်ရှုစစ်ဆေးကာ ဝန်ထမ်း များနှင့် တွေ့ဆုံဆွေးနွေး အမှာစကား ပြောကြားသည်။

ဝန်ကြီးနှင့်အဖွဲ့သည် မွန်းလွဲပိုင်း တွင် ပဲခူးတိုင်း တောင်ငူခရိုင် ငါး လုပ်ငန်းဦးစီးဌာနရုံးသို့ သွားရောက် ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

အိန္ဒိယနိုင်ငံ မဇ္ဈိမဒေသ ဗုဒ္ဓဂယာ မြေ မြတ် မ ဟာ ရှိ ဗုဒ္ဓဂယာ မြန်မာ ကျောင်း (မူလ ကျောင်း ဟောင်း) အနောက်ဘက်တိုးချဲ့ မြေနှစ်ကေ ဝယ်ယူ ရန်နှင့် သာသနိက အဆောက်အအုံများ ဆောက် လုပ် ရန် အတွက် ပျဉ်းမနား မြို့ ချမ်းအေးရပ်နေ ဒေါ်ဆင့် ဆင့် ၏ (၈၃)နှစ်ပြည့် မွေးနေ့ အထိမ်းအမှတ်အတွက် အလှူငွေကျပ် ၁၃၀၀၀၀ ကို ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် မြေနီကုန်း ကျောင်းလမ်းနှင့် (ဂမုန်းပွင့်ဘေးလမ်း) အောင်တော်မူလမ်းရှိ မြန်မာနိုင်ငံဗုဒ္ဓဂယာကျောင်း ဩဝါဒါစရိယ ဆရာတော် ဦးလက္ခဏထံ ဆက်ကပ်လှူဒါန်းစဉ်။ (က-ပ)

သီတဂူ ရေအလှူတော် အထူးတရားပွဲ

ရန်ကုန် ဧပြီ ၂၄

အရှင်ပညာသာရနှင့် ဘိုးဘွား၊ မိဘတို့အား အမှူးထား၍ ဦးမြင့်ဆွေဦး-ဒေါ်သီတာစိုး၊ ကိုစောနိုင်ဦး မိသားစုတို့၏ သီတဂူ ရေအလှူတော်ပွဲကြီးကို မေ၃ရက်တွင် သစ္စာအောင်မြေဆရာတော် အရှင်ဝိမလ(ကမ္မဋ္ဌာနာစရိယ) မိုးကုတ် ဝိပဿနာ မင်္ဂလာတိုက်အောင်မြေ မိုးကုတ်မြို့၊ မေ ၄ရက်တွင် သီတဂူဆရာတော် ဒေါက်တာအရှင်ဉာဏိဿရM.A,Ph.D (B.H.U)သာသနဓဇဓမ္မာစရိယ အပြည်ပြည် ဆိုင်ရာ ထေရဝါဒဗုဒ္ဓတက္ကသိုလ်၊ မေ ၅ရက်တွင် သီတဂူအရှင်ဒေဝိန္ဒာဘိဝံသ သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်၊ မေ၆ရက်တွင် သဲကုန်းသပိတ်အိုင်သီတဂူဆရာတော် ဒေါက်တာအရှင်ဉာဏိဿရ (D.Litt), Ph.D သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ် အဓိပတိတို့က ညစဉ် ၇နာရီတွင် ပေါ်တော်မူဘုရားဝင်း ဗဟိုလမ်း (၂)ရပ်ကွက် သမိုင်းလမ်းဆုံ မရမ်းကုန်းမြို့နယ်၌ လေးရက်တိုင်တိုင် တရားတော်များ ဟောကြားမည်ဖြစ်ပါ၍ ဆက်သွယ်လှူဒါန်းလိုပါက ဦးမြင့်ဆွေဦး-ဒေါ်သီတာစိုး၊ ကိုစောနိုင်ဦး အမှတ်(၁၀) ဦးအောင်ဘွင့်လမ်း (၂)ရပ်ကွက်(သမိုင်း) မရမ်းကုန်း မြို့နယ် ရန်ကုန်မြို့ ဖုန်း-၆၆၃၀၄၂၊ ၀၉-၈၀၃၁၆၈၄၊ ၀၉-၈၀၃၃၃၇၅ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(က-ပ)**

ရွှေသံလွင်အထူးတရားပွဲ

ရန်ကုန် ဧပြီ ၂၄

ရန်ကုန်တိုင်း ဗိုလ်တထောင်မြို့နယ် အောက်ပုဇွန်တောင်လမ်းမ ရွှေညော့်သည် ကားဂိတ်နေရာတွင် အဂ္ဂမဟာသီရိသုဓမ္မမဏိဇောတဓရ ဦးသိန်းဝင်းနှင့် အဂ္ဂမဟာ သီရိသုဓမ္မသီဂီ ဒေါ်နီ(ရွှေသံလွင်ကုမ္ပဏီ)၏အထူးတရားပွဲ ကျင်းပမည်ဖြစ်ရာ ဧပြီ ၂၅ရက်တွင် သီတဂူဆရာတော် ဒေါက်တာ အရှင်ဉာဏိဿရ ဆရာတော်က လည်းကောင်း၊ ဧပြီ ၂၆ရက်တွင် ပြည်တွင်း ပြည်ပသာသနာပြု အောင်ဆန်း မိုးကုတ်ဆရာတော် အရှင်သဒ္ဓမ္မကိတ္တိသာရဆရာတော်က လည်းကောင်း၊ ဧပြီ ၂၇ရက်တွင် ကမ္ဘာ့ဗုဒ္ဓသာသနာပြု ချမ်းမြေ့ဆရာတော်က လည်းကောင်း ညစဉ် ၇နာရီတိတိတွင် နိဗ္ဗာန်ရောက်ကြောင်း တရားတော်များ ဟောကြားမည်ဖြစ်ရာ ကြွရောက် တရားနာယူနိုင်ကြောင်း သိရသည်။ **(က-ပ)**

လှူဒါန်း

တေးသံရှင် ဖြူဖြူကျော်သိန်းက ဗဟန်းမြို့နယ် ဇီဝိတဒါန သံဃာ့ဆေးရုံကြီးသို့ ထာဝရ ဆေးပဒေသာပင် အလှူငွေကျပ် နှစ်သိန်းငါးသောင်းကို မွေးနေ့အထိမ်းအမှတ်အဖြစ် လှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ဝင် ဦးတင်မောင်ဝင်းက လက်ခံယူစဉ်။ (က-ပ)

ခါနွေဦးသင်တန်းဖွင့်ပွဲ မင်းတပ်၌ ကျင်းပ

ချင်းပြည်နယ်မင်းတပ်ခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းက ကြီးမှူးဖွင့်လှစ်သော လူငယ်ရေးရာ လှုပ်ရှားမှု(ခါနွေဦးကာလ)ဒေသအဆင့် ကြံ့ခိုင်ရေးသင်တန်းဖွင့်ပွဲအခမ်းအနားကို မတ် ၂၇ရက် နံနက် ၉နာရီက မင်းတပ်မြို့ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်းခန်းမ၌ ကျင်းပရာ မင်းတပ်ခရိုင်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးသန်းမြင့်က အမှာစကားပြောကြားပြီး ပြည်နယ်အသင်း အလုပ်အမှုဆောင်ဦးအောင်ဂေလိန်းက သင်တန်းဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။ **(က-ပ)**

ပါဠိပထမပြန်စာမေးပွဲ ပြင်ဦးလွင်၌ ကျင်းပ

ပြင်ဦးလွင်မြို့နယ် ၁၃၆၈ခုနှစ် ပါဠိပထမပြန် အကြီး၊ အလတ်၊ အငယ် စာမေးပွဲကို တန်ခူးလဆန်း ၈ရက်မှ တန်ခူးလပြည့်နေ့အထိ ပြင်ဦးလွင်မြို့နယ် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း စာဖြေဌာနတွင် ကျင်းပရာ စာဖြေသံဃာ ၃၂၈ပါး ဝင်ရောက်ဖြေဆိုကြသည်။

စာပြန်ပွဲတွင် မြို့နယ်သံဃနာယက ဩဝါဒါစရိယဆရာတော်ကြီးများ၊ အထူးကြီးကြပ်ရေး ဆရာတော်များနှင့် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ ဦးအေးလွင်နှင့်အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ ရပ်ကွက်ဥက္ကဋ္ဌများက ကြီးကြပ်ဆောင်ရွက်ပေးကြသည်။ (၂၈၀)

သီးနှံများ အောင်မြင်ဖြစ်ထွန်းရေး စုပေါင်းကာကွယ်ဆေးဖျန်း

ကချင်ပြည်နယ် ကာမိုင်းမြို့နယ် စည်ပင်သာယာရေး အဖွဲ့ဝန်ထမ်းများ သက်သာချောင်ချိရေးအတွက် အဖွဲ့ပိုင် စိုက်ခင်းအတွင်း စိုက်ပျိုးထားရှိသော အာလူး၊ ခရမ်းချဉ်၊ ဘူး စသည့် စားဖိုဆောင်သုံး သီးနှံပင်များ အောင်မြင် ဖြစ်ထွန်းစေရန် မတ်၅ရက်က မြို့နယ်တာဝန်ခံ ဦးဆန်း အောင်နှင့် ဝန်ထမ်းများ ပိုးမွှားအန္တရာယ်ကာကွယ် ဆေးဖျန်းခြင်း၊ ပေါင်းသင်မြေဆွခြင်း လုပ်ငန်းတို့ကို စုပေါင်း ဆောင်ရွက်ကြသည်။ (၄၁၆)

မြန်မာ့အလင်း

ပြည်တွင်း သတင်း အတိုအထွာ

ဝက်လက် ထွေ/အုပ် ဝန်ထမ်းဝတ်စုံပေးအပ်

ရွှေဘိုခရိုင် ဝက်လက်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဝန်ထမ်းများ၊ တူညီဝတ်စုံပေးအပ်ပွဲကို မတ်၁၂ရက် ညနေ ၄ နာရီက မြို့နယ်ရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ ဝက်လက်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မြို့နယ်အုပ်ချုပ်ရေးမှူးဦးကျော်နိုင်က အဖွင့် အမှာစကားပြောကြားပြီး မြို့နယ်အုပ်ချုပ်ရေးမှူးက ဝန်ထမ်း၂၅ဦးအား တစ်ဦးလျှင် ငွေကျပ်၁၂၀၀၀နှုန်းဖြင့် စုစုပေါင်း ငွေကျပ်သုံးသိန်းကျော်ဖိုးရှိ ဝန်ထမ်းဝတ်စုံများပေးအပ်ကြောင်း သိရသည်။ (မြို့နယ် ပြန်/ဆက်)

ကွမ်းလုံတွင် စုပေါင်းရှင်ပြု

ရှမ်းပြည်နယ် (မြောက်ပိုင်း) ကွမ်းလုံမြို့ နယ်မြေခံ တပ်နယ် မိသားစုနှင့် နယ်စပ်ဒေသ တိုင်းရင်းသား လူငယ်များ ဖွံ့ဖြိုးရေးကျောင်းမှ ရှင်သာ မဏေ ၁၃၅ ပါး ဒုတိယ အကြိမ်မြောက် စုပေါင်းရှင်ပြုပွဲ အလှူတော် မင်္ဂလာအခမ်းအနားကို မတ် ၂၅ ရက်က တပ်နယ်ခန်းမ၌ ကျင်းပရာ တောင်တန်းသာသနာပြု (ဗဟို) ကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တဉာဏိကထံမှ တရားတော်များ နာယူကြပြီး နယ်မြေခံတပ်နယ်မှ ဗိုလ်မှူးကြီးတင်အောင်နှင့် အလှူရှင်များက ရှင်သာမဏေ ၁၃၅ ပါးနှင့် သီလရှင်ရှစ်ပါးတို့အား သာသနာ့ဘောင်သို့ သွတ်သွင်းချီးမြှင့်ကာ ပင့်သံဃာတို့အား လှူဖွယ်ပစ္စည်းများနှင့် နေ့ဆွမ်းဆက်ကပ်လှူဒါန်းပြီး လှူဒါန်းမှုအစုစုအတွက် ရေစက် သွန်းချ အမျှပေးဝေကြောင်း သိရ သည်။ (ခရိုင်ပြန်/ဆက်)

နွေရာသီလူငယ်ရေးရာသင်တန်းနှင့် အမှုဆောင် စီမံခန့်ခွဲရေးသင်တန်းဖွင့်

ကချင်ပြည်နယ် မိုးညှင်း ခရိုင် ပြည်ထောင်စုကြံ့ခိုင် ရေးနှင့် ဖွံ့ဖြိုးရေးအသင်းနှင့် ဖားကန့်မြို့နယ်ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး အသင်းတို့ ပူးပေါင်း၍ နွေရာသီ လူငယ်ရေးရာ သင်တန်းအမှတ်စဉ် (၁)နှင့် ရပ်ကွက်/ကျေးရွာ အုပ်စု အမှုဆောင်များ စီမံခန့်ခွဲ ရေး ဆင့်ပွားသင်တန်း အမှတ်စဉ်(၁၀) ဖွင့်ပွဲကို ဧပြီ ၃ရက် နံနက် ၉နာရီက ဖားကန့်မြို့နယ် ဒွန်ဘန် ကျေးရွာ အထက်တန်း ကျောင်းခန်းမ၌ ကျင်းပ ကြောင်း သိရသည်။ **(ပြည်နယ် ကြံ့ခိုင်ဖွံ့ဖြိုးရေး)**

သစ်မျိုးစုံစိုက်ခင်းတည်ထောင်မည့် ပုဂ္ဂိုလ်၊ အဖွဲ့အစည်းများ တွေ့ဆုံ

သထုံမြို့နယ် သစ်တောဦးစီးဌာနကကြီးမှူး၍ သစ်မျိုးစုံစိုက်ခင်း တည်ထောင်မည့် ပုဂ္ဂိုလ်၊ အဖွဲ့အစည်းများနှင့် တွေ့ဆုံဆွေးနွေးပွဲ အခမ်းအနားကို မတ် ၂၄ရက် နံနက် ၁၀နာရီက သထုံမြို့နယ် မြေနီကုန်း ပျိုးဥယျာဉ် စည်းဝေးခန်းမတွင် ကျင်းပရာ မွန်ပြည်နယ် သစ်တောဦးစီးဌာန ညွှန်ကြားရေးမှူး ဦးအေးမောင်၊ လက်ထောက်ညွှန်ကြားရေးမှူး ဦးငြိမ်းဦး၊ သထုံခရိုင် လက်ထောက်ညွှန်ကြားရေးမှူး ဦးလှထွန်း၊ သထုံမြို့နယ် ဦးစီးအရာရှိ ဦးသန်းစိန်နှင့် ပုဂ္ဂလိက သစ်မျိုးစုံစိုက်ခင်း တည်ထောင်မည့် ပုဂ္ဂိုလ်များ၊ အဖွဲ့အစည်းများ၊ လေ့လာသူများ တက်ရောက်ကြပြီး သစ်မျိုးစုံစိုက်ခင်း တည်ထောင်ခြင်းနှင့် ပတ်သက်သည့် သိသင့်သိထိုက်သော အချက်အလက်များကို အသေးစိတ် ရှင်းလင်းဆွေးနွေးခဲ့ကြောင်း သိရသည်။

(ခရိုင် ပြန်/ဆက်)

စာကြည့်တိုက်များ ရေရှည်တည်တံ့ရေးဆွေးနွေး

ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန(ရုံးချုပ်)မှ လက်ထောက် ညွှန်ကြားရေးမှူး ဦးကျော်ဝင်းအောင်သည် မွန်ပြည်နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးဝင်းကြည်နှင့်အတူ ဧပြီ ၃ရက်မှ ၅ရက်အထိ သထုံခရိုင်နှင့် မော်လမြိုင်ခရိုင် အတွင်းရှိ စာကြည့်တိုက်များနှင့် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနရုံးများကို လှည့်လည် ကြည့်ရှုစစ်ဆေးပြီး စာကြည့်တိုက်များ ရေရှည်တည်တံ့ခိုင်မြဲရေး လုပ်ငန်းများ ဆောင်ရွက်နိုင်ရေး အတွက် စာကြည့်တိုက်ကော်မတီဝင်များ၊ ကျေးရွာရပ်မိရပ်ဖများ၊ ကျေးရွာဥက္ကဋ္ဌများအား တွေ့ဆုံ ဆွေးနွေး မှာကြားပြီး လိုအပ်သည်များ ပံ့ပိုး ကူညီ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ (ခရိုင် ပြန်/ဆက်)

လူမှုအလွှာစုံ ထိတွေ့ရင်ဆိုင်နေရသည့် အခက်အခဲမှာ ယာဉ်တိုက်မှုအန္တရာယ်ဖြစ် ကမ္ဘာ့ယာဉ်တိုက်မှုကြောင့် သေဆုံးမှုကို တစ်နာရီ လူ ၁၄၀ ခန့်သေဆုံးနေ လူသားအရင်းအမြစ်နှင့် ဓနအင်အားဆုံးရှုံးမှု ဟန့်တားနိုင်ရန် အာရုံစိုက်ဆောင်ရွက်

ရန်ကုန် ဧပြီ ၂၄

ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်း စစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်လှဋ္ဌေးဝင်းသည် ယမန်နေ့နံနက် ၈ နာရီက ရန်ကုန်မြို့ ပြည်လမ်းရှိ အပြည်ပြည်ဆိုင်ရာ စီးပွားရေးလုပ်ငန်း ဗဟိုဌာနအဆောက်အအုံ၌ ကျင်းပသည့် ရန်ကုန်တိုင်း ယာဉ်စည်းကမ်းထိန်းသိမ်းရေး ကြီးကြပ်မှုကော်မတီ ပထမအကြိမ် ကုလသမဂ္ဂကမ္ဘာလုံးဆိုင်ရာ လမ်းအန္တရာယ်ကင်းရှင်းရေး ရက်သတ္တပတ်လှုပ်ရှားမှု အခမ်းအနားသို့ တက်ရောက်အမှာစကား ပြောကြားသည်။ (အပေါ်ပုံ)

အခမ်းအနားသို့ ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီဥက္ကဋ္ဌ မြို့တော်ဝန်ဗိုလ်မှူးချုပ်အောင်သိန်းလင်း၊ ဒုတိယမြို့တော်ဝန်ဗိုလ်မှူးကြီးမောင်ပါ၊ ရန်ကုန်တိုင်း ယာဉ်စည်းကမ်းထိန်းသိမ်းရေး ကြီးကြပ်မှုကော်မတီဝင်များ၊ ပထမအကြိမ် ကုလသမဂ္ဂကမ္ဘာလုံးဆိုင်ရာ လမ်းအန္တရာယ်ကင်းရှင်းရေး ရက်သတ္တပတ်လှုပ်ရှားမှု အခမ်းအနားဖြစ်မြောက်ရေးကော်မတီဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ကုလသမဂ္ဂ လက်အောက်ခံအဖွဲ့အစည်းများမှ ဌာနေကိုယ်စားလှယ်၊ မော်တော်ယာဉ်လိုင်းများမှ တာဝန်ရှိသူများ၊ ဆရာ၊ ဆရာမများ၊ ဆုရကျောင်းသားကျောင်းသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်လှဋ္ဌေးဝင်းက အဖွင့်အမှာစကားပြောကြားရာတွင်-

ယနေ့ ကမ္ဘာ့နိုင်ငံအသီးသီး၌ လူမှုအလွှာစုံ ထိတွေ့ ရင်ဆိုင်နေရသည့် ကမ္ဘာလုံးဆိုင်ရာ အခက်အခဲတစ်ခုမှာ ယာဉ်တိုက်မှု အန္တရာယ်ပင်ဖြစ်ကြောင်း။

အထူးအာရုံစိုက်ဆောင်ရွက်

ယာဉ်အန္တရာယ် ကင်းရှင်းရေး လုပ်ငန်းများကို လုပ်ရိုးလုပ်စဉ်အတိုင်းသာ ဆောင်ရွက်မည်ဆိုလျှင် လက်ရှိကမ္ဘာ့အသေအပျောက်၏ ယာဉ်တိုက်မှုကြောင့်သေဆုံးမှုသည်အဆင့်(၉) ကနေ လာမည့် ၂၀၂၀ ပြည့်နှစ်တွင် ကမ္ဘာ့အဆင့် (၃) အထိ ရောက်ရှိသွားနိုင်ကြောင်း ပညာရှင်များက ဆိုထားကြောင်း။ ကမ္ဘာ့ယာဉ်တိုက်မှုကြောင့် သေဆုံးမှုကို တစ်နေ့တာ တွက်ချက်ကြည့်မည်ဆိုလျှင် နေ့စဉ် လူ ၃၃၀၀ ခန့် တစ်နာရီ လူ ၁၄၀ ခန့် သေဆုံးနေသည်ကို တွေ့ရကြောင်း။ ဤမျှနေ့စဉ် သေဆုံးနေသည်ကို လူများအနေဖြင့် ဂရုမမူမိကြသည်ကို တွေ့ရကြောင်း။ လူသားအရင်းအမြစ် ဆုံးရှုံးမှု၊ ဓနအင်အားဆုံးရှုံးမှုများ တစ်စတစ်စ တိုးပွားမှုကို ဟန့်တားနိုင်ရန် နည်းလမ်းများ၊ လူထုအလေးထားမှုများ အတွက် အထူးအာရုံစိုက်ဆောင်ရွက်ရန် လိုအပ်လျက်ရှိကြောင်း။

ထို့ကြောင့် ၂၀၀၃ ခုနှစ်က စပြီး ကမ္ဘာ့ကုလသမဂ္ဂမှာ “ကမ္ဘာ့လမ်းအန္တရာယ် ကင်းရှင်းမှုတိုးတက်ကောင်းမွန်ရေး”(Improving Global Road Safety) ခေါင်းစဉ်နှင့် ဆွေးနွေးမှုများ၊ ဆုံးဖြတ်ချက်များ စဉ်ဆက်မပြတ်ဆောင်ရွက်ခဲ့ပြီး၊ ထိုသို့ဆောင်ရွက်ရာ

ကုလသမဂ္ဂ ဖွံ့ဖြိုးမှု အစီအစဉ် (UNDP) ဌာနေကိုယ် စား လှယ် Mr. Charles Petrie က ကုလသမဂ္ဂ အထွေထွေ အတွင်းရေးမှူးချုပ်၏သဝဏ်လွှာကို ဖတ်ကြားစဉ်။
(သတင်းစဉ်)

တွင် ကမ္ဘာ့ကျန်းမာရေးအဖွဲ့(World Health Organization- WHO)နှင့် ကုလသမဂ္ဂဒေသဆိုင်ရာကော်မရှင်များ (United Nations Regional Commissions)ပူးပေါင်းဆောင်ရွက်သွားကြရန်လည်း ကမ္ဘာ့ကုလသမဂ္ဂက တိုက်တွန်း ထားသည်ကို တွေ့ရှိရကြောင်း။

ဖိတ်ခေါ်တိုက်တွန်းထား

၂၀၀၅ ခုနှစ် အောက်တိုဘာ ၂၆ ရက်တွင် ကျင်းပခဲ့သည့် ကုလသမဂ္ဂ အထွေထွေညီလာခံ (၃၈)ကြိမ်မြောက် စုံညီအစည်းအဝေးတွင် အဆိုပါ “ကမ္ဘာ့လမ်း အန္တရာယ်ကင်းရှင်းမှု တိုးတက်ကောင်းမွန်လာစေရေး” ခေါင်းစဉ်နှင့် ဆုံးဖြတ်ချက် အမှတ် ၆၀/၅ ကို ချမှတ်နိုင်ခဲ့ကြောင်း။ ယင်းဆုံးဖြတ်ချက်မှာ လမ်းအန္တရာယ် ကင်းရှင်းရေးအတွက် ကမ္ဘာ့နိုင်ငံ အသီးသီးတို့ ပူးပေါင်းဆောင်ရွက်ရမည့် အစီအစဉ်များအနက် “ပထမအကြိမ် ကုလသမဂ္ဂကမ္ဘာလုံးဆိုင်ရာ လမ်းအန္တရာယ်ကင်းရှင်းရေး ရက်သတ္တပတ်” လှုပ်ရှားမှုများကို ကမ္ဘာ့လှုပ်ရှားမှုအဖြစ် ၂၀၀၇ ခုနှစ် ဧပြီ ၂၃ ရက်မှ ၂၉ ရက်အထိ ကျင်းပရန်အတွက် ပါဝင်ရာ နိုင်ငံအသီးသီးတွင် ကျင်းပရန် ဖိတ်ခေါ်တိုက်တွန်းထားကြောင်း။

တစ်ပြိုင်နက်ဆောင်ရွက်သွားမည်

ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံ တစ်နိုင်ငံဖြစ်သည့် မြန်မာနိုင်ငံသည်လည်း “ပထမအကြိမ် ကုလသမဂ္ဂ ကမ္ဘာလုံးဆိုင်ရာ လမ်းအန္တရာယ်ကင်းရှင်းရေး ရက်သတ္တပတ်လှုပ်ရှားမှု”မှာ အင်တိုက်အားတိုက် ပါဝင်ဆောင်ရွက်ရန်အတွက် ၂၀၀၇ခုနှစ် နှစ်စမှစ၍ လိုအပ်သည့် ကော်မတီများ ဖွဲ့စည်းပြီး ကြိုတင်ဆောင်ရွက်မှုများကို ဆောင်ရွက်ခဲ့ကြောင်း။ အထူးသဖြင့် အခြေခံပညာကျောင်းများမှာ ယာဉ်အန္တရာယ် ကင်းရှင်းရေးနှင့် ပတ်သက်သည့် စာစီစာကုံး၊ ပိုစတာနှင့် ပန်းချီပြိုင်ပွဲများ ဆောင်ရွက်ခဲ့ပြီး ယနေ့အစီအစဉ်မှာ ဆုရရှိသူများကို ဆုချီးမြှင့်သွားမှာဖြစ်ကြောင်း။ ရက်သတ္တပတ် လှုပ်ရှားမှုများအဖြစ် ရန်ကုန်မြို့တော်အတွင်း လမ်းများ အဆင့်မြှင့်တင်မှုများ ဆောင်ရွက်ခြင်း၊ လှုပ်ရှားမှု ပိုစတာများ စိုက်ထူခြင်း၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း သရုပ်ပြ အခမ်းအနားကျင်းပခြင်း၊ လမ်းအသုံးပြုသူများ စနစ်တကျသွားလာကြစေရန် အချက်အချာကျသည့် လူကူးမီးပွိုင့်များတွင် ယာဉ်ထိန်းရဲ၊ နယ်မြေရဲနှင့် NGO များ ပူးပေါင်း အသိပညာပေး ဆောင်ရွက်ခြင်း၊ ခရီးသည်တင် ယာဉ်လိုင်းများ၏ ဂိတ်နေရာများတွင် ယာဉ်မောင်း၊ ယာဉ်နောက်လိုက်၊ ခရီးသွားပြည်သူများ၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေး ဟောပြောခြင်း၊ လက်ကမ်းစာစောင်များ ဖြန့်ဝေခြင်း၊ ယာဉ်လိုင်းတာဝန်ရှိသူများ၊ NGO များနှင့် ပူးပေါင်းပြီး ယာဉ်ရပ်မှတ်တိုင်များမှာ ယာဉ်မောင်း၊ ယာဉ်နောက်လိုက်၊ ခရီးသွားပြည်သူများအား အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ခြင်းများကို ရက်သတ္တပတ်အတွင်း ပြုလုပ်သွားမှာဖြစ်ကြောင်း။ ထို့အပြင် လှုပ်ရှားမှု အစီအစဉ်များကို မန္တလေး၊ လားရှိုး၊ တောင်ကြီး၊ ပဲခူးစသည့် မြို့ကြီးများမှာလည်း တစ်ပြိုင်နက် ဆောင်ရွက်သွားမှာဖြစ်ကြောင်း။

ယာဉ်အန္တရာယ် ကင်းရှင်းရေးအတွက် နိုင်ငံတော်အနေနှင့် ၁၉၈၉ ခုနှစ်ကစပြီး “ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ”ကို ဖွဲ့စည်းခဲ့ပြီး ပညာပေးလုပ်ငန်းများ၊ စစ်ဆေးအရေးယူခြင်းလုပ်ငန်းများ စဉ်ဆက်မပြတ် ဆောင်ရွက်ခဲ့ခြင်းကြောင့် ယာဉ်မတော်တဆမှုများကို ထိန်းသိမ်းနိုင်သည့် အခြေအနေတွင် ရှိကြောင်း တွေ့ရှိရကြောင်း။

၂၀၀၄ ခုနှစ်မှာ အာဆီယံနိုင်ငံများ၏ လမ်းအန္တရာယ် ကင်းရှင်းရေးစီမံချက်ကို အာရှဖွံ့ဖြိုးရေးဘဏ် အစီအစဉ်နှင့် ဆောင်ရွက်ခဲ့ပြီး မြန်မာနိုင်ငံ၏ ယာဉ်အန္တရာယ် ကင်းရှင်းရေးလုပ်ငန်းအစီအစဉ်များကို ရေးဆွဲနိုင်ခဲ့ကြောင်း။

လမ်းအန္တရာယ်ကင်းရှင်းရေး

ကုလသမဂ္ဂ ကမ္ဘာလုံးဆိုင်ရာ လမ်းအန္တရာယ် ကင်းရှင်းရေး ရက်သတ္တပတ် လှုပ်ရှားမှုသည် မိမိတို့ဆောင်ရွက်နေသည့် မြန်မာနိုင်ငံ၏ ယာဉ်အန္တရာယ် ကင်းရှင်းရေးလုပ်ငန်းကို ပိုမိုနိုးကြားလာစေပြီး အထောက်အကူဖြစ်စေလျက်ပြည်သူများယာဉ်အန္တရာယ် ကင်းရှင်းရေးအတွက် အဘက်ဘက်က ကြိုးပမ်းသွားမည်ဖြစ်ကြောင်းဖြင့် ပြောကြားသည်။

သဝဏ်လွှာဖတ်ကြား

ယင်းနောက် ကုလသမဂ္ဂဖွံ့ဖြိုးမှု အစီအစဉ် (UNDP)ဌာနေကိုယ်စားလှယ် Mr. Charles Petrie က ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးချုပ်၏ သဝဏ်လွှာကို ဖတ်ကြားသည်။

ထို့နောက် UNDP ဌာနေကိုယ်စားလှယ်က စာစီစာကုံးနှစ်သိမ့်ဆုရရှိသူ မယွန်းလဲ့ခင်နှင့် မအိမြတ်မွန်တို့အား လည်းကောင်း၊ WHO ဌာနေကိုယ်စားလှယ်က ပန်းချီနှစ်သိမ့်ဆုရရှိသူ မဖြိုးဖြိုးမြတ်သူနှင့် မသိမ့်သဇ္ဈာလှိုင်တို့အား လည်းကောင်း ဆုများချီးမြှင့်သည်။

ဆက်လက်၍ ယာဉ်စည်းကမ်းထိန်းသိမ်းရေး ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးကြီးကျော်ကျော်ထွန်းက ပိုစတာနှစ်သိမ့်ဆုရမောင်ပိုင်ဟိန်းထွန်းနှင့် မသိမ့်သဇ္ဈာညွန့်တို့အား ဆုများချီးမြှင့်သည်။

ယင်းနောက် ဒုတိယမြို့တော်ဝန် ဗိုလ်မှူးကြီးမောင်ပါက စာစီစာကုံး တတိယဆုရ မအိသဇ္ဈာကြည်၊ ဒုတိယဆုရ မသက်ဆွေဇင်နှင့် ပထမဆုရ မဆွေဇင်စိုးတို့အား ဆုများချီးမြှင့်သည်။

ဆက်လက်၍ ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီဥက္ကဋ္ဌ မြို့တော်ဝန်ဗိုလ်မှူးချုပ်အောင်သိန်းလင်းက ပန်းချီပြိုင်ပွဲ တတိယဆုရ မဖူးသဇ္ဈာနိုင်၊ ဒုတိယဆုရမဆုထိပ်ထားနှင့် ပထမဆုရမခိုင်မေသူတို့အားဆုများချီးမြှင့်သည်။

ထို့နောက် ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်လှဋ္ဌေးဝင်းက ပိုစတာပြိုင်ပွဲ တတိယဆုရ မောင်စည်သူအောင်၊ ဒုတိယဆုရ မပိုင်းစန္ဒီထွန်းနှင့် ပထမဆုရ မစုလှိုင်ထွန်းတို့အား ဆုများချီးမြှင့်ပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အခမ်းအနားအပြီးတွင် တိုင်းမှူးနှင့်အဖွဲ့ဝင်များ၊ တာဝန်ရှိသူများနှင့် ဧည့်သည်တော်များသည် ပထမအကြိမ် ကုလသမဂ္ဂ ကမ္ဘာလုံးဆိုင်ရာ လမ်းအန္တရာယ်ကင်းရှင်းရေး ရက်သတ္တပတ် လှုပ်ရှားမှု ဌာနဆိုင်ရာ ပြကွက်များ၊ ဆုရ ကျောင်းသား ကျောင်းသူများ၏ စာစီစာကုံး၊ ပန်းချီ၊ ပိုစတာများကို လှည့်လည် ကြည့်ရှု အားပေးကြသည်။

ဂါရဝပြုပေးအပ်

ယင်းနောက်တိုင်းမှူး၊ မြို့တော်ဝန်နှင့် တာဝန်ရှိသူများ၊ ဧည့်သည်တော်များအား ယာဉ်စည်းကမ်း ထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးကြီးကျော်ကျော်ထွန်းက အထိမ်းအမှတ် လက်ဆောင်များကို ဂါရဝပြုပေးအပ်သည်။

ကြည့်ရှုစစ်ဆေး

အခမ်းအနား မစတင်မီ နံနက် ၇နာရီက ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ် လှဋ္ဌေးဝင်းနှင့် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန်ဗိုလ်မှူးချုပ်အောင်သိန်းလင်းတို့က ရန်ကုန်-အင်းစိန်လမ်း၊ ပါရမီလမ်းနှင့် ရွာမကျောင်း လမ်းကြားရှိ ရန်ကုန်မြို့တော် စည်ပင်သာယာရေး ကော်မတီက အကုန်အကျခံဆောင်ရွက်ပေးသည့် အရှည်ပေ ၈၅၀၀၊ အကျယ် ၆၆ပေရှိ ခြောက်လမ်းသွား ကတ္တရာကွန်ကရစ်လမ်းမကြီးကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြပြီး လမ်းကိုလှည့်လည်ကြည့်ရှုစစ်ဆေးကြသည်။

(သတင်းစဉ်)

ဓမ္မသာကစ္ဆာအဖွဲ့ချုပ် ဩဝါဒခံယူပွဲနှင့် စာအောင်ဆုနှင်းသဘင် ကျင်းပမည်

ရန်ကုန် ဧပြီ ၂၄

ရွှေတိဂုံစေတီတော်(စနေထောင့်)ရွှေတောင်ငွေတောင်တန်ဆောင်း နိကာယ်ငါးရပ်ဝင် ဓမ္မသာကစ္ဆာအဖွဲ့ချုပ်၏ (၃၂)ကြိမ်မြောက် ဩဝါဒါစရိယဆရာတော်ကြီးများထံမှ ဩဝါဒခံယူပွဲ၊ (၂၄)ကြိမ်မြောက် အဘိဓမ္မာ၊ ဂုဏ်ထူးဆောင် အဘိဓမ္မာနှင့် ဝိသုဒ္ဓိမဂ် စာအောင်ဆုနှင်းပွဲ၊ ခြောက်ကြိမ်မြောက် အသက် ၇၅ နှစ်အထက် အသင်းဝင်ပုဂ္ဂိုလ်များအား သက်ကြီးပူဇော်ပွဲနှင့် အဖွဲ့ချုပ်၏ (၃၂)ကြိမ်မြောက် နှစ်ပတ်လည် အစည်းအဝေးများကို မေ ၁၃ ရက် (တနင်္ဂနွေနေ့)နံနက် ၈နာရီမှစတင်၍ ရန်ကင်းမြို့နယ် ဘောက်ထော် မာလာမြိုင်လမ်းရှိ နှစ်ကျိပ်ရှစ်ဆူ ဓမ္မာရုံကြီးတွင် ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

(က-ပ)

စစ်ကိုင်းတိုင်း ကသာခရိုင် ပင်လည်ဘူးမြို့ ပေတာအုပ်စု ကြာအင်းရွာနေ အဖ ဦးအောင်ဘ၊ အမိ ဒေါ်ငွေမြိုင်၊ ဒေါ်လှတင်၊ အစ်ကိုကြီး ဦးမောင်ဦးတို့ကို ရည်စူး၍ ဦးပေါ်မြား၊ ဒေါ်ချစ်မြတို့ကို အမှူးထားပြီး ဦးမောင်ဖူး၊ ဒေါ်သန်းစိန်၊ ညီမ မစိန်ဌေး၊ သမီး မစန်းစန်းဦး၊ မဇင်မာကြည်၊ သား မောင်နေဆန်းဝင်း မိသားစုတို့က ဆွမ်းပဒေသာပင်နှင့် ဆေးပဒေသာပင် ငွေကျပ် ၁၀သိန်းကို နှင်းဆီကုန်းဘိုးဘွားရိပ်သာ အုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးကျော်ရှိန်ထံ ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

ရှင်းလင်းတင်ပြ

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဗိုလ်ချုပ်ကြီး သူရရွှေမန်းအား ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေ ရှင်းလင်းတင်ပြစဉ်။ (သတင်းစဉ်)

● **ရှေ့ဖုံးမှ**

ဒုတိယ ဗိုလ်ချုပ်ကြီးမြင့်ဆွေ၊ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်လှဌေးဝင်း၊ ပို့ဆောင်ရေးဝန်ကြီးဌာနဝန်ကြီးဗိုလ်ချုပ်သိန်းဆွေ၊ မင်္ဂလာဒုံလေတပ်စခန်းဌာနချုပ် ဌာနချုပ်မှူး ဗိုလ်မှူးချုပ်ဇင်ယော်နှင့် တပ်မတော်အရာရှိကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများကကြိုဆိုကြသည်။

ရှင်းလင်းတင်ပြ

ထို့နောက် ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်တိုးချဲ့အဆောက်အအုံ ရှင်းလင်းခန်းမ၌ ဗိုလ်ချုပ်ကြီးသူရရွှေမန်းအား ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ် တိုးချဲ့အဆောက်အအုံ တည်ဆောက်မှု၊ လေယာဉ်ပြေးလမ်း တိုးချဲ့ခြင်းလုပ်ငန်းများနှင့် စပ်လျဉ်း၍ ပဏာမ ရှင်းလင်းတင်ပြသည်။

ယင်းနောက် လေကြောင်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးထွန်းလှိုင်က ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်တိုးချဲ့အဆောက်အအုံ၏ အကျယ်အဝန်း၊ ကြမ်းခင်းဧရိယာ အသုံးပြုမှု၊ ကားရပ်နားရန်နေရာတည်ဆောက်မှု၊ လေယာဉ်ဆိုက်ကပ် ပေါင်းကူးတံတားလေးခု တည်ဆောက်မှု၊ ဓာတ်လှေကား ငါးစီးနှင့် ရွေ့လျားစက်လှေကားသုံးစီး တည်ဆောက်မှုများ၊ လေယာဉ်ပြေးလမ်း တိုးချဲ့တည်ဆောက်မှုများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

တည်ဆောက်ပြီးစီးမှု

ဆက်လက်၍ အေရှားဝေါလ် ကုမ္ပဏီလီမိတက် စီမံကိန်းဒါရိုက်တာ ဦးမောင်ကျေးက လေဆိပ်တိုးချဲ့အဆောက်အအုံ တည်ဆောက်ပြီးစီးမှု အခြေအနေများနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း လေယာဉ်ကွင်းဆောက်လုပ်ရေးစီမံကိန်းအထူးအဖွဲ့(၂)ရန်ကုန်မှ ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးကျော်လှိုင်က တိုးချဲ့လေယာဉ်ပြေးလမ်း ပေ ၃၁၀၀ x ပေ၂၀၀ တည်ဆောက်ပြီးစီးမှု၊ လေယာဉ်သွားလမ်း Taxi Way ပေ ၃၁၀၀ x ပေ၁၀၀ ဆက်လက် တည်ဆောက်မည့် အစီအစဉ်များနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ပူးပေါင်းဆောင်ရွက်

ရှင်းလင်းတင်ပြသည်များနှင့် စပ်လျဉ်း၍ နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင် ဗိုလ်ချုပ်ကြီးသူရရွှေမန်းက နိုင်ငံတော်၏ ဂုဏ်သိက္ခာ၊ အဆင့်အတန်းနှင့် လျော်ညီစေရန် ရန်ကုန် အပြည်ပြည်ဆိုင်ရာ လေဆိပ်တိုးချဲ့ရေး စီမံကိန်းကို နိုင်ငံတော်က ကုန်ကျငွေများစွာရင်းနှီးမြှုပ်နှံပြီး နိုင်ငံတကာအဆင့် စံချိန်စံညွှန်းမီရန် ဆောင်ရွက်ထားကြောင်း၊ ၎င်းအဆောက်အအုံကြီးကို အသုံးပြုသည့်အခါ စနစ်တကျ ဆောင်ရွက်သွားကြရန်နှင့် လေယာဉ်စီး ခရီးသည်များ လုံခြုံချောမွေ့ စိတ်ချမ်းမြေ့စွာသွားလာနိုင်ရေးအတွက် သန့်ရှင်းသပ်ရပ်ရေးကို အလေးထားဆောင်ရွက်ရန်လိုကြောင်း၊ လေယာဉ်စီး ခရီးသည်များအား အပြည့်အဝ ဝန်ဆောင်မှုပေးနိုင်ရန်အတွက်လိုအပ်သည်များကို သက်ဆိုင်ရာ ဌာနများ အချင်းချင်း ပူးပေါင်းညှိနှိုင်းဆောင်ရွက်သွားကြရန် မှာကြားသည်။

ယင်းနောက် ဗိုလ်ချုပ်ကြီးသူရရွှေမန်းသည် ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ် တိုးချဲ့အဆောက်အအုံ တည်ဆောက်ပြီးစီးမှုအခြေအနေများကို လှည့်လည်ကြည့်ရှု စစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များကို မှာကြားကာ နံနက်ပိုင်းတွင် ပြန်လည်ထွက်ခွာသွားသည်။

(သတင်းစဉ်)

အရည်အသွေးတိုးတက်မြင့်မားရေးသင်တန်းများ လက်တွေ့လုပ်ငန်းခွင်တွင် စနစ်တကျအကျိုးရှိစွာဆောင်ရွက်

နေပြည်တော် ဧပြီ ၂၄

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၏ ဌာနဆိုင်ရာ ဘာသာရပ်များပို့ချမှု ရက်တိုသင်တန်းဖွင့်ပွဲကို ယနေ့နံနက် ၁၀ နာရီက နေပြည်တော်ရှိ အဆိုပါဝန်ကြီးဌာန၏ အစည်းအဝေးခန်းမ၌ကျင်းပရာ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်မောင်မောင်ဆွေ တက်ရောက်၍ အမှာစကားပြောကြားသည်။

တက်ရောက်

အဆိုပါအခမ်းအနားသို့ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ဝင်းစိန်၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနနှင့် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနတို့မှ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယ ညွှန်ကြားရေးမှူးချုပ်များ၊ ညွှန်ကြားရေးမှူးများနှင့် တာဝန်ရှိသူများ၊ သင်တန်းတာဝန်ခံနှင့် သင်တန်းနည်းပြများ၊ သင်တန်းသားများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အမှာစကားပြော

အစီအစဉ်အရ ဝန်ကြီး ဗိုလ်ချုပ်မောင်မောင်ဆွေက အမှာစကားပြောကြားရာတွင် ဌာနအလိုက်လုပ်ငန်းတာဝန်များ ထိထိရောက်ရောက် တိုးမြှင့်ဆောင်ရွက်နိုင်ရေးနှင့် အရည်အသွေးများ တိုးတက်မြင့်မားလာစေရေး အတွက် ယခုကဲ့သို့ သင်တန်းများဖွင့်လှစ်ပို့ချရခြင်းဖြစ်ကြောင်း၊ ယခုအခါ ဝန်ကြီးဌာနအနေဖြင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများလွယ်ကူလျင်မြန်စွာ ထုတ်ပေးနိုင်ရေးအတွက် နိုင်ငံတစ်ဝန်း လှုပ်ရှားမှု တစ်ရပ်အနေဖြင့် အကောင်အထည်ဖော် ဆောင်ရွက်ပေးလျက်ရှိပြီး နိုင်ငံသားစိစစ်ရေးကတ်ပြားထုတ်ပေးခြင်းလုပ်ငန်း ဆောင်ရွက်ရာတွင် လက်မှတ်ရေးထိုးခွင့်ကိုတစ်ဆင့်လျှော့ ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ နိုင်ငံသားအရည်အချင်းရှိသူ၊ ရသင့်သူ မှန်သမျှ နိုင်ငံသားစိစစ်ရေးကတ်ပြား ရရှိကိုင်ဆောင်နိုင်ရေး အရှိန်အဟုန်မြှင့်ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ထိုသို့ဆောင်ရွက်ရာတွင် မိမိဌာနဝန်ထမ်းများသည် အခြားဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များဖြင့် ပူးပေါင်းကာ လုပ်ငန်းများ အောင်မြင်ရေးအတွက် မှန်ကန်မြန်ဆန်စွာ ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ ယခုသင်တန်းမှ ပို့ချမည့် ဘာသာရပ်များကို လက်တွေ့လုပ်ငန်းခွင်တွင် စနစ်တကျအကျိုးရှိစွာ အသုံးချ ဆောင်ရွက်နိုင်ရေးအတွက် ကြိုးပမ်းဆောင်ရွက်ကြစေလိုကြောင်း ဖြင့် အကျယ်တဝင့် ရှင်းလင်းမှာကြားပြီး ဖွင့်ပွဲ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ကြာမြင့်မည်

အဆိုပါသင်တန်းသို့အရာရှိအဆင့် သင်တန်းသား ၁၄ ဦး တက်ရောက်ကြပြီး သင်တန်းကာလမှာ ရက်သတ္တလေးပတ်ကြာမြင့်မည် ဖြစ်သည်။

(သတင်းစဉ်)

အမှာစကားပြောကြား

လူဝင်မှု ကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်မောင်မောင်ဆွေ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၏ ဌာနဆိုင်ရာ ဘာသာရပ်များ ပို့ချမှု ရက်တိုသင်တန်းဖွင့်ပွဲတွင် အမှာစကား ပြောကြားစဉ်။ (သတင်းစဉ်)

ဆန်စပါးကုန်သည်များအသင်း အဆောက်အအုံသစ်ဖွင့်ပွဲနှင့် အသင်းသားစုံညီအစည်းအဝေး ရက်ပြောင်းလဲကျင်းပမည်

ရန်ကုန် ဧပြီ ၂၄

မြန်မာနိုင်ငံ ဆန်စပါးကုန်သည်များအသင်းအဆောက်အအုံသစ်ဖွင့်ပွဲနှင့် ဒသမအကြိမ် အသင်းသားစုံညီအစည်းအဝေးကို ဧပြီ ၂၈ရက်(စနေနေ့)တွင် ကျင်းပမည့်အစား မေလတွင် ကျင်းပမည်ဖြစ်၍ ကျင်းပမည့်ရက်ကို ကြေညာသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(က-ပ)**

အောင်စကြာ ဘဒ္ဒန္တစန္ဒသူရိယတရားပွဲ

ရန်ကုန် ဧပြီ ၂၄

ရန်ကုန်တိုင်း လမ်းမတော်မြို့နယ် သရက်တောကျောင်းတိုက် အောင်စကြာတိုက်ကျောင်း၏ ဦးစီးပဓာနနာယက မဟာဓမ္မကထိက ဗဟုဇနဟိတဓရ ဘဒ္ဒန္တစန္ဒသူရိယ အောင်စကြာ ဆရာတော်သည် အထူးတရားပွဲကို ဧပြီ ၂၈ရက်ညတွင် ဗဟန်းမြို့နယ် ရွှေတိဂုံစေတီတော်ကြီး၏ အရှေ့မုခ် ကြားတောရလမ်း မင်္ဂလာဈေးဓမ္မဗိမာန်တော်ကြီးတွင် ည ၇နာရီမှစ၍ နိဗ္ဗာန်ရောက်ရေးနည်းလမ်းပေးတရားတော်ကို ဟောကြားတော်မူမည်ဖြစ်ပြီး ဆရာတော် ဖုန်း- ၀၁-၂၂၄၆၈၀ နှင့် ၀၉-၅၁၁၈၅၃၀ တို့သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။ **(က-ပ)**

မော်လမြိုင်ကောလိပ်သတ္တဗေဒ ကျောင်းသားဟောင်းများ မြတ်ဆရာ ပူဇော်မည်

ရန်ကုန် ဧပြီ ၂၄

မော်လမြိုင်ကောလိပ် သတ္တဗေဒ (၁၉၇၅-၇၉)ကျောင်းသား ကျောင်းသူဟောင်းများ၏ ပထမအကြိမ် မြတ်ဆရာပူဇော်ပွဲနှင့် မိတ်ဆုံပွဲကို ဧပြီ ၃၀ ရက် (တနင်္လာနေ့)နံနက် ၁၀ နာရီတွင် ရန်ကုန်မြို့ ဆိပ်ကမ်းမြို့နယ် ဝါးတန်းဖောတံတားအမှတ်(၁)၊ (၂)ရှိ UCAN စားသောက်ဆိုင် (ယခင် ရေပေါ်ဟိုတယ်)၌ ကျင်းပမည်ဖြစ်သည်။ ဆရာဆရာမများနှင့် ၁၉၇၅-၇၉ သတ္တဗေဒ ကျောင်းသား ကျောင်းသူဟောင်းများ မပျက်မကွက် တက်ရောက်ကြပါရန်နှင့် အလှူငွေထည့်ဝင်လိုပါက ဦးခင်မောင်လွင်-ဒေါ်မြင့်မြင့်မော် ဖုန်း-၀၁-၇၀၄၇၈၇၊ ၀၉-၅၀-၂၁၈၆၄၊ ဦးလှမြင့်- ဒေါ်တင်တင်ရှိန် ဖုန်း-၀၁-၆၈၀၅၈၉၊ ၀၉-၅၁- ၂၅၃၈၄၊ ဦးမြင့်ဆွေ ဖုန်း-၀၅၂- ၂၁၇၄၂၊ ၀၉-၅၃-၀၀၂၅၇၊ ဦးပြုံးချို ဖုန်း-၀၅၂-၂၂၀၈၁၊ ဒေါ်အေးအေးနွယ်(မလေး) ဖုန်း-၀၅၇-၂၅၁၄၇၊ ၀၉-၅၃-၂၂၁၀၄၊ ဒေါ်ဝင်းဝင်းဌေး ဖုန်း-၀၅၇-၂၅၀၁၃၊ ၀၉-၅၃-၂၀၈၉၆ နှင့် ဦးအောင်ခင် ဖုန်း-၀၅၇-၂၃၀၈၈ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(က-ပ)**

ဘဏ္ဍာရေးသဘောတရား အခြေခံအောင်ဟောပြောမည်

ရန်ကုန် ဧပြီ ၂၄

မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ်နှင့်မြန်မာနိုင်ငံ ပုစွန်လုပ်ငန်းရှင်များအသင်းတို့ပူးပေါင်းစီစဉ်မှု၊ Shwe Kyi Than Trading၏ပံ့ပိုးကူညီမှုတို့ဖြင့် ဧပြီ ၂၈ရက် (စနေနေ့) မွန်းလွဲ၂ နာရီခွဲတွင် မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ် သီရိအဏ္ဏဝါခန်းမ၌ ရန်ကုန်စီးပွားရေးတက္ကသိုလ် ပါမောက္ခချုပ်(အငြိမ်းစား) ဦးမော်သန်းက ဘဏ္ဍာရေး အစီရင်ခံစာများ၏ သဘောတရား အခြေခံအောင် ခေါင်းစဉ်ဖြင့် ဟောပြောမည်ဖြစ်ရာ စိတ်ပါဝင်စားသူများ တက်ရောက်နိုင်ကြောင်း သိရသည်။ **(က-ပ)**

မီးသတ်ဦးစီးဌာနချုပ် သက်ကြီးပူဇော်ပွဲကျင်းပ

ရန်ကုန် ဧပြီ ၂၄

မီးသတ်ဦးစီးဌာနချုပ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းနှင့် အမျိုးသမီးရေးရာအဖွဲ့ဝင်များကအသက်(၈၀)အထက် သက်ကြီးဘိုးဘွား ၂၂ ဦးအား ပထမအကြိမ် သက်ကြီးပူဇော်ပွဲနှင့် လှူဖွယ်ပစ္စည်းများ ပေးအပ်လှူဒါန်းပွဲကို ဧပြီ ၁၇ ရက် (မြန်မာနှစ်ဆန်းတစ်ရက်နေ့)နံနက် ၉ နာရီတွင် ရန်ကုန်မြို့ရှိ မီးသတ်ဦးစီးဌာနချုပ် သီတာခန်းမ၌ ကျင်းပခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ကမ္ဘောဒီးယား ဒုတိယဝန်ကြီးချုပ်နှင့် အဖွဲ့အား ဝန်ကြီးဦးညဏ်ဝင်းနေပြည်တော်လေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်

နေပြည်တော် ဧပြီ ၂၄

ပြည်ထောင်စုမြန်မာနိုင်ငံတော်တွင် ချစ်ကြည်ရေးခရီးလည်ပတ်ရန်ရောက်ရှိနေသော ကမ္ဘောဒီးယားနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးနှင့် အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန ဝန်ကြီးမစ္စတာ ဟော်နမ်ဟောင်နှင့် အဖွဲ့သည် ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ကမ္ဘောဒီးယားနိုင်ငံ သံအမတ်ကြီး H.E.Mr. Hul Phany လိုက်ပါလျက် ယနေ့ညနေပိုင်းတွင် လေကြောင်းခရီးဖြင့် နေပြည်တော်မှ ပြန်လည်ထွက်ခွာသွားသည်။

ပို့ဆောင်နှုတ်ဆက်

ကမ္ဘောဒီးယားနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးနှင့်အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန ဝန်ကြီး မစ္စတာဟော်နမ်ဟောင်နှင့်အဖွဲ့အား နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီးဦးညဏ်ဝင်း၊ နိုင်ငံခြားရေးဝန်ကြီးဌာနမှ ဌာနဆိုင်ရာ အကြီးအကဲများနှင့် တာဝန်ရှိသူများက နေပြည်တော်လေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်ကြသည်။

အမှတ်တရလက်ဆောင်

ရှေးဦးစွာ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီးဦးညဏ်ဝင်းက နေပြည်တော်လေဆိပ် ဧည့်ခန်းမ၌ ဧည့်သည်တော် ကမ္ဘောဒီးယားနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးနှင့်စအပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန ဝန်ကြီး မစ္စတာဟော်နန်ဟောင်နှင့်အဖွဲ့အား နေပြည်တော်ခရီးစဉ်မှတ်တမ်းအယ်လ်ဘမ်နှင့် စီဒီခွေတို့ကို အမှတ်တရလက်ဆောင်အဖြစ် ပေးအပ်လိုက်သည်။ **(သတင်းစဉ်)**

ဝန်ကြီး ဦးညဏ်ဝင်း ကမ္ဘောဒီးယားနိုင်ငံ ဒုတိယဝန်ကြီးချုပ် မစ္စတာ ဟော်နမ်ဟောင်အား နေပြည်တော် လေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်စဉ်။ (သတင်းစဉ်)

ရန်ကုန်တောင်ပိုင်းခရိုင် အမျိုးသမီးရေးရာအဖွဲ့ ယဉ်ကျေးလိမ္မာစာရိတ္တ ပညာသင်တန်းဖွင့်

ရန်ကုန် ဧပြီ ၂၄

ရန်ကုန်တောင်ပိုင်းခရိုင် အမျိုးသမီးရေးရာအဖွဲ့က ကြီးမှူးဖွင့်လှစ်သော ယဉ်ကျေးလိမ္မာစာရိတ္တပညာသင်တန်းဖွင့်ပွဲ အခမ်းအနားကို ဧပြီ ၂၃ရက် နံနက် ၁၀နာရီတွင် ရန်ကုန်တောင်ပိုင်းခရိုင် သန်လျင်မြို့နယ်ရှိ သာသနာ့ဗိမာန်တော်ကြီး၌ ကျင်းပသည်။

ရှေးဦးစွာ ရန်ကုန်တိုင်း အမျိုးသမီးရေးရာအဖွဲ့ နာယက ဒေါ်မာမာဝေက သင်တန်းဖွင့်အမှာ စကားပြောကြားပြီး ခရိုင်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ခင်ဝင်းမြင့်ထံ ယဉ်ကျေးလိမ္မာစာရိတ္တပညာ စာအုပ်များကို ပေးအပ်သည်။

အဆိုပါ သင်တန်းကို ဧပြီ ၂၆ရက် အထိ ဖွင့်လှစ်မည်ဖြစ်ပြီး သင်တန်းသူ ၂၀၃ဦး တက်ရောက်လျက်ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဝိဘင်္ဂပါဠိတော်ကျမ်းအတွက် ငွေများလှူဒါန်း

ရန်ကုန် ဧပြီ ၂၄

"ကြေးပိဋကတ်တော်"အဘိဓမ္မာပိဋကဝင် နှစ်ကျမ်းမြောက် "ဝိဘင်္ဂပါဠိတော်ကျမ်း"အတွက် ဦးဆောင်ဆရာတော် ဘဒ္ဒန္တဉာဏ (အစိုးရဓမ္မာစရိယ၊ မဟာဂန္ထဝါစကပဏ္ဍိတ)အရှင်မြတ်ထံသို့ ဒဂုံမြို့သစ်(မြောက်ပိုင်း) ၄၆ ရပ်ကွက် မိုးမခလမ်း အမှတ် ၄၃ နေ နှစ်ဖက်သော မိဘများ အားရည်စူး၍ ဦးမြင့်သွင်–ဒေါ်ခင်မေသင်း၊ ကျောက်တံတားမြို့နယ် မဟာဗန္ဓုလလမ်း ငါးလွှာ အခန်း(၈) အမှတ်(၂၀၉)နေ ဒေါ်ကြင်ကြင်၊ဒေါ်ထွေးကြင်၊ ဒေါ်ထွေးကြူ၊ လှိုင်သာယာမြို့နယ် FMI CITY၊ ရွှေသရဖီ ၁လမ်း အမှတ်(၅၁–H)နေ ဦးအေးကျော်၊ မြစ်ကြီးနားမြို့ မြို့မရပ် အမှတ်(၇၂)နေ ဦးမောင်မောင်–ဒေါ်မိငယ် (ကားပစ္စည်းဆိုင်)၊ ကျောက်တံတားမြို့နယ်၊ ၃၇လမ်း၊ အမှတ်(၁၅၃) ပထမထပ်နေ ဖခင်ကြီးအား ရည်စူး၍ မိခင် ဒေါ်ကျင်ဝိုက်နှင့် သမီး ဒေါ်သူဇာပုလဲနှင့် မိဘနှစ်ပါးအားရည်စူး၍ ဒေါ်တင်တင်ခိုင်၊ ကျောက်တံတားမြို့နယ် ၃၇လမ်း အမှတ်(၁၅၃) ဒုတိယထပ်နေ ဘိုးဘွားမိဘ နှစ်ပါးအား ရည်စူး၍ ဒေါ်ခင်စောရီ၊ တာမွေမြို့နယ် ကျောက်မြောင်း ရတနာလမ်း ခြောက်လွှာ အမှတ်(၈)နေ မိဘနှစ်ပါးအား ရည်စူး၍ ဒေါ်ခင်တင့်၏ (၇၁နှစ်ပြည့်) မွေးနေ့အလှူ၊ ပုဇွန်တောင်မြို့နယ် ရေကျော်ရပ်ကွက် အိမ်ကြီးလမ်း အခန်း(၆/A)အမှတ်(၁၇)နေ မိဘနှစ်ပါးအား အမှူးထား၍ ကိုနေလင်းထွန်း (၂၆နှစ်ပြည့်) မွေးနေ့အလှူ၊ လသာမြို့နယ် အမှတ်(၂)ရပ်ကွက် ၁၈လမ်း အခန်း(၃၀၂) အမှတ်(၇၇/၈၉)နေ မိခင် ဒေါ်ခင်ကြည်၊ ဦးစိုးဝင်း–ဒေါ်မြင့်မြင့်ကြည်၊ အလုံမြို့နယ် ဌာနရပ်ကွက် ဧရာဝတီလမ်း လေးလွှာ(ခ) အမှတ်(၇)နေ ဦးတင်ဝင်း–ဒေါ်လှလှသိန်း၊ သမီး မသွယ်သွယ်ဝင်းဖြူ၊ သား မောင်ဖြိုးဝေဝင်း၊ မော်လမြိုင်မြို့ ဖေယျာမြိုင်ရပ်ကွက် ကျိုက္ခမီလမ်း အမှတ်(၂၅)နေ ဒုတိယ ဗိုလ်မှူးကြီးကျော်ငြိမ်း–ဒေါ်ခင်စန်း၊ ကန်ကြီးထောင့်မြို့နေ နှစ်ဖက်သောမိဘများအား ရည်စူး၍ ဦးတင်မောင်–ဒေါ်လှယဉ်၊ မင်္ဂလာတောင်ညွန့်မြို့နယ် ကန်တော်ကလေး ဒေါ်သိန်းတင်လမ်း အမှတ်(၃၅)နေ ဒေါက်တာဦးမင်းသိန်း(မျက်စိအထူးကုဆရာဝန်ကြီး)–ဒေါ်ကြည်ကြည်ဦး၊ သား ဒေါက်တာစိုးလှိုင်မင်း၊ ဒေါက်တာ စန်းလှိုင်မင်း၊ လှိုင်မြို့နယ်မြကန်သာအိမ်ရာနေ ဒေါက်တာစိုးလှိုင်မင်း–ဒေါက်တာ တင်မိုးအောင်၊ တောင်ဥက္ကလာပမြို့နယ် ၁၁ရပ်ကွက် ၇လမ်း အမှတ်(၂၈၁)နေ ကိုခင်အေး–မခင်မြသိန်းနှင့် ဦးကျော်ပွင့်–ဒေါ်သထာနု မိသားစုတို့က ကြေးပြားတစ်ချပ်စီ အသီးသီးလာရောက်လှူဒါန်းကြသည်။

အလှူရှင်များ လှူဒါန်းလိုပါက ကြေးပြားတစ်ချပ် အလှူငွေကျပ် ၂၅၀၀၀ဖြင့် ဖုန်း–၅၄၈၈၀၅ သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

(က–ပ)

ရွှေလီ–မန်စံ–ရွှေစာရုံ ဓာတ်အားလိုင်းနှင့် ဓာတ်အားခွဲရုံ စီမံကိန်းများ သတ်မှတ်ကာလအတွင်း အချိန်မီပြီးစီးအောင် ကြပ်မတ်ဆောင်ရွက်

နေပြည်တော် ဧပြီ ၂၄

အမှတ်(၂)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ခင်မောင်မြင့်သည် ဧပြီ ၂၂ ရက် မွန်းလွဲပိုင်းတွင် တာဝန်ရှိသူများလိုက်ပါလျက် မန္တလေးတိုင်း ပုသိမ်ကြီးမြို့နယ် ထုံးဖိုဘူတာရုံသို့ရောက်ရှိပြီး ကေဗွီ (၂၃၀) ရွှေလီ–မန်စံ–ရွှေစာရုံမဟာဓာတ်အားလိုင်းစီမံကိန်းသို့ မီးရထားတွဲများဖြင့် ဆက်လက်ပို့ဆောင်မည့် ကေဗွီ (၂၃၀) ဓာတ်အားလိုင်းကြိုးခွေများကို သွားရောက်ကြည့်ရှုစစ်ဆေးရာ စီမံကိန်းညွှန်ကြားရေးမှူးဦးတင်ရွှေက ရွှေလီ–မန်စံ–ရွှေစာရုံ ကေဗွီ(၂၃၀) ဓာတ်အားလိုင်း စီမံကိန်းသို့ ပစ္စည်းများရောက်ရှိမှု၊ လုပ်ငန်းခွင်သို့ ဆက်လက်ပို့ဆောင်မှုများကို ရှင်းလင်းတင်ပြသည်။

ကြည့်ရှုစစ်ဆေး

ထို့နောက် ဝန်ကြီးက စီမံကိန်းလုပ်ငန်းများကို သတ်မှတ်ချိန်အတွင်း အမြန်ဆုံးပြီးစီးရန် စစ်ဆေးကြပ်မတ်သွားကြရေးမှာကြားပြီး (၂၃၀)ကေဗွီ ဓာတ်အားလိုင်းကြိုးခွေများ မီးရထားတွဲတင်နေမှုကို ကြည့်ရှုစစ်ဆေးသည်။

ရှင်းလင်းတင်ပြ

ဆက်လက်၍ ဝန်ကြီးနှင့် အဖွဲ့သည် ပုသိမ်ကြီးမြို့နယ် (၂၃၀)ကေဗွီ ရွှေစာရုံ ဓာတ်အားခွဲရုံသို့ ရောက်ရှိရာ ဓာတ်အားပို့လွှတ်ရေးစီမံကိန်း မန်နေဂျာ ဦးဇော်ရဲမြင့်က ကျောက်မဲ–ရွှေစာရုံ အပိုင်း တာဝါတိုင် စိုက်ထူခြင်း၊ ဓာတ်အားလိုင်း Right of Way တောရှင်းခြင်း၊ ဖောင်ဒေးရှင်း မြေကျင်းတူးခြင်း၊ ပစ္စည်းစုဆောင်းခြင်းလုပ်ငန်းများကို ရှင်းလင်းတင်ပြသည်။

ဖြည့်စွက်

ယင်းနောက် ဓာတ်အားပို့လွှတ်ရေး စီမံကိန်း(မြောက်ပိုင်း) စီမံကိန်း ညွှန်ကြားရေးမှူး ဦးတင်ရွှေက ရွှေလီ–မန်စံ–ရွှေစာရုံ မဟာဓာတ်အားလိုင်း တည်ဆောက်မှုတွင် ရွှေလီ–ကျောက်မဲ အပိုင်းနှင့် ကျောက်မဲ–ရွှေစာရုံ အပိုင်း တို့ကို နှစ်ပိုင်းခွဲ၍ တာဝန်ယူဆောင်ရွက်လျက်ရှိရာတွင် ရာသီဥတုအပေါ်မူတည်ပြီး လုပ်ငန်းများ ပြောင်းရွှေ့လုပ်ကိုင်ဆောင်ရွက်နိုင်ရန် အစီအစဉ်များ ချမှတ်ဆောင်ရွက်လျက်ရှိကြောင်း၊ လိုင်းပစ္စည်းများ သယ်ဆောင်ရာတွင် လိုအပ်သော ယာဉ်များအခြေအနေ၊ တာဝါတိုင်စိုက်ထူခြင်းတွင် အသုံးပြုမည့် ကျောက်၊သဲများစုဆောင်းခြင်း၊ ယာဉ်ယန္တရားများဖြင့် လုပ်ငန်းသုံးလမ်း (Access Road)ဖောက်လုပ်မှု များကို ဖြည့်စွက် ရှင်းလင်းတင်ပြသည်။

အထောက်အကူပြု

ထို့နောက် ဝန်ကြီးက တင်ပြမှုများအပေါ် မှာကြားရာတွင် ရွှေလီ–မန်စံ–ရွှေစာရုံဓာတ်အားလိုင်းနှင့် ရွှေလီ ဓာတ်အားခွဲရုံ၊ မန်စံ ဓာတ်အားခွဲရုံ၊ ရွှေစာရုံ ဓာတ်အားခွဲရုံ စီမံကိန်းများသည် နိုင်ငံတော် အကြီးအကဲ၏ လမ်းညွှန်ချက်များဖြင့် အကောင်အထည်ဖော်ဆောင်ရွက်နေသည့် စီမံကိန်းကြီးများဖြစ်သဖြင့် သတ်မှတ်ကာလအတွင်း ပြီးစီးရေးသည် အဓိကဖြစ်ကြောင်း၊ လုပ်ငန်း လိုအပ်ချက်များကို တင်ပြတောင်းခံပြီး ကျန်ရှိသောလုပ်ငန်းများကို သတ်မှတ်ကာလအတွင်း အချိန်မီပြီးစီးအောင် ကြပ်မတ်ဆောင်ရွက်သွားစေလိုကြောင်း၊ မိမိတို့ ဝန်ကြီးဌာနက ဆောင်ရွက်နေသည့် (၂၃၀)ကေဗွီ မဟာဓာတ်အားလိုင်းတည်ဆောက်ပြီးစီးပါက နိုင်ငံတော်၏ စက်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်မှုနှင့် ဒေသများပါ ဖွံ့ဖြိုးတိုးတက်ရန် အထောက်အကူပြုမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ဝန်ကြီးနှင့်အဖွဲ့သည် ရွှေလီ–မန်စံ(၂၃၀)ကေဗွီ မဟာဓာတ်အားလိုင်း သွယ်တန်းမည့် နောင်ချိုမြို့နယ် ဂုတ်ထိပ်တံတားအနီးရှိ ဂုတ်ထိပ်တောင်ကြားကို ဖြတ်သန်းသွယ်တန်းမည့် တာဝါတိုင် အမှတ်(၃၂၄)နှင့် (၃၂၅)တိုင်များစိုက်ထူမည့် မြေအခြေအနေကို ကြည့်ရှုစစ်ဆေးပြီး ဓာတ်အားလိုင်းကြိုးများ စနစ်တကျရှိစေရေး၊ အန္တရာယ်ကင်းရှင်းစေရေးနှင့် သတ်မှတ် ကာလအတွင်း အချိန်မီပြီးစီးရေး မှာကြားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

အပူချိန်
(၂၄–၄–၂၀၀၇)

နေပြည်တော်
၄၂ ဒီဂရီစင်တီဂရိတ်
ဇန်းမော်
၃၄ ဒီဂရီစင်တီဂရိတ်
ထားဝယ်
၃၆ ဒီဂရီစင်တီဂရိတ်
သထုံ
၃၉ ဒီဂရီစင်တီဂရိတ်
ကျောက်တော်
၃၇ ဒီဂရီစင်တီဂရိတ်
ရန်ကုန်(ကမ္ဘာအေး)
၄၀ ဒီဂရီစင်တီဂရိတ်
မန္တလေး
၄၀ ဒီဂရီစင်တီဂရိတ်
မုံရွာ
၄၁ ဒီဂရီစင်တီဂရိတ်
ချောက်၊ သာယာဝတီ
၄၃ ဒီဂရီစင်တီဂရိတ်

ကမ္ဘောဒီးယား ဒုတိယဝန်ကြီးချုပ်နှင့်အဖွဲ့အား နေပြည်တော်တည်ဆောက်ရေးလုပ်ငန်းများရှင်းလင်း

နေပြည်တော် ဧပြီ ၂၄

ပြည်ထောင်စုမြန်မာနိုင်ငံတော်တွင် ချစ်ကြည်ရေးခရီးလည်ပတ်ရန် ရောက်ရှိနေသော ကမ္ဘောဒီးယားနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးနှင့် အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာနဝန်ကြီး မစ္စတာ ဟော်နမ်ဟောင်နှင့်အဖွဲ့သည် နိုင်ငံခြားရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ကမ္ဘောဒီးယားနိုင်ငံသံအမတ်ကြီး H.E Mr. Hul Phany လိုက်ပါလျက် ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်မြို့တော်ခန်းမသို့ ရောက်ရှိကြရာ နေပြည်တော်စည်ပင်သာယာရေးကော်မတီ အတွင်းရေးမှူး ဦးထွန်းကြည်နှင့် ကော်မတီဝင်များ၊ ဌာနမှူးများက ကြိုဆိုကြသည်။

ရှင်းလင်းဖြေကြား

ထို့နောက် မြို့တော်ခန်းမ ပထမထပ်ရှိခန်းမဆောင်၌ ဧည့်သည်တော် ဒုတိယဝန်ကြီးချုပ်နှင့် အဖွဲ့အား နေပြည်တော် စည်ပင်သာယာရေးကော်မတီအတွင်းရေးမှူးက နေပြည်တော်၏ တည်နေရာနှင့် အကျယ်အဝန်း၊ လွှတ်တော်အဆောက်အအုံနှင့် ရုံးဌာနများ၊ ဝန်ထမ်းအိမ်ရာများနှင့် အဆင့်မြင့်ဈေးများ၊ ဟိုတယ်ဇုန်၊ မြို့တော်ခန်းမလဟာပြင်ဇာတ်ရုံ တည်ဆောက်ပြီးစီးမှုအခြေအနေများ၊ လမ်းဆုံအဝိုင်းများ၊ တံတားများ၊ ဂေါက်ကွင်းများနှင့် လမ်းမကြီးများ တစ်လမ်းနှင့် တစ်လမ်း ဆက်စပ်ဖောက်လုပ်နေမှု အခြေအနေများကို ရှင်းလင်းပြောကြားပြီး ဧည့်သည်တော် ဒုတိယဝန်ကြီးချုပ်၏ မေးမြန်းချက်များကို ပြန်လည်ရှင်းလင်းဖြေကြားသည်။

လက်မှတ်ရေးထိုး

ယင်းနောက်ဧည့်သည်တော်ဒုတိယဝန်ကြီးချုပ်သည် ဧည့်သည်တော်မှတ်တမ်းစာအုပ်တွင် လက်မှတ်ရေးထိုးသည်။

ဆက်လက်၍ ဧည့်သည်တော် ဒုတိယဝန်ကြီးချုပ်အား နေပြည်တော်စည်ပင်သာယာရေးကော်မတီ အတွင်းရေးမှူးက အမှတ်တရလက်ဆောင်အဖြစ် နေပြည်တော်မြို့တော်ခန်းမဓာတ်ပုံကို ပေးအပ်သည်။**(အပေါ်ဝဲပုံ)**

ထို့နောက် ဧည့်သည်တော် ဒုတိယဝန်ကြီးချုပ်နှင့်အဖွဲ့သည် နေပြည်တော်မြို့တော်ခန်းမမှ ပြန်လည်ထွက်ခွာသွားပြီး နေပြည်တော်အတွင်း မော်တော်ယာဉ်ဖြင့် လှည့်လည်ကြည့်ရှုလေ့လာကြသည်။ **(သတင်းစဉ်)**

ဧပြီ ၂၄ ရက်က အစ္စရေးနိုင်ငံ လွတ်လပ်ရေးနေ့အထိမ်းအမှတ်ဧည့်ခံပွဲသို့ တက်ရောက်လာသော နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်သူနှင့် ဇနီးတို့အား ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ အစ္စရေးနိုင်ငံသံအမတ်ကြီး H.E. Mrs.Ruth Schatz ကြိုဆိုနှုတ်ဆက်စဉ်။ (သတင်းစဉ်)

တရုတ်နိုင်ငံ ဂေါင်စီပြည်နယ် လိုကျူ့မြို့၌ အရှည် ၉၃ မီတာ၊ အမြင့် ၈ မီတာရှိ အဆောက်အအုံနံရံ၌ ယဉ်ကျေးမှုအနုပညာ ဓာတ်ဝင်ခန်းပုံသဏ္ဌာန် ပန်းပုရုပ်များ ထုလုပ်ထားသည်ကို မေ ၂၁ ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

လေယာဉ်မယ် ဂျက်စီကာတန် စင်ကာပူအလှမယ်အဖြစ် ရွေးချယ်ခံရ

စင်ကာပူ မေ ၂၄

စင်ကာပူနိုင်ငံ၏ ၂၀၀၇ ခုနှစ် အလှမယ်ရွေးချယ်ပွဲကို မေ ၂၂ ရက်က ကျင်းပခဲ့ရာ လေယာဉ်မယ်တစ်ဦးဖြစ်သူ အသက် ၂၄နှစ်အရွယ်ရှိ ဂျက်စီကာတန်က အခြားပြိုင်ဘက် ၁၆ဦးအား ကျော်ဖြတ်ကာ အလှမယ်ဘွဲ့ ဆွတ်ခူးရရှိခဲ့သည်။

၂၀၀၇ခုနှစ် စင်ကာပူအလှမယ်အဖြစ် ရွေးချယ်ခံရသော ဂျက်စီကာတန်သည် အလှမယ်ရွေးချယ်ခြင်းခံရသည့်အတွက် ဆုကြေးငွေ စင်ကာပူဒေါ်လာ ၂၅၀၀၀ ကို လက်ခံရရှိခဲ့သည်။

ဝင်ရောက်ယှဉ်ပြိုင်

ယခုကဲ့သို့ စင်ကာပူအလှမယ် ရွေးချယ်ခံခဲ့ရသည့် ဂျက်စီကာတန်သည် မက္ကဆီကိုနိုင်ငံတွင် လာမည့် မေလ၌ ကျင်းပမည့် ၂၀၀၇ခုနှစ် မယ်စကြာဝဠာ ရွေးချယ်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်ခွင့် ရရှိမည်ဖြစ်သည်။

ရွေးချယ်ခံရ

ဂျက်စီကာတန်သည် ကိုယ်ကာယ အလှမယ်အဖြစ်လည်း ရွေးချယ်ခံရသူဖြစ်ပြီး စင်ကာပူအလှမယ် ရွေးချယ်ပွဲကို အမှတ်-၅ ရုပ်မြင်သံကြား သတင်းလိုင်းမှ ထုတ်လွှင့်ပြသခဲ့သည်။

တက်ရောက်ခွင့်ရရှိ

ဂျက်စီကာတန်သည် ယခုနှစ် တစ်နှစ်လုံးအတွက် စင်ကာပူမယ်အဖြစ် ရပ်တည်ခွင့်ရရှိမည်ဖြစ်သည့်အပြင် အခမ်းအနားများသို့လည်း တက်ရောက်ခွင့် ရရှိမည်ဖြစ်သည်။

အမ်အင်န်အေ၊ဆင်ဟွာ

ဇမ်ဘီယာ ကျန်းမာရေးကဏ္ဍအတွက် ကနေဒါက ဆေးဝါးများထောက်ပံ့မည်

လူဆာကာ မေ ၂၄

ဇမ်ဘီယာနိုင်ငံ၏ ကျန်းမာရေးကဏ္ဍသို့ အမေရိကန် ဒေါ်လာ ၁၇ ဒသမ ၆ သန်း လှူဒါန်းရန် ကနေဒါ အစိုးရက ပြောကြားကြောင်း ကနေဒါအရာရှိတစ်ဦးက ပြောကြားသည်။

မိမိတို့အနေဖြင့် အမေရိကန်ဒေါ်လာ ၁၇ ဒသမ ၆သန်း လှူဒါန်းရန်အတွက် သဘောတူညီမှု တစ်ရပ်ကို လက်မှတ်ရေးထိုးမည် ဖြစ်ကြောင်း ဇမ်ဘီယာနိုင်ငံဆိုင်ရာ ကနေဒါ သံတမန် ဂျွန်ဒီယယ်က ပြောကြားသည်ဟု ဇမ်ဘီယာ ဒေးလီမေးလ် သတင်းစာက မေ ၁၉ ရက်၌ ဖော်ပြသည်။

ထောက်ပံ့

ဇမ်ဘီယာနိုင်ငံ၏ ကျန်းမာရေးကဏ္ဍအတွက် ကနေဒါ အစိုးရက ဆေးဝါးပစ္စည်းများ ထောက်ပံ့ဖြည့်ဆည်းပေးမည် ဖြစ်ကြောင်း ၎င်းက ပြောကြားသည်ဟု အဆိုပါသတင်းစာ၌ ဖော်ပြသည်။

အမ်အင်န်အေ၊ဆင်ဟွာ

ဗြိတိသျှ သတင်းထောက် နိုင်ဂျီးရီးယားတွင်နိုင်ရိုဘီ၌ ဖမ်းဆီးခံရ

နိုင်ရိုဘီ မေ ၂၄

ဗြိတိသျှ သတင်းထောက်တစ်ဦးနှင့် ကင်ညာအဖော်တစ်ဦးတို့အား နိုင်ရိုဘီ အကြမ်းဖက်တိုက်ဖျက်ရေး အရာရှိများက ရဲစခန်းတစ်ခု၌ ဓာတ်ပုံရိုက်နိုင်ရေး တွေ့ဆုံ မေးမြန်းခန်း ပြုလုပ်စဉ် အငြင်းပွားဖွယ် အကြမ်းဖက်သမားများ ဖမ်းဆီးမှု မှတ်တမ်းကို ရှာဖွေတွေ့ရှိခဲ့သဖြင့် ဖမ်းဆီးခံထားရသည်ဟု ဆိုသည်။

ဖမ်းဆီး

ဒန်အက်ဂျ်ဂျီနှင့် ဆူဆန်ကူရမ်ဘာတို့အား နိုင်ရိုဘီမြို့ ကီလီလက်ရှ်ဝါ ရဲစခန်းအပြင်ဘက်၌ အကြမ်းဖက်သူများနှင့်ဆက်သွယ်သည့်သံသယကြောင့် ဖမ်းဆီးလိုက်သည်ဟုဆိုသည်။

အမ်အင်န်အေ၊ရိုက်တာ

စင်ကာပူအလှမယ် ဂျက်စီကာတန်။ (ဓာတ်ပုံ-အင်တာနက်)

မိုက်ခရိုဆော့ဖ် ဖွံ့ဖြိုးရေးဒုန်များ ပေကျင်းနှင့်ရှန်ဟိုင်း၌ တည်ဆောက်ပေးမည်

ဘိုအော(ဟိုင်နန်) မေ ၂၄

တရုတ်နိုင်ငံ ပေကျင်းမြို့နှင့် ရှန်ဟိုင်းမြို့များ၌ မိုက်ခရိုဆော့ဖ်ဥက္ကဋ္ဌ ဘီလ်ဂိတ်က သုတေသနနှင့် ဖွံ့ဖြိုးရေးဇုန်များ တည်ဆောက်သွားရန် ကြေညာလိုက်သည်။

ယင်းဖွံ့ဖြိုးရေးဇုန်များသည် တရုတ်နိုင်ငံ၏ သုတေသနနှင့် ဖွံ့ဖြိုးရေးအတွက် အထောက်အကူပေးလိမ့်မည်ဖြစ်ကြောင်း ဘီလ်ဂိတ်က ပြောကြားသည်။ **အမ်အင်န်အေ၊ရိုက်တာ**

ဇီဝအီသနော သုံး ဘတ်စ်ကား လန်ဒန်၌ပြေးဆွဲမည်

လန်ဒန် မေ ၂၄

လန်ဒန်မြို့၌ ဇီဝအီသနော အသုံးပြုမောင်းနှင်သော ပထမဆုံး ဘတ်စ်ကားကို စတင်ပြေးဆွဲမည်ဖြစ်ကြောင်း လန်ဒန်မြို့တော်ဝန် ကင်လစ်ဗင်းစတန်က ပြောကြားသည်။

ယင်းဘတ်စ်ကားကို ဘရာဇီးနိုင်ငံက ကြံမှထုတ်ယူသည့် ဇီဝအီသနောဖြင့် မောင်းနှင်မည်ဖြစ်ကြောင်း၊ ခရီးသည် ၈၁ဦးအား တင်ဆောင်မောင်းနှင်မည်ဖြစ်ကြောင်း၊ လန်ဒန်၌ ဒီဇယ်နှင့်အီလက်ထရွန်နစ် နှစ်မျိုးသုံး ဘတ်စ်ကား ခုနစ်စီးရှိကြောင်း၊ ၂၀၀၈ ကုန်ပိုင်းတွင် ယင်းနှစ်မျိုးသုံး ကားအစီး ၅၀ထုတ်လုပ်သွားရန် စီစဉ်ထားကြောင်း သိရသည်။ အမ်အင်န်အေ၊ရိုက်တာ

တိုကျို၌လှေမှောက်၊ လူအချို့ပျောက်ဆုံးနေ

တိုကျို မေ ၂၄

တိုကျိုရှိ မြစ်တစ်ခုအတွင်း မေ ၂၁ရက်က လှေတစ်စင်းမှောက်သွားခဲ့ရာ လိုက်ပါလာသော လူတချို့ ရေစီးတွင် မျောပါပျောက်ဆုံးနေကြောင်း ကျိုဒို သတင်းဌာနက ဖော်ပြသည်။ အာရာဝါကာမြစ်အတွင်း တိမ်းမှောက်သွားသော အဆိုပါလှေမှ ပျောက်ဆုံးနေသောလူများ မတွေ့ရှိရသေးကြောင်း ကယ်ဆယ်ရေး မီးသတ်တပ်ဖွဲ့ဝင်များက ပြောကြားသည်။ **အမ်အင်န်အေ၊ဆင်ဟွာ**

ဘဂ္ဂဒက်တောင်ပိုင်း၌ ဗုံးခွဲတိုက်ခိုက်

ဘဂ္ဂဒက် မေ ၂၄

ဘဂ္ဂဒက်မြို့ တောင်ပိုင်းရှိ စာသင်ကျောင်း တစ်ကျောင်းအနီးတွင် မေ ၂၂ရက်က ကားဗုံးပေါက်ကွဲပြီးနောက် လမ်းဘေးဗုံးခွဲသဖြင့် လူခြောက်ဦးသေဆုံးပြီး ၁၀ဦးဒဏ်ရာရသွားကြောင်း အီရတ်ပြည်ထဲရေး ဝန်ကြီးဌာန သတင်းရပ်ကွက်က ပြောကြားသည်။

မေ ၂၂ရက် ညနေ ၄နာရီခွဲက အယ်ရှုမူးစာသင်ကျောင်းအနီး ကားဗုံးပေါက်သဖြင့် လူငါးဦးသေဆုံးပြီး ၂၃ ဦး ဒဏ်ရာရခဲ့သည်။ ယင်းနောက် လမ်းဘေး ကားဗုံးပေါက်ကွဲသည့်အတွက် ရဲတပ်ဖွဲ့ဝင်တစ်ဦး သေဆုံးပြီး ငါးဦး ဒဏ်ရာရသွားသည်။ အမ်အင်န်အေ၊ဆင်ဟွာ

အီရတ်ကလေးသူငယ် လေးသန်းနီးပါး ဝက်သက်ရောဂါ ကာကွယ်ဆေးထိုးပေးမည်

ဘဂ္ဂဒက် မေ ၂၄

အီရတ်နိုင်ငံတွင် ဝက်သက်ရောဂါဖြစ်ပွားမှု ကာကွယ်ရေး စီမံကိန်းတစ်ရပ်ကို အကောင်အထည်ဖော်ဆောင်ရွက်တော့မည်ဖြစ်သည်။

ပုံမှန်

ကူးစက်တတ်သော ဝက်သက်ရောဂါ ကာကွယ်ဆေးကို အသက်တစ်နှစ်မှ ငါးနှစ်အတွင်း ကလေးများကို ထိုးနှံပေးရာတွင် အီရတ်၌ တည်ငြိမ်မှု မရှိသည့်အတွက် ပုံမှန်ဆေးထိုးမပေးနိုင်ကြောင်း သိရသည်။

ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (ဒဗလျူအိတ်ချ်အို)နှင့် ယူနီဆက်အဖွဲ့တို့က စေတနာ့ဝန်ထမ်း ၈၀၀၀ ဖြင့် အီရတ်ကလေးသူငယ် ၃ ဒသမ ၉ သန်းအထိ ဝက်သက်ကာကွယ်ဆေးထိုးရန် စီစဉ်လျက်ရှိသည်။

သတိပေး

ဝက်သက်ရောဂါ ကူးစက်ပြန့်ပွားလျှင် ရောဂါဖြစ်သည့် ကလေးသူငယ် ၁၀ ရာခိုင်နှုန်းအထိ သေဆုံးနိုင်ကြောင်း ကျန်းမာရေးဝန်ထမ်းများက သတိပေးထားသည်။ **(အင်တာနက်)**

တရုတ်နိုင်ငံအနောက်မြောက်ပိုင်း၌ မြေပြိုမှုဖြစ်ပွား

တိုင်ရွမ် မေ ၂၄

တရုတ်နိုင်ငံ အနောက်မြောက်ပိုင်း ရှာအန်ဆီပြည်နယ် ဟီဂျင်မြို့ ဆောက်လုပ်ရေးလုပ်ငန်းခွင်၌ မြေပြိုမှုဖြစ်ပွားပြီးနောက် အလုပ်သမား ၁၃ ဦး မြေအောက်၌ပိကာ သုံးဦးသေဆုံးခဲ့သည်။

ယင်းပြည်နယ်မြို့တော် တိုင်ရွမ်၏အနောက်တောင်ဘက် ကီလိုမီတာ ၃၀၀ အကွာ စီယာဟွာမြို့နယ်ရှိ ဘန်ပိုမူလတန်းကျောင်းတွင် မေ ၂၂ ရက် နံနက် ၁၁ နာရီ မိနစ်၃၀ ဝန်းကျင်က ယင်းမတော်တဆမှုဖြစ်ပွားခဲ့ကြောင်း ဟီဂျင်မြို့အုပ်ချုပ်ရေးအဖွဲ့မှ ချိုင်မိသားစုဝင်အရာရှိတစ်ဦးက ထုတ်ဖော်ပြောကြားခဲ့သည်။

ကုသပေး

ကယ်ဆယ်ရေး သမားများက အလောင်း သုံးလောင်းကို ပြန်လည်ရရှိခဲ့ပြီး ဆွဲထုတ်ရရှိခဲ့သော အသက်ရှင်ကျန်ရစ်သူကို ဆေးဝန်ထမ်းများက ကုသပေးနေကြောင်း ၎င်းကပြောကြားသည်။ **အမ်အင်န်အေ၊ဆင်ဟွာ**

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့၌ ကားဗုံးခွဲ တိုက်ခိုက်မှုကြောင့် အဆောက်အအုံ အပျက်အစီးများကို မေ ၂၂ ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

ကမ္ဘာပေါ်၌အရေးပါသောနိုင်ငံအဖြစ် စင်ကာပူရပ်တည်နိုင်ရမည်ဟု လီကွမ်ယူ ပြောကြား

စင်ကာပူ မေ ၂၄

စင်ကာပူနိုင်ငံသည် ကမ္ဘာပေါ်တွင် အရေးပါသောနိုင်ငံ တစ်နိုင်ငံအဖြစ် ရပ်တည်နိုင်စွမ်းရှိရမည်ဖြစ်ကြောင်း စင်ကာပူဝါရင့်ဝန်ကြီး လီကွမ်ယူက မေ ၂၂ရက်၌ ပြောကြားလိုက်သည်။

ထို့အပြင် နယူးယောက်နှင့် လန်ဒန်မြို့များကဲ့သို့ ကမ္ဘာ့အဆင့်မီ မြို့ကြီးများအဖြစ် ရောက်ရှိအောင်လည်း ကြိုးစားဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း လီကွမ်ယူက ပြောကြားသည်ဟု စင်ကာပူနိုင်ငံရှိ နယူးအာရှသတင်းဌာနက သတင်းထုတ်ပြန်သည်။ မိမိတို့သည် အားသွန်ခွန်စိုက် ကြိုးစားမှု၊ ကိုယ်စွမ်း ဉာဏ်စွမ်းရှိသမျှ အသုံးပြုလုပ်ဆောင်ကြလျှင် မိမိတို့နိုင်ငံသည် တိုးတက်မှုများရရှိမည်ဖြစ်ပြီး မိမိတို့ကိုယ်တိုင်လည်း ပင်ကိုအရည်အသွေးများ ပိုမိုတောက်ပြောင် တိုးတက်လာမည်ဖြစ်ကြောင်း ၎င်းကဆက်လက်ပြောကြားသည်။

ဆွဲဆောင်နိုင်စွမ်းရှိ

ထို့အပြင် စင်ကာပူနိုင်ငံ ဖွံ့ဖြိုးတိုးတက်မှုအတွက် ပေါင်းစပ်စည်းရုံးမှုနှင့် ကြိုးစားအားထုတ်မှုများအပြင် နိုင်ငံတကာမှ အတတ်ပညာရှင်များကိုလည်း ဆွဲဆောင်နိုင်စွမ်းရှိရမည်ဟု လီကွမ်ယူက ပြောကြားသည်။

အမ်အင်န်အေ၊ဆင်ဟွာ

မူးယစ်ဆေးဝါး စက်ရုံ ရဲတပ်ဖွဲ့များ ဝင်ရောက်စီးနင်းဖမ်းဆီး

ရှီအန်း မေ ၂၄

တရုတ်နိုင်ငံ အနောက်မြောက်ပိုင်း ရှန်စီပြည်နယ်ရှိ မူးယစ်ဆေးဝါး ထုတ်လုပ်သော စက်ရုံတစ်ရုံကို ရဲတပ်ဖွဲ့က ဝင်ရောက်စီးနင်းရှာဖွေရာ လူ ၁၄ဦးနှင့်အတူ မူးယစ်ဆေးဝါး ကီလိုဂရမ် ၅၀ ကိုလည်း ဖမ်းဆီးရမိခဲ့ကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။

ဖမ်းဆီး

အဆိုပါ ဖမ်းဆီးရမိမှု မူးယစ်ဆေးဝါးတွင် မက်သာဖက်သမင်းဆေးပြား ၄၃၅၆၇ ပြား၊ မက်သာဖက်သမင်း ဆေးအမှုန့် ၄၄ ဒသမ ၆ ကီလိုဂရမ်တို့ ပါဝင်ကြောင်း သိရသည်။ ယင်းစက်ရုံသည် အဆိုပါဒေသ၏ တောင်ကြားအတွင်းရှိပြီး လွန်ခဲ့သောနှစ်ရက်က ဖမ်းဆီးခဲ့သည်ဟုဆိုသည်။

အမ်အင်န်အေ၊ဆင်ဟွာ

အမေရိကန်နိုင်ငံ နယူးယောက်မြို့တွင် ကျင်းပသည့် အပြည်ပြည်ဆိုင်ရာ သစ်ခွပန်းပြပွဲကို မေ ၂၀ ရက်က တွေ့ရစဉ်။**(အဆိုပါပြပွဲ၌ နိုင်ငံပေါင်း ၇၀ မှ ပါဝင်ပြသလျက်ရှိသည်။)**

(ဓာတ်ပုံ-အင်တာနက်)

ဒေသဆိုင်ရာကုန်သွယ်ရေး သဘောတူညီမှုများ ကမ္ဘာ့ကုန်သွယ်ရေးအတွက် အကျိုးဖြစ်ထွန်းနိုင်

ဘိုအော မေ ၂၄

အာရှ-ပစိဖိတ်နိုင်ငံများမှ ကုန်သွယ်ရေးဝန်ကြီးများသည် တရုတ်နိုင်ငံ ဟိုင်နန်ကျွန်းရှိ ဘိုအောမြို့တွင် တွေ့ဆုံဆွေးနွေးခဲ့ကြရာတွင် နှစ်နိုင်ငံနှင့်ဒေသဆိုင်ရာ ကုန်သွယ်ရေးသဘောတူညီချက်များသည် ကမ္ဘာ့ကုန်သွယ်ရေးအတွက် အကျိုးဖြစ်ထွန်းစေနိုင်ကြောင်း မေ ၂၁ ရက်က ပြောကြားခဲ့သည်။

ယူဆခဲ့

လွတ်လပ်သော ကုန်သွယ်ရေး သဘောတူညီချက်များ (အက်ဖ်တီအေ) နှင့် ဒေသဆိုင်ရာ ကုန်သွယ်ရေး သဘောတူညီချက်(အာတီအေ)များ အသီးသီး ပေါ်ထွန်းလာခြင်းသည် ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့၏ ကုန်သွယ်ရေးဆိုင်ရာ ဆွေးနွေးပွဲများကို ထိခိုက်စေသည်ဟု အချို့ကယူဆခဲ့ကြသည်။

ပြီးပြည့်စုံ

သို့ရာတွင် နှစ်နိုင်ငံနှင့် ဒေသဆိုင်ရာ ကုန်သွယ်ရေးသဘောတူညီချက်များသည် နိုင်ငံစုံ ကုန်သွယ်ရေးကဏ္ဍအတွက် ပြီးပြည့်စုံစေသည်ဟု စင်ကာပူ ကုန်သွယ်ရေးနှင့် စက်မှု လုပ်ငန်းဝန်ကြီး လင်ဟန်ကီယန်က ပြောကြားသည်။

သဘောတူ

ဒေသဆိုင်ရာ ကုန်သွယ်ရေး သဘောတူညီချက်များက ကုန်သွယ်ရေးဆိုင်ရာစံချိန်စံညွှန်းများကို ချမှတ်ပေးနိုင်ဖွယ်ရှိကြောင်း ၎င်းကပြောကြားသည်။ **အမ်အင်န်အေ၊ရိုက်တာ**

ကမ္ဘာတစ်လွှား ထူးထူးခြားခြား

ကမ္ဘာ့အကြီးဆုံး သဲပန်းချီ

ကမ္ဘာ့အကြီးဆုံး သဲပန်းချီတစ်ခုကို ရေးဆွဲနေကြသူများအား တွေ့ရစဉ်။ (ယာပုံ)

မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့ ဆင်ခြေဖုံးအရပ်တွင် အလျား ၂၄ မီတာနှင့် အနံ ၁၆ မီတာရှိသော သဲပြင်တစ်ခုပေါ်တွင် မလေးရှားနိုင်ငံသား လူငယ်လေး ၉၀ က စုပေါင်း၍ ကမ္ဘာ့အကြီးဆုံး သဲပန်းချီကားချပ်ကြီးတစ်ခုကို အချိန် ၇၂ နာရီခန့်ကြာအောင် ပြုလုပ်ခဲ့ကြရကြောင်း သိရသည်။

(အင်တာနက်)

ကျောက်တုံးကို ထုဆစ်ထားသော လိုက်ချီးသီး

ကျောက်တုံးကို လိုက်ချီးသီးများ ပုံသဏ္ဌာန် ထုဆစ်ထားမှုကို တွေ့ရစဉ်။ (ဝဲပုံ)

တရုတ်နိုင်ငံ အရှေ့ပိုင်း ကျန်စု ပြည်နယ် ယန်ကျို့မြို့တွင် လွန်ခဲ့သော နှစ်ပေါင်းတစ်ထောင်ခန့်က ကျောက်တုံးတစ်တုံးကို လိုက်ချီးသီးများ ပုံသဏ္ဌာန် ထုဆစ်ထားရာ ကျောက်ထွင်းလိုက်ချီးသီးလက်ရာများ အနက် အကောင်းဆုံးဖြစ်ကြောင်း သိရသည်။

(အင်တာနက်)

အီရတ်၌သေဆုံးသည့် ကန်တပ်ဖွဲ့ဝင်ပေါင်း ၃၃၂၀ ရှိသွားပြီဟု ကြေညာ

ဘဂ္ဂဒက် မေ ၂၄

အီရတ်နိုင်ငံတွင် သူပုန်တို့၏ တိုက်ခိုက်မှုကြောင့် အမေရိကန် တပ်ဖွဲ့ဝင် သုံးဦး သေဆုံးပြီး၊ လေးဦးဒဏ်ရာရသွားကြောင်း အမေရိကန်စစ်ဘက်က မေ ၂၂ရက်၌ ကြေညာသည်။

ဘဂ္ဂဒက်မြို့ အနောက်တောင်ပိုင်းတွင် မေ ၂၁ ရက်က လမ်းဘေးဗုံးပေါက်ကွဲပြီး သူပုန်တို့က ပစ်ခတ်တိုက်ခိုက်သည့်အတွက် အမေရိကန်တပ်ဖွဲ့ဝင် တစ်ဦးသေဆုံးပြီး သုံးဦးဒဏ်ရာရသွားသည်။ ထိုသို့ ဗုံးခွဲပစ်ခတ်စဉ် အမေရိကန်တပ်ဖွဲ့ဝင်များမှာ တိုက်ခိုက်ရေး ကင်းလှည့်နေကြကြောင်း ကြေညာချက်တွင် ဖော်ပြထားသည်။

ဘဂ္ဂဒက်မြို့ အရှေ့ပိုင်းတွင် မေ ၂၁ ရက်က လုံခြုံရေး ကင်းလှည့်စဉ်သူပုန်တို့က တိုက်ခိုက်သည့်အတွက် အမေရိကန်တပ်ဖွဲ့ဝင် နောက်တစ်ဦး ကျဆုံးပြီး တစ်ဦးဒဏ်ရာရသွားသည်ဟု စစ်ဘက်ကြေညာချက်၌ ဖော်ပြထားသည်။

အန်ဘာပြည်နယ်အတွင်း စစ်ဆင်ရေးတွင် အမေရိကန် မရိန်းတပ်ဖွဲ့ဝင် တစ်ဦး မေ ၂၀ ရက်က သေဆုံးသွားကြောင်း အမေရိကန်စစ်ဘက် ကြေညာချက်၌ ဖော်ပြသည်။ အမေရိကန်နှင့် အပေါင်းပါများ ၂၀၀၃ခုနှစ် မတ်လတွင် အီရတ်ကို ကျူးကျော်ပြီးနောက် အီရတ်၌ သေဆုံးသည့် အမေရိကန်တပ်ဖွဲ့ဝင်ဦးရေမှာ ၃၃၂၀ ရှိသွားပြီဖြစ်ကြောင်း ဆင်ဟွာက ဖော်ပြသည်။

အမ်အင်န်အေ၊ဆင်ဟွာ

ကမ္ဘာတစ်လွှား အားကစား

ချယ်လ်ဆီးအသင်းအောင်မြင်မှုအတွက် ပီတာချက်၏အစွမ်း

စုစည်းတင်ပြသူ
မောင်မောင်မြင့်ဆွေ

လန်ဒန် ဧပြီ ၂၄

ကမ္ဘာ့အကောင်းဆုံး ဂိုးသမားများတွင် ချက်ဘောလုံးအသင်းနှင့် ချယ်လ်ဆီးအသင်းဂိုးသမား ပီတာချက်လည်း တစ်ဦးအပါအဝင် ဖြစ်သည်။ ပီတာချက်သည် ရဲဝံ့မှု၊ တည်ငြိမ်မှုနှင့် လျင်မြန်သေချာမှုဆိုသော အချက်များကို ပိုင်ဆိုင်ထားသည့် ဂိုးသမားတစ်ဦးလည်း ဖြစ်သည်။

ချက်၌မွေး

ပီတာချက်ကို ၁၉၈၂ခုနှစ် မေ ၂၀ ရက်က ချက်သမ္မတနိုင်ငံ ပယ်ဇင်မြို့၌ မွေးဖွားခဲ့ရာ ယခုအခါ အသက် ၂၄နှစ်အရွယ်ရှိသည်။ အရပ်အမြင့်မှာ ခြောက်ပေငါးလက်မရှိသဖြင့် အရပ်အမောင်းကောင်းသော ဂိုးသမားများတွင် ပါဝင်သူလည်း ဖြစ်သည်။

ရောက်ရှိ

ပီတာချက်သည် ၁၉၉၉ခုနှစ်မှစတင်ကာ ပေါ်တူဂီကလပ် အက်ဖ်ကေဗယ်ဆာနီ၌ ကြေးစားဘောလုံးသမားဘဝကို ငယ်ငယ်ရွယ်ရွယ်နှင့် စတင်ရောက်ရှိခဲ့သည်။ ထို့နောက် ၂၀၀၁ ခုနှစ်၌ ပေါ်တူဂီ ကလပ်အသင်း တစ်သင်းဖြစ်သော စပါတာပါရာငွေးသို့ ပြောင်းရွှေ့ခ ပေါင်ငွေ ၄၆၅၀၀၀ဖြင့် ရောက်ရှိခဲ့သည်။

ထိုနှစ်တွင် ချက်သမ္မတနိုင်ငံ ဘောလုံးလက်ရွေးစင်အဖြစ် အရွေးခံခဲ့ရပြီး အသက်၂၁နှစ်အောက် ဥရောပချန်ပီယံရှစ် ဘောလုံးပြိုင်ပွဲကို ချက်အသင်းနှင့်အတူ ဝင်ရောက်ကစားခဲ့သည်။

ထိုနှစ်က အသက် ၂၁နှစ်အောက် ဥရောပချန်ပီယံရှစ် ဘောလုံးပြိုင်ပွဲတွင် ပြင်သစ်လူငယ်အသင်းနှင့် ကစားရာ၌ ပယ်နယ်တီပြစ်ဒဏ်ဘော နှစ်လုံးကို ပီတာချက် ကာကွယ်နိုင်ခဲ့သဖြင့် ဘောလုံးလောက၌ ပီတာချက် နာမည်ကျော်ကြားခဲ့လေသည်။

ထို့ကြောင့် ပီတာချက်အား ပြင်သစ်ပထမတန်းကလပ် ရင်းနက်စ်က ၂၀၀၂-၂၀၀၃ ဘောလုံးရာသီတွင် ပေါင်ငွေ ၃ ဒသမ ၃ သန်းဖြင့် ခေါ်ယူခဲ့သည်။ ထိုနှစ်က ရင်းနက်စ်အသင်းအတွက် ပီတာချက်က ပွဲပေါင်း ၃၇ပွဲကစားပေးခဲ့သည်။ ချက်ဘောလုံးအသင်းအတွက်လည်း နိုင်ငံတကာပွဲပေါင်း ကိုးပွဲကစားပေးခဲ့သည်။

ချယ်လ်ဆီးဂိုးသမား ပီတာချက်၏ လက်စွမ်းပြ ဂိုးဖမ်းစဉ်။
(ဓာတ်ပုံ-အင်တာနက်)

ထို့နောက် ၂၀၀၄-၂၀၀၅ဘောလုံးရာသီတွင် ချယ်လ်ဆီးအသင်းက ပေါင်ခုနစ်သန်းဖြင့် ခေါ်ယူလိုက်သဖြင့် ပီတာချက် ချယ်လ်ဆီးသို့ ရောက်ရှိလာခဲ့ခြင်းဖြစ်သည်။ ချယ်လ်ဆီးက မခေါ်ယူမီ ဘာစီလိုနာအသင်းက ခေါ်ယူရန် ကြိုးစားခဲ့သော်လည်း မအောင်မြင်ခဲ့ချေ။

လက်စွမ်းပြ

ပရီမီယာလိဂ်သို့ ရောက်ရှိလာသော ပီတာချက်သည် ချယ်လ်ဆီးအသင်းအတွက် ၂၀၀၄-၂၀၀၅ဘောလုံးရာသီ၌ ကိုးပွဲဆက်တိုက် ဂိုးလုံးဝအသွင်းမခံရဘဲ နိုင်ပွဲဆက်တိုက်ရအောင် လက်စွမ်းပြနိုင်ခဲ့သည်။ သို့သော် စုစုပေါင်း ၈၇၁ မိနစ်ကြာ ဂိုးအသွင်း မခံရသော ဂိုးသမား ရှမိုက်ကယ်၏ မှတ်တမ်းကို မချိုးနိုင်သေးကြောင်း ဝန်ခံထားသည်။

သို့ရာတွင် ပီတာချက်အနေဖြင့် ချက်ကလပ် ဘောလုံးအသင်းတစ်သင်းဖြစ်သော စပါတာပါရာငွေးအသင်း၌ ကစားခဲ့စဉ်က မိနစ်ပေါင်း ၉၂၈ မိနစ်ကြာအောင် ဂိုးသွင်းမခံရသည့် ဂိုးသမားလည်း ဖြစ်သည်။ ထိုနှစ်က ပရီမီယာလိဂ်တွင် ချယ်လ်ဆီးအတွက် ဂိုးမဝင်အောင် ၁၄၈ ကြိမ် ကာကွယ်ပေးနိုင်ခဲ့သည်။ ၂၀၀၄-၂၀၀၅ခုနှစ်က ချယ်လ်ဆီးတို့ကို ပရီမီယာလိဂ်သရဖူ ရရှိခဲ့လေသည်။

ကာကွယ်နိုင်ခဲ့

ထို့အတူ ၂၀၀၅-၂၀၀၆ဘောလုံးရာသီတွင်လည်း ပီတာချက်အနေဖြင့် ချယ်လ်ဆီးအသင်းအတွက် ချန်ပီယံလိဂ် ခုနစ်ပွဲကစားပေးခဲ့ပြီး အပိုင်ဂိုးသွင်းမှု ၁၀ကြိမ်ကို ကာကွယ်ပေးနိုင်ခဲ့သည်။ ပရီမီယာလိဂ်တွင် ၃၄ ပွဲကစားပြီး အပိုင်ဂိုးသွင်းမှု ၁၃၉ကြိမ်ကို ဟန့်တား ကာကွယ်ပေးနိုင်ခဲ့သည်။ ထို့ကြောင့် ထိုနှစ် ဘောလုံးရာသီ၌ ပီတာချက်က ချယ်လ်ဆီးအတွက် စုစုပေါင်း ၄၂ပွဲ ကစားပေးခဲ့ပြီး ဂိုးသွင်းမှုစုစုပေါင်း ၁၅၇ကြိမ်ကိုလည်း ကာကွယ်ပေးနိုင်ခဲ့သည်။

ယခု ၂၀၀၆-၂၀၀၇ ဘောလုံးရာသီတွင်မူ ပီတာချက်သည် ချယ်လ်ဆီးအတွက် ချန်ပီယံလိဂ် ခြောက်ပွဲကစားပေးပြီး အပိုင်ကန်သွင်းမှု ၁၅ကြိမ် ကာကွယ်ပေးနိုင်ခဲ့သလို ပရီမီယာလိဂ် ၁၇ပွဲကစားခဲ့ရာတွင် ဂိုးသွင်းမှု ၉၄ ကြိမ်ကို ကာကွယ်နိုင်ခဲ့သည်။

ထို့အတူ အက်ဖ်အေ ဘောလုံးပြိုင်ပွဲတွင်လည်း အပိုင်ဂိုးပေါင်း ၂၈ဂိုးကို ကာကွယ်ပေးနိုင်ခဲ့သည်။ ယခုအခါ ပီတာချက်သည် ဦးခေါင်းတွင် ထိခိုက်ဒဏ်ရာရရှိထားသော်လည်း သက်သာလာပြီဖြစ်သဖြင့် ချယ်လ်ဆီး၌ ပြန်လည်ကစားနေပြီဖြစ်ရာ ချယ်လ်ဆီး ဂိုးပေါက်ကို လုံခြုံစွာစောင့်ရှောက်ပေးလျက် ရှိနေသည်။ ချယ်လ်ဆီး၏ ၂၀၀၅-၂၀၀၆ ဘောလုံးရာသီ၌ ပရီမီယာလိဂ်ဖလား ရရှိခဲ့သလို ၂၀၀၆-၂၀၀၇၌လည်း ပရီမီယာလိဂ်ဖလား ချယ်လ်ဆီးတို့ ရရှိရေးတွင် ပီတာချက်သည် အဓိက အရေးပါသော ကစားသမားတစ်ဦး ဖြစ်ပါကြောင်း။ **(ကိုးကား-အင်တာနက်)**

အင်တာနက် အားကစားသတင်း အတိုအထွာ

* **မန်ယူတောင်ပံကစားသမား စီရိုနယ်ဒိုက ၎င်းအနေဖြင့် ပီအက်ဖ်အေ၏ အကောင်းဆုံးဘောလုံးသမားဆုနှင့် လူငယ်အကောင်းဆုံး ဘောလုံးသမားဆုတို့ကို ဆွတ်ခူးနိုင်ခဲ့၍ တိုးတက်မှုများ ယခုထက်ပိုမိုရရှိရန် မျှော်လင့်ထားကြောင်း ပြောကြားလိုက်သည်။**

* ဆန်းဒါးလန်းနည်းပြ ရွိုင်ကိန်းသည် ဖာဂူဆန်၏ မန်နေဂျာတာဝန်ကို ယူဉ်ပြိုင်သူတစ်ယောက် ဖြစ်လာလိမ့်မည်ဖြစ်ကြောင်း မန်ယူကစားသမားဟောင်း အဲရစ်ကင်တိုနာက ပြောကြားလိုက်သည်။

* **တော့တင်ဟမ်တိုက်စစ်မှူး ဘာဘာတော့ပ်သည် ပီအက်ဖ်အေ အကောင်းဆုံး ဘောလုံးအသင်းတွင် ရွေးချယ်ခံရ၍ ထိုက်တန်သော ရွေးချယ်မှုပင် ဖြစ်ကြောင်း ဘိုင်ယန်မြူးနစ်ကစားသမား အိုဝင်ဟားဂရေ့ဗ်က ချီးကျူး ပြောကြားလိုက်သည်။**

* ဆီဗီလာအသင်းသည် ဧပြီ ၂၂ရက်က စပိန်လာလီဂါတွင် ဘီဘာအိုအသင်းကို လေးဂိုး-တစ်ဂိုးဖြင့် အနိုင်ရလိုက်၍ ဒုတိယနေရာမှ ရီးရဲမက်ဒရစ်အသင်း၏နေရာကို လွှဲပြောင်းယူလိုက်ပြီး ထိပ်ဆုံးမှ ဘာစီလိုနာအသင်းကို ခြိမ်းခြောက်လာသည်။

* **အိုလံပီယာကော့စ်အသင်းသည် ဂရိလိဂ်ပြိုင်ပွဲတွင် ပြိုင်ဘက် ကာကီရာအသင်းကို သုံးဂိုး-တစ်ဂိုးဖြင့် အနိုင်ရပြီး ဧပြီ ၂၂ရက်က ၁၀နှစ်အတွင်း ကိုးနှစ်ဆက်တိုက် ဖလားဆွတ်ခူးနိုင်ခဲ့သည်။** (အင်တာနက်)

မန်ယူကို ဒိုင်လူကြီးများဘက်လိုက်ပေးခြင်းမရှိ နည်းပြဖာဂူဆန် အခိုင်အမာ တုံ့ပြန်ပြောကြား

လန်ဒန် ဧပြီ ၂၄

မန်ချက်စတာယူနိုက်တက်အသင်းနှင့် မစ်ဒယ်ဘရော့တို့ ကစားခဲ့သည့်ပွဲတွင် မစ်ဒယ်ဘရော့တို့ ပယ်နယ်တီ ရသင့်သည်ဆိုသော်လည်း ဒိုင်လူကြီးက မှန်ကန်စွာဆုံးဖြတ်ခဲ့ကြောင်း၊ မန်ယူကို အနိုင်ရစေလိုမှုဖြင့် ဘက်လိုက်ခြင်း မရှိကြောင်း မန်ယူအသင်းမန်နေဂျာ ဖာဂူဆန်က တုံ့ပြန်ပြောကြားလိုက်သည်။

ဘက်လိုက်ပေး

မစ်ဒယ်ဘရော့တို့ ပယ်နယ်တီ ရသင့်သော်လည်း ဒိုင်လူကြီးက မန်ယူကို ဘက်လိုက်ပေးနေကြောင်း ပရီမီယာလိဂ်ဖလားယှဉ်ပြိုင်လုရန် ကြိုးစားနေသည့် မော်ရင်ဟိုက ဝေဖန်လိုက်သည်။

ပယ်နယ်တီပေးသင့်

ယင်းပွဲတွင် အိုရှီးယား ဘောလုံးဆွဲယူစဉ် မစ်ဒယ်ဘရော့ ကစားသမား လီဒေါင်ဂွတ် လဲကျခဲ့သည်။ ယင်းကို ပယ်နယ်တီပေးသင့်ကြောင်း မော်ရင်ဟိုက ဆိုခဲ့သည်။

ဆုံးဖြတ်မှုမှန်

ချယ်လ်ဆီးအသင်းက နယူးကာဆယ်အသင်းကို ဂိုးမရှိ သရေကျခဲ့ပြီးနောက် မော်ရင်ဟိုက အထက်ပါအတိုင်း ပြောဆိုလိုက်ခြင်းဖြစ်သည်။ သို့သော်လည်း ဖာဂူဆန်က ဒိုင်လူကြီး၏ ဆုံးဖြတ်မှုမှာ မှန်ကန်မှုရှိကြောင်း၊ မန်ယူကို ဘက်လိုက်ပေးနေခြင်းမရှိကြောင်း ပြောကြားလိုက်သည်။

ရင်ဆိုင်ရန်ခက်ခဲ

ယင်းအခြေအနေများသည် မိမိတို့အား ဘောလုံးစည်းမျဉ်း စည်းကမ်း အသစ်များနှင့် ရင်ဆိုင်ရန် ခက်ခဲစေကြောင်း၊ မန်ယူနှင့်ကစားမည့် မေ၉ရက်ပွဲစဉ်တွင် ပယ်နယ်တီရရန် မလွယ်ကြောင်း မော်ရင်ဟိုက ပြောကြားသည်။

ချယ်လ်ဆီး နည်းပြ မော်ရင်ဟို (ဝဲ) နှင့် မန်ယူ နည်းပြ ဖာဂူဆန်။
(ဓာတ်ပုံ-အင်တာနက်)

ယခုနှစ် ပရီမီယာလိဂ် ဘောလုံးရာသီတွင် မန်ယူက ပယ်နယ်တီဖြင့် ငါးပွဲအနိုင်ရခဲ့သလို ချယ်လ်ဆီးကလည်း ပယ်နယ်တီဖြင့် လေးပွဲအနိုင်ရခဲ့ကြသည့် အသင်းများဖြစ်သည်။

အခွင့်အလမ်းဆုံးရှုံး

မန်ယူနှင့် ချယ်လ်ဆီးတို့သည် မေ ၉ ရက်တွင် ပရီမီယာလိဂ်ပွဲစဉ်အဖြစ် ယှဉ်ပြိုင်ကစားရမည် ဖြစ်သည်။ ချယ်လ်ဆီးအသင်း၏ လက်ရှိအနေအထားမှာ ကျေနပ်ဖွယ်ရှိသော်လည်း ပြီးခဲ့သော ပွဲစဉ်တွင် နယူးကာဆယ်နှင့် သရေကျခဲ့၍ အခွင့်အလမ်းတစ်ရပ် ဆုံးရှုံးသွားကြောင်း မော်ရင်ဟိုက ဝန်ခံပြောကြားခဲ့သည်။ **(အင်တာနက်)**

ကိုးကားတင်ပြသူ
မြင့်မောင်စိုး

အကောင်းဆုံးဘောလုံးသမားဆု ဂျပန်နိုင်ငံသား နာကာမူရာ ရရှိ

ဆဲလ်တစ် ဧပြီ ၂၄

ဆဲလ်တစ်ကစားသမား နာကာမူရာသည် စကော့တလန် ကြေးစားဘောလုံးသမားများအသင်းမှ ချီးမြှင့်သော အကောင်းဆုံး ဘောလုံးသမားဆုကို ဆွတ်ခူးနိုင်ခဲ့ပြီဖြစ်သည်။

ယင်းဆုကို ဆဲလ်တစ်အသင်းက ပြိုင်ဘက်အသင်းကို အနိုင်ဂိုးသွင်းယူခဲ့ရာတွင် နာကာမူရာက သွင်းယူပေးခဲ့ပြီးနောက် မကြာမီ ယင်းအကောင်းဆုံးဆုကို ချီးမြှင့်ပေးအပ်လိုက်ခြင်းဖြစ်ကြောင်း သိရသည်။

ဂျပန်နိုင်ငံသား နာကာမူရာနှင့်အတူ ကစားဖော်များဖြစ်ကြသည့် အာသာဘောရပ်နှင့် လီနေလာတို့သည်လည်း ပဏာမရွေးချယ်စာရင်းတွင် ပါဝင်ခဲ့သည်။

နည်းပြအကောင်းဆုံး

နာကာမူရာ အကောင်းဆုံးဘောလုံးသမားဆု ဆွတ်ခူးနိုင်ခဲ့သလို နည်းပြ စထရာချန်သည်လည်း အကောင်းဆုံးနည်းပြဆု ဆွတ်ခူးနိုင်ခဲ့သည်။

စထရာချန်သည် ဆဲလ်တစ်အသင်းကို အောင်မြင်စွာ ဖလားကာကွယ်ပေးနိုင်ခဲ့သလို ချန်ပီယံလိဂ် နောက်ဆုံး ၁၆သင်းပြိုင်ပွဲသို့လည်း ဆဲလ်တစ်အသင်းကို ပို့ပေးနိုင်ခဲ့သည်။

၁၀ ဂိုးသွင်း

ဂျပန်ကစားသမား နာကာမူရာသည် ဆဲလ်တစ်အသင်းတွင် အဓိက ကစားသမားဖြစ်ခဲ့ပြီး ယခုနှစ်ရာသီတွင် စကော့တလန် ပရီမီယာလိဂ်တွင် ၁၀ဂိုး သွင်းယူခဲ့သူ ဖြစ်သည်။

၎င်းသည် အီတလီကလပ် ရက်ဂျီးနားမှ ပေါင် ၂ ဒသမ ၅ သန်းဖြင့် ပြောင်းရွှေ့လာရာ ဆဲလ်တစ်တွင် နှစ်နှစ်ကြာ ကစားခဲ့ပြီးဖြစ်သည်။

(အင်တာနက်)

နာကာမူရာ

စကော့တလန် လိဂ်တွင် အကောင်းဆုံး ဘောလုံးသမားဆု ဆွတ်ခူးနိုင်ခဲ့သူ နာကာမူရာ။
(ဓာတ်ပုံ-အင်တာနက်)

တတိယအကြိမ် ကြည့်မြင်တိုင်ကျောင်းကြီးတိုက် မဟာသကျမုနိရုပ်ပွားတော်မြတ်ကြီး နှစ်ဦးဓမ္မသဘင် အထူးတရားပွဲ

‘သစ်ဆန်းကြားနာ၊ စင်ကြယ်စွာသား’ ယုံမှားပယ်တတ်၊ ဖြောင့်မတ်ယူမြင်၊ စိတ်ကြည်လင်ရိုး၊ ဤငါးမျိုးသည် တရားနာရ အကျိုးတည်း။ ။

အင်္ဂုတ္တိုရ်ပါဠိတော်တွင် ဗုဒ္ဓဘုရားဟောကြားတော်မူသည့်အတိုင်း ဘုရားရှင်၏ တရားတော်များကို ရိုသေစွာကြားနာရသူတိုင်း အထက်ပါ အကျိုးတရား ငါးပါးတို့ဖြင့် ပြည့်စုံကြစေရန် စိတ်ရည်သန်၍ ရန်ကုန်မြို့ ကြည့်မြင်တိုင်မြို့နယ်၊ ကျောင်းကြီးတိုက်အတွင်း ကိန်းဝပ်စံပယ်လျက်ရှိသော မဟာသကျမုနိရုပ်ပွားတော်မြတ်ကြီး၏ တတိယအကြိမ် နှစ်ဦးဓမ္မသဘင် အထူးတရားပွဲကို တစ်ဖက်ပါအတိုင်း ဆင်ယင်ကျင်းပမည်ဖြစ်ပါ၍ သဒ္ဓါတရား ဦးထိပ်ထားလျက် တရားနာကြွရောက်ပါရန် ကောင်းမြတ်သော မနသီ၊ ရွှင်ကြည်သော စိတ်ထားဖြင့် ဖိတ်ကြားအပ်ပါသည်။

ဟောကြားမည့်ဆရာတော်ကြီးများ	ဟောကြားမည့်နေ့ရက်	အထူးတရားပွဲအစီအစဉ်
စစ်ကိုင်းတောင်ရိုး သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ် အဓိပတိ မဟာဓမ္မကထိက ဗဟုဇနဟိတဓရ သီတဂူဆရာတော် ဒေါက်တာအရှင်ဉာဏိဿရ (D.Litt) Ph.D	၁၃၆၉ ခု ကဆုန်လဆန်း ၁၁ ရက် ကြာသပတေးနေ့ (၂၆-၄-၂၀၀၇)	**ကျင်းပမည့်နေ့ရက်** ၁၃၆၉ ခု၊ ကဆုန်လဆန်း ၁၁ ရက်နေ့မှ ၁၃ ရက်နေ့အထိ ၂၀၀၇ခုနှစ် ဧပြီလ၂၆ ရက်နေ့မှ ၂၈ ရက်နေ့အထိ
သာသနဓဇ ဓမ္မာစရိယ ဓမ္မကထိက ဗဟုဇန ဟိတဓရ သဒ္ဓမ္မဇောတိကဓဇ သီတဂူကြယ်တစ်ပွင့် ဆရာတော် အရှင်ပညာနန္ဒ ငြိမ်းချမ်းရွှေပြည်ကျောင်းတိုက်၊ တံခွန်တိုင်၊ တမာတန်း၊ ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးမြို့။	၁၃၆၉ ခု ကဆုန်လဆန်း ၁၂ ရက် သောကြာနေ့ (၂၇-၄-၂၀၀၇)	**ကျင်းပမည့်နေရာ** မဟာသကျမုနိရုပ်ပွားတော်မြတ် ဂန္ဓကုဋိတန်ဆောင်းတော်ကြီး၊ ကျောင်းကြီးတိုက်၊ ကျောင်းကြီးလမ်း၊ ကြည့်မြင်တိုင်မြို့နယ်။
(ကျောက်တစ်လုံးတောရ ဆရာတော်) ဝနဝါသီ အရှင်ဝါသေဋ္ဌာ ဘိဝံသ	၁၃၆၉ ခု ကဆုန်လဆန်း ၁၃ ရက် စနေနေ့ (၂၈-၄-၂၀၀၇)	**ကျင်းပမည့်အချိန်** ညစဉ် ၇း၀၀ နာရီ

ရန်ကုန်တိုင်း ဗဟန်းမြို့နယ် ကိုယ့်မင်းကိုယ့်ချင်းရိပ်သာလမ်း အမှတ်(၉)နေ ဦးအောင်ခင်အားရည်စူး၍ ဒေါ်ခင်ခင်ကြီးမိသားစုက ဗဟန်းမြို့နယ် ကြားတောရလမ်း အမှတ်(၁၅)ရှိ တိပိဋက ဓမ္မရက္ခိတဗိမာန်တော် အပေါ်ဆုံးထပ် တိုးချဲ့ဆောင်အတွက် အလှူငွေ ကျပ်ငါးသိန်းကို တိပိဋက နှစ်ပုံဆောင် အရှင်ဓမ္မပီယထံ ရေစက်ချ အနုမောဒနာတရား နာယူပြီး ဗဟိုအကျိုးတော်ဆောင် သီရိသုဓမ္မ မဏိဇောတဓရ ဦးစိုးဟန်လင်းထံ ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

ငွေကျပ် ၁၀၀ တန်ထီဖွင့်ပွဲ မေ ၁ ရက်၌ ကျင်းပမည်

ရန်ကုန် ဧပြီ ၂၄

(၂၂၀)ကြိမ်မြောက် ငွေကျပ် ၁၀၀ တန် အောင်ဘာလေသိန်းဆုဖွင့်ပွဲကို မေ ၁ ရက်တွင် အောင်ဘာလေသိန်းဆုဌာနခွဲတည်ရှိရာ အမှတ်(၃၈၄) မဟာဗန္ဓုလလမ်းနှင့် (၃၇)လမ်းထောင့် ကျောက်တံတားမြို့နယ် ရန်ကုန်မြို့ရှိ ထီဖွင့်ပွဲခန်းမဆောင်၌ နံနက် ၈ နာရီမှ စတင်၍ တစ်ရက်တည်း အပြီးဖွင့်လှစ်မည်ဖြစ်သည်။

ဆုတန်ဖိုးအလိုက် ဆုမဲများမှာ ငွေကျပ်သိန်း ၅၀၀ တစ်ဆု၊ ငွေကျပ် သိန်း ၃၀၀ နှစ်ဆု၊ ငွေကျပ် သိန်း ၂၀၀ လေးဆု၊ ငွေကျပ် သိန်း ၁၀၀ ၃၁ ဆု၊ ငွေကျပ် ၁၀ သိန်း ၄၆၄ ဆု၊ ငွေကျပ် ငါးသိန်း ၂၀ ဆု၊ ငွေကျပ် လေးသိန်း ၂၅ ဆု၊ ငွေကျပ် နှစ်သိန်း ၁၈၅ ဆု၊ ငွေကျပ် တစ်သိန်း ၁၄၄၀ ဆု၊ ငွေကျပ် ရှစ်သောင်း ၆၃ ဆု၊ ငွေကျပ်လေးသောင်း ၁၀၀ ဆု၊ ငွေကျပ် နှစ်သောင်း ၁၄၉၃၄ ဆု စုစုပေါင်း ၁၇၂၆၉ ဆု ဖြစ်သည်။

(၂၂၀)ကြိမ်မြောက် ငွေကျပ် ၁၀၀ တန် ထီပေါက်သည့် ကံထူးရှင်များအား ဆုငွေထုတ်ပေးခြင်းကို မေ ၇ ရက်မှ စ၍ လက်ခံဆောင်ရွက်ပေးမည်ဖြစ်ကြောင်းနှင့် ဆုငွေ ကျပ်ငါးသိန်းနှင့် အောက် ဆုငွေများကို ကိုယ်စားလှယ်လွှဲစာဖြင့် ရန်ကုန်မြို့နှင့် မန္တလေးမြို့ရှိ အောင်ဘာလေ သိန်းဆုဌာနခွဲရုံးများ၌ လျှောက်ထားတင်ပြပြီး လာရောက်ထုတ်ယူနိုင်ကြောင်း အသိပေးကြေညာထားသည်။ **(သတင်းစဉ်)**

ဂုဏဝိသိဋ္ဌပူဇာသဘင် ဆင်ယင်ကျင်းပမည်

ရန်ကုန် ဧပြီ ၂၄

ရန်ကုန်တိုင်း ကျောက်တန်းမြို့နယ် ပါဒကြီးစံပြကျေးရွာ ပါဒကြီး ပရိယတ္တိစာသင်တိုက်၏ ဦးစီးပဓာန မဟာနာယက ကျောက်တန်းမြို့နယ် သံဃနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဆရာတော် ဘဒ္ဒန္တစန္ဒိမာ(သာသနဓဇ ဓမ္မာစရိယ)အရှင်သူမြတ်အား တပည့် သံဃာတော်များနှင့် ဒါယကာ ဒါယိကာမအပေါင်းတို့က အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဂုဏဝိသိဋ္ဌပူဇာသဘင်ပွဲတော်ကြီးကို (၁၃၆၉ ခုနှစ် ကဆုန်လဆန်း ၁၄ ရက်) ဧပြီ ၂၉ ရက် (တနင်္ဂနွေနေ့)တွင် ပါဒကြီး ပရိယတ္တိစာသင်တိုက်၌ ကျင်းပမည်ဖြစ်ရာ ရပ်ဝေးရပ်နီးရှိ တပည့် ဒါယကာ ဒါယိကာမအပေါင်းတို့အနေဖြင့် ဖုန်း-၀၅၆-၂၅၂၀၃ သို့ ကြိုတင်ဆက်သွယ်၍ လှူဒါန်းနိုင်ကြောင်း သိရသည်။ **(က-ပ)**

ရွှေပြည်ဟိန်းကုသိုလ်ဖြစ်ဆေးခန်းအတွက် လှူဒါန်း

ရန်ကုန် ဧပြီ ၂၄

ရန်ကင်း ပြည်သာယာ (ကျိုက္ကဆံစူပါဝမ်း တာမွေလေး သံလမ်းအနီး) ရွှေပြည်ဟိန်း ကုသိုလ်ဖြစ်ဆေးခန်းအတွက် လှူဒါန်းကြသော အလှူရှင်များမှာ စင်ကာပူဆိပ်ကမ်းလုပ်သားများဖြစ်သော မြန်မာမိသားစုတို့က ငွေကျပ် ၁၅၇၀၀၀၀၊ မြန်မာမိသားစု စုပေါင်းဒါန ဩစတြေးလျက ငွေကျပ်သုံးသိန်း၊ ရဲမှူးကြီးဦးစိန်ထွန်းအောင်(ငြိမ်း)-ဒေါ်ထွေးညွန့် သားသမီးမြေးတစ်စု၊ ငွေကြာရုံရိပ်သာ တောင်ဥက္ကလာပက ငွေကျပ်ငါးသိန်း၊ ဗဟန်း အနောက်ရွှေဂုံတိုင် ၂ လမ်း၊ ဦးရဲမြင့်-ဒေါ်ခင်စိုးညွန့်၊ သား သန့်စင်နောင်၊ ဒေါက်တာနေခြည်သွယ်မင်း၊ သန့်စင်အောင်၊ မေသက်စု မိသားစုတို့က ငွေကျပ်ငါးသိန်း၊ အနောက်ရွှေဂုံတိုင် ဦးကျော်စိုး-ဒေါ်ခင်လှရီ၊ သား သန်းထွန်းလှမိသားစုက ငွေကျပ်သုံးသိန်း၊ ရန်ကင်း ပြည်သာယာ မြရတနာလမ်း ဦးတင်ရီ-ဒေါ်ကြည်ကြည်၏ အသက်(၉၀)ပြည့် မွေးနေ့အတွက် သားသမီး မြေးတစ်စုတို့က ငွေကျပ်သုံးသိန်း၊ တောင်ဥက္ကလာပ ကေတုမာလာရိပ်သာ ဦးမင်းဟန်-ဒေါ်ကြည်ကြည်အေးက ငွေကျပ်တစ်သိန်း၊ လှိုင်မြို့နယ် ၁၆/၂ ရပ်ကွက် လှိုင်မြစ်လမ်း ကိုတင်အောင်မိုး-မခက်ခက်ခိုင်မိသားစုက ငွေကျပ်တစ်သိန်းငါးသောင်းတို့ကို လှူဒါန်းကြသည်။

လှူဒါန်းနိုင်

ဆေးနှင့် အလှူငွေများကို ရွှေပြည်ဟိန်းကျောင်း ဖုန်း-၅၄၁၄၉၃ သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(က-ပ)**

မော်လမြိုင်ကောလိပ် ဓာတုဗေဒ ကျောင်းသားဟောင်းများ တွေ့ဆုံပွဲ

ရန်ကုန် ဧပြီ ၂၄

မော်လမြိုင်ကောလိပ် ဓာတုဗေဒ (၁၉၇၄-၇၈) (ရန်ကုန် ဝ/သ Transfer နှင့် I.C များအပါအဝင်) ကျောင်းသား ကျောင်းသူဟောင်းများ၏ မိတ်ဆုံစားပွဲကို ဧပြီ ၂၉ ရက် (တနင်္ဂနွေနေ့) နံနက် ၁၀ နာရီတွင် ရန်ကုန်မြို့ ပန်းဆိုးတန်းဆိပ်ကမ်း နန်းသီတာအဆောက်အအုံရှိ ဘဲလေးစားတော်ဆက်၌ ကျင်းပရန် စီစဉ်ထားသဖြင့် ကျောင်းသား ကျောင်းသူဟောင်းများ မပျက်မကွက် တက်ရောက်ကြရန်နှင့် ဒုတိယဗိုလ်မှူးကြီးဌေးလွင် ဖုန်း-၀၉-၅၀၂၀၂၅၈၊ ကိုညာဏ်အောင် ဖုန်း-၀၁-၅၄၇၂၂၄၊ ကိုမောင်မောင်ချို ဖုန်း-၀၂-၆၅၅၆၈၊ ၀၉-၂၁၃၀၈၃၅၊ ကိုစင်းယုံ ဖုန်း-၀၉-၅၁၇၁၂၆၀၊ မညပွမ် ဖုန်း-၀၉-၅၁၇၇၂၆၂၊ ၀၁-၇၀၁၈၅၄၊ မမြင့်မြင့်ကြည် ဖုန်း-၀၁-၂၄၁၁၁၆၊ ၀၁-၃၈၇၇၉၇၊ ကိုကျော်ဟိုး ဖုန်း-၀၉- ၅၃၂၀၉၆၃ နှင့် မနုနုလွင် ဖုန်း-၀၅၂-၂၂၀၁၇ တို့သို့ ဆက်သွယ်ကြရန် နှိုးဆော်ထားကြောင်း သိရသည်။ **(က-ပ)**

မြန်မာ့အလင်း အင်တာနက် ဟော့ပိတ်သတင်း

ကင်မရွန်း အမြွှာညီအစ်မအား ဆော်ဒီ ဒေါက်တာ ခွဲစိတ်ပေး

ရီးယာ့ဒ် ဧပြီ ၂၄

ကင်မရွန်း ရင်ချင်းဆက်အမြွှာကို ဆော်ဒီအာရေဗျနိုင်ငံ ရီးယာ့ဒ်မြို့၌ ဧပြီ ၂၄ ရက်က ဆော်ဒီ ဒေါက်တာတစ်ဦးက ဦးဆောင်လျက် ၁၆ နာရီကြာ ခွဲစိတ်ခဲ့ကြောင်း အင်တာနက်သတင်းတွင် ဖော်ပြသည်။

ခွဲစိတ်ခဲ့

အဆိုပါ ရင်ချင်းဆက်အမြွှာမှာ ပင်ဘွန်းနှင့် ရှီဗိုဘို့အမည်ရှိ ၁၃ လ အရွယ် အမြွှာညီအစ်မဖြစ်သည်။ ယင်းတို့သည် ရင်ဘတ်၊ ဝမ်းဗိုက်နှင့် တင်ပါးဆုံတို့ဆက်နေပြီး တစ်ဦးစီတွင် ခြေတစ်ချောင်းစီပါရှိသော်လည်း အလယ်တွင် ခြေတစ်ချောင်းသာပါရှိသည်ဟုဆိုသည်။ အဆိုပါ ရင်ချင်းဆက်အမြွှာညီအစ်မကို ဒေါက်တာအယ်လ်ရာဘီးချ်ဦးဆောင်၍ ရီးယာ့ဒ်မြို့ ဘုရင်အဗ္ဗဒူလ်အဇစ် ဆေးရုံ၌ ခွဲစိတ်ခဲ့ခြင်းဖြစ်သည်။

ယုံကြည်

ယင်းတို့သည် အသည်း၊အူ၊အူသိမ်၊စအိုနှင့် မျိုးပွားစနစ်များ ဆက်သွယ်နေကြောင်း၊ ၎င်းတို့ကိုခွဲစိတ်ပြီး နာရီ ၆၀ အကြာ အောင်မြင်လိမ့်မည်ဟု ယုံကြည်ကြောင်း အဆိုပါ ဒေါက်တာက ပြောကြားသည်။

အီရတ်၌ တိုက်ခိုက်မှုများကြောင့် ၂၃ ဦးသေဆုံး

ဘဂ္ဂဒက် ဧပြီ ၂၄

အီရတ်နိုင်ငံ၌ ဧပြီ ၂၃ ရက်က အသေခံဗုံးခွဲတိုက်ခိုက်ရေးသမားများက ဆက်တိုက် တိုက်ခိုက်မှုများပြုလုပ်ခဲ့သဖြင့် လူ ၂၃ ဦး သေဆုံးသွားကြောင်း ရဲအဖွဲ့က ပြောကြားသည်။

ယင်းတိုက်ခိုက်မှုများမှာ ဘဂ္ဂဒက်မြို့ အစိမ်းရောင်ဇုန်၌ သုံးဦး၊ မိုဆူးလ်မြို့ ကားဗုံးခွဲတိုက်ခိုက်မှုတွင် ၁၀ ဦးနှင့် ဘာကူဘာရဲစခန်း၌ ၁၀ ဦး သေဆုံးခဲ့ကြောင်း အီရတ် ရဲတပ်ဖွဲ့က ပြောကြားသည်။

ထိမ်းမြားမင်္ဂလာကျေးဇူးတင်လွှာ

ရန်ကုန်တိုင်း၊ မှော်ဘီမြို့နယ်နေ
ဦးလှကြည်-ဒေါ်သိန်းချစ်တို့၏သား

မောင်မျိုးကိုကို B.E(Mechanical) YTU,M.Sc(Mechanical)NUS

နှင့်

နေပြည်တော်နေ
ဦးထွန်းမြအောင်(ဒုတိယညွှန်ကြားရေးမှူးချုပ်၊ သာသနာရေးဝန်ကြီးဌာန)-ဒေါ်ကြူကြူစန်းတို့၏သမီး

မစန်းထက်ရီဝင်း B.A(English)၊ACCA Final Candidate(UK)

တို့၏ ၂၂-၄-၂၀၀၇ရက် (တနင်္ဂနွေနေ့)တွင် ရန်ကုန်မြို့ Sedona Hotel(Grand Ballroom)၌ ကျင်းပပြုလုပ်သော မင်္ဂလာညစာစားဧည့်ခံပွဲသို့ ကြွရောက်ချီးမြှင့်ခဲ့ကြသော ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၏ဇနီး ဒေါက်တာဒေါ်တင်လင်းမြင့်နှင့်မိသားစုဆွေမျိုးများအားလည်းကောင်း၊ သာသနာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင်၊ ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သူရအောင်ကိုနှင့် ဇနီးဒေါ်မြင့်မြင့်ရီအားလည်းကောင်း၊ ညွှန်ကြားရေးမှူးချုပ်များနှင့် ဇနီးများ၊ အရာထမ်း၊ အမှုထမ်းများနှင့် ဆွေမျိုးမိတ်သင်္ဂဟ သူငယ်ချင်းများ အားလည်းကောင်း၊ အခမ်းအနားမှူးအဖြစ် ဆောင်ရွက်ပေးသည့် ဦးမင်းကြည်နှင့် မင်္ဂလာဆောင်အဖွဲ့သားများ၊ မိတ်ကပ်ဆံပင်အလှဆင်ယင်ပေးသော ထိုင်ပေအဖွဲ့သူများအားလည်းကောင်း၊ ဗီဒီယိုနှင့်ဓာတ်ပုံရိုက်ကူးပေးသော အင်းဝဓာတ်ပုံအဖွဲ့အားလည်းကောင်း၊ Sedona Hotel၏ မန်နေဂျာနှင့် ဝန်ထမ်းများအားလည်းကောင်း လှိုက်လှဲစွာကျေးဇူးတင်ရှိပါကြောင်း။

နှစ်ဖက်သောမိဘများနှင့်
မောင်မျိုးကိုကို-မစန်းထက်ရီဝင်း။

စေ့စပ်ကြောင်းလမ်းပြီးစီးခြင်း

ပဲခူးတိုင်း၊ ရွှေကျင်မြို့၊ ပွဲကုန်းရပ်ကွက်နေ
ဦးဝင်းကျော်-ဒေါ်ကျင်သန်း(အထက၊ရွှေကျင်)တို့၏ သားကြီး

ဗိုလ်ကြီးဟိန်းရန်ဝင်း (BCSC, D.S.A) နှင့်

မန္တလေးတိုင်း၊ မလှိုင်မြို့၊ မြို့ဦးရပ်နေ
ဦးသန်းလွင်(MPPE)-ဒေါ်ဖြူဖြူအောင်
(စိန်ရွှေရတနာရောင်းဝယ်ရေး)တို့၏ သမီးကြီး

မစုမွန်ထက် (B.A, History)

တို့သည် နှစ်ဖက်သော မိဘဆွေမျိုးများရှေ့မှောက်၌ ၉-၄-၂၀၀၇ ရက်တွင် စေ့စပ်ကြောင်းလမ်းပြီးစီးပါကြောင်း။

နှစ်ဖက်သောမိဘများနှင့်
ဗိုလ်ကြီးဟိန်းရန်ဝင်း(BCSC, D.S.A)-မစုမွန်ထက်(B.A, History)။

ငွေရတုမင်္ဂလာဆုတောင်း

ချစ်ဖေဖေ နှင့် **ချစ်မေမေ** တို့၏ ၂၄-၄-၂၀၀၇ ရက်တွင် ကျရောက်သော (၂၅)နှစ်မြောက် ငွေရတုမင်္ဂလာရက်မြတ်မှသည် နောင်နှစ်ပေါင်းများစွာတိုင် ချစ်သားသမီးတို့နှင့်အတူ နိုင်ငံနှင့် သာသနာ့အကျိုး ဆတက်ထမ်းပိုး သယ်ပိုးဆောင်ရွက်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းလျက်-

ချစ်သမီးကြီး – မမြတ်သက် B.A(English)
B.M Tech(Medical Imaging Technique)
ချစ်သား – ရဲမင်းသူ Dip; M.M
ချစ်သမီးငယ် – မတင်ဆုမွန် 1st Year Civil(GTC)

အတာတန်ခူး နှစ်သစ်ကူးသည့် ကောဇာသက္ကရာဇ် ၁၃၆၉ ခုနှစ် - နှစ်ဦးကာလမှစ၍
အပွမာဒ မမ္ဗရာသ စာချစ်သူ မိဘပြည်သူအပေါင်း
ကျန်းမာချမ်းသာစွာဖြင့် မမေ့မလျော့ မပေါ့မဆ အပွမာဒတရားကို
ဆင်ခြင်ရှုမှတ် ပွားများနိုင်ကြပါစေကြောင်း ဆုမွန်တောင်းလျက်...

အပ္ပမာဒ
မမ္ဗရာသ မဂ္ဂဇင်း
အတွဲ(၈) အမှတ်(၅)
၂၀၀၇-ခုနှစ် မေလထုတ်
လ စ ဉ် (၁ ၈) ရ က် နေ့ တို င် း
ထွ က် ပြီ
တန်ဖိုး (၉၀၀/-)
တစ်ပြည်လုံးဖြန့်ချိရေး-
ဦးအောင်မြင့်(ဆင်တောင်ကြီးစာပေ)
၄၁၊ ၂၉-လမ်း၊ ရန်ကုန်မြို့။ ဖုန်း-၃၈၁၀၇၃

မှတ်ချက်။ မျက်နှာဖုံးတွင် တန်ဖိုး ၇၀၀/-ဟု မှားယွင်း ဖော်ပြထားမိပါသဖြင့် စာဖတ်ပရိသတ်အား အနူးအညွတ်တောင်းပန်အပ်ပါသည်။

ကလေးနာမည်ပေး
ဆရာကြီးရာဇာဇော်ဝင်း
(LL.B.)နှင့်ဆက်သွယ်ပါ။(ပိတ်ရက်မရှိ)
☎ 01- 394727,09-5123509

Golden Star
ချောင်းသာ နေ့စဉ်
ငွေဆောင် April 27,28
အမှတ်-၂၄၊ ၁၅၃လမ်း။ တာမွေ။
Ph:544383,09-5133640

ပြည်သူ့ရင်ပြင်နှင့် ပြည်သူ့ဥယျာဉ် အထူးဈေးရောင်းပွဲတော်ကြီး

၂၀၀၇ခုနှစ်၊ ဧပြီလ (၂၇)ရက်မှ မေလ(၁)ရက် အထိ (၅)ရက်
သောကြာ၊ စနေ၊ တနင်္ဂနွေ၊ တနင်္လာ (ကဆုန်လပြည့်နေ့)၊ အင်္ဂါ (အလုပ်သမားနေ့)
နံနက်(၉:၀၀)နာရီမှ ည(၉:၀၀)နာရီအထိ

ဈေးပွဲတော်တွင် ဆိုင်ခန်းပေါင်း(၁၅၀)ကျော် ပါဝင်ရောင်းချမည့် အထူးဈေးရောင်းပွဲတော်ကြီးတွင် အရောင်းမြှင့်တင်ရေး၊ အရောင်းပြခန်းများ၊ ဈေးဆိုင်ခန်းများ ဖွင့်လှစ်ရောင်းချမည်ဖြစ်ပြီး ပျော်ပြေရေးအစီအစဉ်တွင် နာမည်ကြီးအဆိုတော်များပါဝင်သောစတိတ်ရှိုး၊ မော်ဒယ်ရှိုး၊ အကအဖွဲ့၊ စင်တင်မျက်လှည့်ပွဲ၊ အသံတုဟာသသရုပ်ဆောင်များဖြင့် အစမဲ့ပျော်ပြေပေးမှာဖြစ်ပါတယ်။ ဈေးနှုန်းလည်း သက်သာ ဝယ်စရာလည်းပေါ ပျော်စရာလည်းများတဲ့ ဟက်ပီးဝါးရဲ့ ဈေးရောင်းပွဲတော်ကို လာရောက်ဖို့ ဖိတ်ခေါ်ပါတယ်။

ဆက်သွယ်ရန်။ ။ ဟက်ပီးဝါးစေတ်မီကစားကွင်းအမှတ်(၃)၊ ပြည်သူ့ရင်ပြင်နှင့် ပြည်သူ့ဥယျာဉ်၊ ဒဂုံမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း- ၇၀၀၆၀၁၊ ၇၀၃၀၆၄၊ ၀၉၅၁၃၇၂၇၂၆

ထင်းလေလံကြော်ငြာ

သစ်တောထွက်ပစ္စည်းဖက်စပ်ကော်ပိုရေးရှင်းလီမိတက်ပိုင် အမှတ်(၁)၊ သစ်မာစက်ရုံ တောင်ဒဂုံနှင့် အမှတ်(၂) သစ်မာစက်ရုံ ဘုရားကြီးတို့မှ ၂၀၀၇ခုနှစ် ဧပြီ ၁ ရက်မှ စက်တင်ဘာ ၃၀ ရက် ခြောက်လအတွင်းထွက်ရှိသော ထင်းများကို ၂၀၀၇ခုနှစ် မေလ ၁၀ ရက်၊ (ကြာသပတေးနေ့) မွန်းလွဲ ၂ နာရီတွင် သစ်တောထွက်ပစ္စည်း ဖက်စပ်ကော်ပိုရေးရှင်းလီမိတက်ရုံးချုပ် အမှတ် ၄၂၂/၄၂၆၊ ဗိုလ်တထောင်ဘုရားလမ်းနှင့် ကမ်းနားလမ်းထောင့်၊ ဗိုလ်တထောင်မြို့နယ် ရန်ကုန်တွင် ဈေးပြိုင်စနစ်ဖြင့် လေလံရောင်းချမည်ဖြစ်ပါ၍ စိတ်ပါဝင်စားသူများ လေလံဝင်ရောက်ဆွဲဝယ်ယူနိုင်ပါကြောင်း ကြော်ငြာအပ်ပါသည်။ အသေးစိတ်သိရှိလိုပါက အောက်ပါဖုန်းနံပါတ်များသို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

ဖုန်း-၂၀၀၉၃၉၊ ၂၀၂၁၀၁၊ လိုင်းခွဲ-၁၃၅၊
လေလံရောင်းချရေးအဖွဲ့။

ဦးကျော်ဇေယျ ထွက်ပြီ
အသုံးချဥပဒေဝေါဟာရများ
(အင်္ဂလိပ်-မြန်မာ)
မယ်နွဲ့မောင်စာပေတိုက်၊ အမှတ်(၁၂၄)၊ အခန်း(၁၀)၊ ဆူးလေဘုရားလမ်း။
ဖုန်း - ၀၉ ၅၁၅ ၃၆၄၀

သားအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

ကျွန်တော်၊ကျွန်မတို့၏ သားမောင်မျိုး ၁၂/တမန(နိုင်)၀၂၂၆၂၂ သည် မိဘများအား စိတ်ဆင်းရဲအောင် အမျိုးမျိုးပြုလုပ်သွားပါသဖြင့် ယနေ့မှစ၍ သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။၎င်းနှင့်ပတ်သက်သော ကိစ္စအဝဝကို တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါ။

စုံစမ်းမေးမြန်းခြင်းသည်းခံပါ။
ဦးညွန့်လှ ၁၂/တမန(နိုင်)၀၅၄၉၁၀၊
ဒေါ်စန်းကြည် ၁၂/တမန(နိုင်)၀၅၄၃၉၈
အမှတ် ၃၃၊ ကျောက်ရေတွင်းလမ်း၊
ကျောက်မြောင်းကြီးရပ်ကွက်၊
တာမွေမြို့နယ်။

အပန်းလည်းဖြေ၊ ဗုဒ္ဓသုတလည်းရစေဖို့-ထိုင်း-မြန်မာနယ်စပ်
မြဝတီ-မဲဆောက် သို့အလည်သွားကြစို့
ကဆုန်လပြည့် — ဖိတ်ရက်အထူးအစီအစဉ်
ဧပြီ(၂၇)ရက်ညမှ မေ(၁)ရက်အထိ
Golden Hope (အဆင့်မြင့်ခရီးသွားလုပ်ငန်း)
☎ : 295556 , 703220, 4412519
အမှတ်-၁၁၄၊ ဒု(ထပ်)၊ လမ်း(၅၀)၊ ပုဇွန်တောင်။

ရွှေကြေးစည်-ဘုရားစုံ-ခရီးစဉ်များ
▲ အလောင်းတော်ကဿပ+မုံရွာ (သီတင်း ၄ရက်) [ဧပြီ ၂၈ နှင့် အပတ်စဉ်]
▲ မန္တလေး-ပြင်ဦးလွင် စစ်ကိုင်း မုံရွာ (၆)ရက်။ ဆက်၍- အလောင်းတော်ကဿပ (၇)ရက်။
▲ တောင်ကြီးအင်းလေးပင်းတယကျွဲတော်ကဘွဲ (၅)ရက်။ ▲ ပုဂံ-ပုပ္ပားရွှေဆံတော်လေးဆူ(၄)ရက်။
▲ (ကျိုက္ကမီ-ကဆုန်ပွဲ၊ မော်လမြိုင်၊ စက်စဲ) (မြဝတီ-မဲဆောက်) (ဇလွန်) (ကျိုက်ထီးရိုး-နေ့စဉ်)
ဒေါ်စမ်းစမ်းအောင်၊ ၂၉၂၊ ပန်းဆိုးတန်းလမ်း ☎ 240860 / 372290
၂၇၁၊ မင်းနန္ဒာလမ်းမကြီး၊ ဒေါပုံ(သာကေတကျောက်တိုင်အနီး) ☎ 721735

ကျေးဇူးဆပ်ပါမည်

ကျွန်တော်ကျော်မျိုးနိုင်(ခ)မျိုးကိုကို၏နိုင်ငံကူးလက်မှတ် အမှတ်–၉၄၄၇၆ရာ ပန်းဆိုးတန်းလမ်း၌ကျပျောက်သွားပါ၍ တွေ့ရှိပါက အကြောင်းကြားပါရန်။ **ဖုန်း–၀၉–၅၁–၀၉၆၈၉။**

ကျေးဇူးဆပ်ပါမည်

ကျွန်တော်ကျွန်မတို့၏ နိုင်ငံကူးလက်မှတ်များ ၆၅၈၉၃၃၊ ၈၈၆၀၂၁နှင့် ၈၈၆၇၆၉ စာအုပ်သုံးအုပ် ကျပျောက်သွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

ဆက်သွယ်ရန်–
ဖုန်း–၀၉–၅၀၀၇၁၈၂။

Y.E.S. မှ အင်္ဂလိပ်ဘာသာစကား သင်တန်းများ Since 1994

Basic Spoken English :	Apr-9,23,28,May: 14
Basic Writing Course:	Apr-28,May: 14
Grammar Foundation Course :	Apr-23,28
Pre-Intermediate English:	Apr-9,23,28
Structure & Written Expression:	Apr-28
Issues in Writing,Academic Writing:	Apr-23,28
Academic Preparation for IELTS, TOEFL:	May-7

IELTS, SAT, IE, VEC
190,2nd Flr,28th St (Upper) Pabedan Tsp. ☎ 243950

စိန်ဝင်းနှင့်ရောင်းရင်းများ ဘုရားစုံဖူးအဖွဲ့
▲ပုဂံခရီးစဉ်(အပတ်စဉ်)▲မန္တလေးခရီးစဉ်(အပတ်စဉ်)▲တောင်ကြီးခရီးစဉ်(အပတ်စဉ်)▲မြဝတီ-မဲဆောက်ခရီးစဉ်(April 27) ▲မူဆယ်ခရီးစဉ် (အပတ်စဉ်)၊ ▲ကျိုက်ထီးရိုး(နေ့စဉ်)၊ ▲ချောင်းသာ(နေ့စဉ်)၊ ▲ဇလွန်(စနေ၊တနင်္ဂနွေ) စီးလုံးငှားအော်ဒါလက်ခံသည်၊ ကြိုတင်လက်မှတ်ရောင်းပြီ၊ စုံစမ်းပါ၊
အမှတ်(၂၃၅)ပန်းဆိုးတန်းလမ်း၊ 249871, 09-51 37245,09-99 72025

ဦးညဏ်လွင် B.Sc (Phy), M.Sc (Thesis)
ရူပဗေဒသင်တန်းများ
အမှတ် (၁၈၆)ဆိပ်ကမ်းသာလမ်း(လယ်)၊ ☎ 253205
(၅၇၃)ဇောတိကလမ်း၁၆/၄ရပ်ကွက်သယ်န်းကျွန်း၊ ☎ 09-510-8309

မော်တော်ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၃ခ/၄၉၈၀၊ မစ်ဆူဘီရှိ ပါဂျဲရိုး(SW)ယာဉ်လက်ဝယ်ရှိသူအမည် North Andaman Resources Ltd.၊ မှတ်ပုံတင်အမှတ်မှ ယာဉ်မှတ်ပုံတင်စာအုပ်(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညန၊ (အနောက်ပိုင်းခရိုင်)၊ ရန်ကုန်မြို့။

မြို့ရွာတစ်ခွင် သာစေချင် မီးတွင် မပေါ့နှင့်

၂၀၀၇ခုနှစ် မတ်လတွင် မူးယစ်ဆေးဝါး ဖမ်းဆီးရမှု

ရန်ကုန် ဧပြီ ၂၄

၂၀၀၇ခုနှစ် မတ်လတွင် တပ်မတော်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့နှင့် အကောက်ခွန်ဦးစီးဌာနတို့က မူးယစ်ဆေးဝါးအမှုပေါင်း ၂၁၇ မှ ဖမ်းဆီးနိုင်ခဲ့ပြီး ဘိန်း ၅၆မှ အလေးချိန် ၉၃ ဒသမ ၉၂၅၄ ကီလို၊ ဘိန်းဖြူ ၆၉ မှ အလေးချိန် ၁ ဒသမ ၃၆၄၈၄ ကီလို၊ ဘိန်းဆီ ၁၀ မှ အလေးချိန် ၂ ဒသမ ၉၃၉၅ ကီလို၊ အဆင့်နိမ့်ဘိန်း ၁၂ မှ အလေးချိန် ၄ ဒသမ ၈၂၃၃ ကီလို၊ ဆေးခြောက် ၁၇ မှ အလေးချိန် ၂၈ ဒသမ ၁၀၁၁ ကီလို၊ စိတ်ကြွရူးသွပ်ဆေးပြား ၃၄မှ ၁၈၃၈၇ ပြား၊ ဘိန်းစားမှုန့်ရှစ်မှ အလေးချိန် ၃ ဒသမ ၃၉ ကီလို၊ အက်ဖီဒရင်းတစ်မှ အလေးချိန် ၉ ကီလို၊ ဖြူပရီနော်ဖင်းထိုးဆေးတစ်မှ ၁၉၅ လုံး၊ မှတ်ပုံတင်ပျက်တစ်မှု၊ အခြားအမှုရှစ်မှုတို့ ဖြစ်သည်။

အရေးယူ

၂၀၀၇ခုနှစ်မတ်လတွင် အမှုပေါင်း ၂၁၇ မှ ဖမ်းဆီးခဲ့ရာတွင် တရားခံကျား ၂၅၃ဦး၊ မ ၆၉ဦး စုစုပေါင်း တရားခံ ၃၂၂ဦးတို့အား ဥပဒေအရ အရေးယူခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မိုးလေဝသအခြေအနေ

(၂၅-၄-၂၀၀၇)

နေပြည်တော်

နေပြည်တော်နှင့်အနီးတစ်ဝိုက်တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။

ရန်ကုန်

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

မန္တလေး

မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာဖွယ်ရာရှိသည်။

တိုင်းနှင့်ပြည်နယ်အချို့၌ လေပြင်းများတိုက်ခတ်ပြီး မိုးသည်းထန်စွာရွာသွန်းခဲ့

ရန်ကုန် ဧပြီ ၂၄

မကွေးတိုင်း ဂန့်ဂေါမြို့နယ်၌ ဧပြီ၂၂ရက် မွန်းလွဲပိုင်းက လေပြင်းများ တိုက်ခတ်၍ မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် အဆောက်အအုံအချို့ပြိုကျခြင်း၊ သွပ်ချပ်များလွင့်ထွက်ခြင်း၊ သစ်ပင်များပြိုလဲ၍ လျှပ်စစ်မီးကြိုးတိုင်နှင့် တယ်လီဖုန်းကြိုးများ ပျက်စီးခြင်းများရှိခဲ့သည်။

ဧပြီ ၁၈ ရက်၊ ၁၉ ရက်နှင့် ၂၀ ရက်များကလည်း ရှမ်းပြည်နယ် ညောင်ရွှေမြို့နယ်အတွင်းရှိ ကျေးရွာအချို့တွင်လည်းကောင်း၊ မန္တလေးတိုင်း မြစ်သားမြို့တွင်လည်းကောင်း၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံခရိုင် မက်မန်းမြို့နယ်တွင်လည်းကောင်း၊ မိုင်းဆတ်ခရိုင် မိုင်းတုံမြို့တွင်လည်းကောင်း၊ ကချင်ပြည်နယ် မြစ်ကြီးနားမြို့တွင်လည်းကောင်း လေပြင်းများတိုက်ခတ်ပြီး မိုးသည်းထန်စွာရွာသွန်းမှုကြောင့် အဆောက်အအုံအချို့ပြိုကျခြင်း၊ သွပ်မိုးများပွင့်ထွက်ခြင်း၊ သစ်ပင်များပြိုလဲ၍ မီးလိုင်းနှင့် တယ်လီဖုန်းလိုင်းများ ပြတ်တောက်ခြင်း၊ မိုးသီးများ ကျရောက်သဖြင့် စပါးခင်းအချို့ ပျက်စီးခြင်းများ ဖြစ်ပွားခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မီးလောင်သတင်း

ရန်ကုန် ဧပြီ ၂၄

ပဲခူးတိုင်း ဒိုက်ဦးမြို့နယ် အမှတ် ၃ရပ်ကွက် ဖအောင်ဝဲလမ်း၌ ဧပြီ ၂၀ ရက်က ဝါယာရှော့ဖြစ်၍ မီးလောင်မှုဖြစ်ပွားရာ တဲအိမ်နှစ်လုံးနှင့် ကြက်ခြံတစ်လုံး မီးလောင်ဆုံးရှုံးခဲ့သည်။

မိုးညို

ပဲခူးတိုင်း မိုးညိုမြို့နယ် မြစ်သားကျေးရွာ၌ ဧပြီ ၂၃ ရက်က မီးလောင်မှုဖြစ်ပွားရာ အိမ်ခြေ ၅၃လုံး မီးလောင်ဆုံးရှုံးခဲ့ပြီး အိမ်ထောင်စု ၅၈စု အိုးမဲ့အိမ်မဲ့ဖြစ်ခဲ့ကြောင်း သိရသည်။

(သတင်းစဉ်)

ရန်ကုန်တိုင်း တာမွေမြို့နယ် ၁၅၅ လမ်း အမှတ် ၄၇နေ ကွယ်လွန်သူ မိဘများဖြစ်ကြသော ဦးသိန်း-ဒေါ်ရင်နု(ခ)ဒေါ်ညိုနှင့် ကျန်ရစ်သူ ကိုမြင့်လွင်-မမြင့်မြင့်သန်း၊ ကိုမျိုးအောင်စိုး-မညွန့်ညွန့်သိန်း၊ မညွန့်ညွန့်သန်း၊ မအလိမ္မာနှင့် မယဉ်ယဉ်ဌေး မိသားစုတို့က ဧရာဝတီတိုင်း မြန်အောင်မြို့ ပရဟိတမြို့ရွှေကျောင်းတိုက် မြန်အောင်သမ္ဗုဒ္ဓေဘုရား တစ်ဆူအတွက် အလှူငွေကျပ် တစ်သိန်းလှူဒါန်းသဖြင့် သာသနာပြု ဆရာတော်က ဂုဏ်ပြုမှတ်တမ်းလွှာ ချီးမြှင့်တော်မူစဉ်။ (က-ပ)

အရုဏ်ဆွမ်း ပဒေသာပင်အတွက် ငွေလှူဒါန်း

မန္တလေး ဧပြီ ၁၀

မန္တလေးတိုင်း မဟာအောင်မြေမြို့နယ် စိန်ပန်းယဉ်ပုံရပ် မဟာစည်ရတနာပုံ သာသနာ့ရိပ်သာ ရတနာပုံ ဝိပဿနာအသင်းသို့ အရုဏ်ဆွမ်းဆက်ကပ်ပြီး ထာဝရအရုဏ်ဆွမ်းပဒေသာပင်အတွက် အလှူငွေလှူဒါန်းပွဲကို ဧပြီ ၁ရက် နံနက် ၆နာရီက စံကျောင်းတွင် ကျင်းပရာ ပဓာနနာယက မဟာကမ္မဋ္ဌာနာစရိယ သာသနဓဇ ဓမ္မာစရိယ ဘဒ္ဒန္တပညာဝံသ အရှင်မြတ်ကြွရောက်တော်မူသည်။

အလှူရှင်မှာ ကွယ်လွန်သူ ဖခင် ဦးမိုးနှင့်ခင်ပွန်းဦးသန်းရွှေတို့အားရည်စူး၍ မန္တလေးမြို့ ၂၂လမ်း၊ ၉၀-၉၁လမ်းကြား၊ အောင်မြေမန္တလာတိုက်ခန်း အမှတ်(၅)နေ ဒေါ်လှပို(သမီး)၊ ကိုတင်အောင်သန်း(ဘဏ်-၂) မလွင်လွင်သန်း(ဘဏ်-၂)၊ မြေး မဟန်ထက်စုတို့က မဟန်ထက်စု၏ နှစ်နှစ်ပြည့် မွေးနေ့မင်္ဂလာအဖြစ် ဆရာတော်၊သံဃာတော် ယောဂီသူတော်စင် အပေါင်းတို့အား အရုဏ်ဆွမ်း ဆက်ကပ်ပြီး ထာဝရ အရုဏ်ဆွမ်း ပဒေသာပင် အလှူငွေကျပ် သုံးသိန်း လှူဒါန်းရာ ရတနာပုံဝိပဿနာ အသင်းဥက္ကဋ္ဌ ဦးကြင်သိန်း၊ တွဲဖက် အတွင်းရေးမှူး ဦးမောင်မောင်တို့က လက်ခံ၍ ဂုဏ်ပြုလွှာပြန်လည် ပေးအပ်ပြီး**(ယာပုံ)** ဆရာတော် ဘဒ္ဒန္တပညာဝံသ အရှင်သူမြတ်က ရေစက်ချတရား ဟောကြားကြောင်း သိရသည်။ **(က-ပ)**

ရွှေတောင်မြို့ ရေးဟောင်း သမိုင်းဝင် ရွှေမျက်မှန်ဆုတောင်းပြည့်ဘုရား ဂန္ဓကုဋိတိုက် ဘုံနန်းပြာသာဒ် တည်ဆောက်ရေးအတွက် ရန်ကုန်မြို့ ဗိုလ်ချုပ်ဈေးမှ ဦးကြည်ထွန်းနှင့် ဇနီးက ငွေကျပ်တစ်သိန်း လှူဒါန်းရာ ပဲခူးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဗိုလ်မှူးကြီးစိန်မြင့်က လက်ခံယူစဉ်။ (၁၁၆)

စူဠဘွဲ့နှင်းသဘင်ပွဲ အင်းတော်၌ ကျင်းပ

အင်းတော် ဧပြီ ၁၀

(၂၄)ကြိမ်မြောက် စူဠဘွဲ့နှင်းသဘင် အခမ်းအနားကို ဧပြီ ၂ရက် ညနေ ၄နာရီက အင်းတော်မြို့ မြို့မ ပရိယတ္တိစာသင်တိုက် စိန်ရတနာဓမ္မာရုံတွင် ကျင်းပသည်။

ရှေးဦးစွာ အခမ်းအနားကို နမောတဿ သုံးကြိမ်ရွတ်ဆို၍ ဖွင့်လှစ်ပြီး လယ်ပြင်-သီဘာကျောင်း ဆရာတော် ဦးပညာသာမိကသြဝါဒမြွက်ကြားသည်။ ထို့နောက် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမြင့်ဝင်းက သာသနာရေးဆိုင်ရာများ လျှောက်ထားပြီး ပထမကြီးတန်း စာအောင် ခြောက်ပါး၊ ပထမလတ်တန်းအောင် ၂၁ပါးနှင့် ပထမငယ်တန်းအောင်၃၆ပါးတို့အား ဆုလက်မှတ်နှင့် ဝတ္ထုငွေများ ဆက်ကပ်ကြသည်။

ရေစက်ချ

ဆက်လက်၍ လယ်ပြင်-သီဘာ ဆရာတော်ထံမှ ငါးပါးသီလခံယူ ဆောက်တည်ကြပြီး ကုသိုလ်ကောင်းမှု အစုစုတို့ကို ရေစက်သွန်းချ အမျှပေးဝေကြကာ ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆို၍ အခမ်းအနားကို ရုပ်သိမ်းသည်။

လောင်းလှူ

အခမ်းအနားအပြီးတွင် သံဃာအပါး ၂၀၀ကျော်တို့အား ဆွမ်းဆန်စိမ်းနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများ လောင်းလှူကြသည်။ **(၁၃၃)**

ထွန်းတောက်ကြယ် စာကြည့်တိုက်အဆောက်အအုံသစ်ဖွင့် ရေရှည်တည်တံ့ရေးရှင်းလင်း၊စာအုပ်မျိုးစုံပေးအပ်လှူဒါန်း

ကျိုက်ထို ဧပြီ ၆

ကျိုက်ထိုမြို့နယ် ငှက်ပျောတောကျေးရွာ ထွန်းတောက်ကြယ်စာကြည့်တိုက်အဆောက်အအုံသစ်ဖွင့်ပွဲကို မတ် ၂၁ရက် နံနက် ၉နာရီက အဆိုပါ စာကြည့်တိုက်တွင် ကျင်းပသည်။

ဖွင့်လှစ်

ရှေးဦးစွာ အဆောက်အအုံသစ်ကို မြို့နယ်အသင်းအတွင်းရေးမှူး ဦးစိုးဝင်းအောင်၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူးဒေါ်ခင်စောလင်းနှင့် ကျေးရွာအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမောင်တူးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ **(အောက်ပုံ)**

အခမ်းအနားတွင် မြို့နယ်အသင်း အတွင်းရေးမှူးဦးစိုးဝင်းအောင်က အမှာစကားပြောကြားပြီး မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူးက စာကြည့်တိုက် ရေရှည်တည်တံ့ရေး ရှင်းလင်းပြောကြားသည်။

လှူဒါန်း

ထို့နောက် မြို့နယ်အသင်း အတွင်းရေးမှူးက ဘာသာရေးမဂ္ဂဇင်း ၃၅အုပ်၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက သုတ၊ ရသစာအုပ် မျိုးစုံ အုပ် ၈၀၊ ငှက်ပျောတောကျေးရွာမှ ဦးစောဇော်သက်ဦးက သုတ၊ ရသစာအုပ်၂၅အုပ်၊ ကျေးရွာမှ လစဉ် စာအုပ်အလှူရှင်များက စာအုပ်၊ စာစောင်များ လစဉ်ဝယ်နိုင်ရေးအတွက် အလှူငွေများ ပေးအပ်လှူဒါန်းကြကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

ရေစကြိုမြို့နယ်၌ စက်ရေတွင်းဖွင့်

ရေစကြို ဧပြီ ၈

မကွေးတိုင်း ရေစကြိုမြို့နယ် ကံစွယ်ကျေးရွာအုပ်စုတွင် ရေစကြိုမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ၂၀၀၆-၂၀၀၇ ဘဏ္ဍာရေးနှစ်အတွင်း ကျေးလက်ဒေသ သန့်ရှင်းသော သောက်သုံးရေရရှိရေးအတွက် အဖွဲ့ရန်ပုံငွေမှ ငွေကျပ် ၁၃၁၅၀၀၀ ဖြင့် အကုန်အကျခံ၍ နှစ်လက်မ စက်ရေတွင်းဖွင့်ပွဲကို မတ် ၂၅ ရက်က ယင်းစက်ရေတွင်းရှေ့မှခ်ဦးတွင် ကျင်းပသည်။

ဖွင့်လှစ်

အခမ်းအနားတွင် မြို့နယ်ဥက္ကဋ္ဌ ဦးခင်ဇော်၊ အမှုဆောင်အရာရှိ ဦးဇော်ဖြိုးတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။

အကုန်အကျခံ

အခမ်းအနားသို့ မြို့နယ်အဖွဲ့အစည်းများ၊ ကျေးရွာပြည်သူများ တက်ရောက်ကြသည်။ ယင်းစက်ရေတွင်းမှာ ၁နာရီလျှင် ရေဂါလန် ၁၂၀၀ ကျော်ထွက်ရှိသဖြင့် ကျေးရွာပြည်သူများ ဝမ်းသာလျက်ရှိကြပြီး ရေစကြိုမြို့နယ်စည်ပင်သာယာရေးအဖွဲ့အနေဖြင့် ၂၀၀၆-၂၀၀၇ အထိ စက်ရေတွင်းလေးတွင်း၊ ရေလှောင်ကန်တစ်လုံး တူးဖော်ဆောင်ရွက်ပေးခဲ့ပြီး ငွေ ကျပ် ၈၁၈၇၅၀၀ ဖြင့်အကုန်အကျခံ၍ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **(၂၅၁)**

ရွှေဘိုမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ၂၀၀၆-၂၀၀၇ ဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက်သည့် ခွန်တောင်းငယ်ကျေးရွာ ကျေးလက်အိမ်ရာ ဆောက်လုပ်မှုကို အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးနီထွန်းနှင့် တာဝန်ခံအင်ဂျင်နီယာ ဒေါ်သီတာဦးတို့ ကြီးကြပ်ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

ပြည်မြို့လုံးဆိုင်ရာ စုပေါင်းရှင်ပြုပွဲ ကျင်းပ

ပြည် ဧပြီ ၁၈

ပဲခူးတိုင်း(အနောက်ပိုင်း)ပြည်မြို့ မူလတက္ကသိုလ်ကျောင်းတိုက်ကြီး၏ ဦးစီးပဓာန နာယက ရှင်တစ်ထောင်ဆရာတော် မဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တကုလာသဘအမှူးပြု၍ မြို့မိ၊ မြို့ဖများနှင့် ဆေးရေးရပ် အရန်မီးသတ်တပ်ဖွဲ့ဝင်များ ဦးစီးကျင်းပသော (၃၆)ကြိမ်မြောက် ပြည်မြို့လုံးဆိုင်ရာ စုပေါင်းရှင်ပြုပွဲ အခမ်းအနားကို ဧပြီ ၁၄ရက် နံနက်ပိုင်းက ကျင်းပသည်။

ဆောက်တည်

ရှေးဦးစွာ အခမ်းအနားကို နမောတဿ သုံးကြိမ်ရွတ်ဆိုဆုတောင်း၍ ဖွင့်လှစ်ပြီး ရှင်တစ်ထောင် ဆရာတော် မဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တကုလာသဘထံမှ အလှူရှင်မိသားစုများနှင့် ဧည့်ပရိသတ်တို့က ကိုးပါး သီလခံယူဆောက်တည်ကြသည်။

ဆက်ကပ်

ထို့နောက် ဆရာတော်၊ သံဃာတော်များက မေတ္တာသုတ်ပရိတ်တရားတော်များကို ရွတ်ပွားချီးမြှင့်ပြီး သက်တော်ရှည် မဟာထေရ် ဆရာတော်ကြီး ၁၀ပါးနှင့် ဆရာတော်၊ သံဃာတော်များ၊ ရပ်ဝေးရပ်နီးမှ အလှူရှင်များက လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

အမျှဝေ

ဆက်လက်၍ ရှင်တစ်ထောင်ဆရာတော် မဟာသဒ္ဓမ္မဇောတိကဓဇ၊ ဘဒ္ဒန္တကုလာသဘက အနုမောဒနာတရားနှင့် လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကာ အခမ်းအနားကို ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆိုဆုတောင်းပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။ **(၄၀၃)**

မတ် ၂၀ရက်က ဟိုပင်မြို့ အောင်ဝိဇ္ဇာလမ်း ကျောက်ချောလမ်းခင်းနေခြင်းကို အုပ်ချုပ်ရေးမှူး ဦးခိုင်မင်းကိုက ကြည့်ရှုစစ်ဆေးရာ မြို့တာဝန်ခံ ဦးသိန်းထူးနှင့် တာဝန်ခံ အင်ဂျင်နီယာ ဦးတင်ထွန်းအောင်တို့က လိုက်လံ ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

နံရံကပ်စာစောင်၊ ဓာတ်ပုံပြပွဲ ယင်းမာပင်၌ ကျင်းပ

ယင်းမာပင် ဧပြီ ၆

နံရံကပ်စာစောင်၊ ဓာတ်ပုံပြပွဲအခမ်းအနားကို မတ် ၂၆ ရက် ညနေ ၄ နာရီက ယင်းမာပင်မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး သာယာအေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ရီရီပြုံးနှင့် အဖွဲ့ဝင်များ၊ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင်များ၊ မြို့နယ် စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ၊ မြို့နယ် ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ မြို့နယ်အရန်မီးသတ်တပ်ဖွဲ့ဝင်များ အင်အား ၈၅ဦးခန့် တက်ရောက်ကြပြီး နံရံကပ်စာစောင်နှင့် ဓာတ်ပုံပြပွဲကို လှည့်လည်ကြည့်ရှုကြကြောင်း သိရသည်။ (မြို့နယ် ပြန်/ဆက်)

မိဘနှစ်ပါးနှင့် သားမောင်အောင်ဇော်ဦးတို့အားရည်စူး၍ ရန်ကုန်တိုင်း ပုဇွန်တောင် ရေကျော်လမ်း အမှတ် (၂၇) ခုနစ်လွှာနေ ဆရာမ ဒေါ်တင်မြ၊ ဒေါ်ခင်သွဲ့၊ သမီး မချိုနွယ်ဦး၊ မယဉ်မင်းထိုက်နှင့် မြေး မဆုရတနာဦး၊ မနွေးရတနာထွန်း၊ မမေသီရိပြည့်စုံ၊ မောင်တည်ကြည်မင်းခန့်နိုင်နှင့် မဟန်စုယဉ် မိသားစုက ဒဂုံမြို့နယ် အမှတ် ၁၆ စကားဝါလမ်း မင်းကွန်း ဆရာတော်ကြီး၏ တိပိဋက တိုးချဲ့ခြောက်ထပ်ကျောင်းတော်ကြီးအတွက် အလှူငွေကျပ် တစ်သိန်းငါးသောင်းကို အနုနာယက ဆရာတော် ဘဒ္ဒန္တပဏ္ဍိစ္စထံ ရေစက်ချ အနုမောဒနာ တရားနာယူပြီး တိ=နိ(ရန်ကုန်ဌာန) အတွင်းရေးမှူး ဦးကျော်စိန်ထံ ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

လှိုင်လင်မြို့နယ်စည်ပင် မြို့သာယာလှပရေး အကောင်အထည်ဖော်

လှိုင်လင် မေ ၁၀

ရှမ်းပြည်နယ် (တောင်ပိုင်း) စည်ပင်သာယာရေးအဖွဲ့မှ ညွှန်ကြားရေးမှူး ဦးသောင်းစိန်သည် မတ် ၁၆ရက်က လှိုင်လင်မြို့နယ်စည်ပင်သာယာရေးအဖွဲ့၏စည်ပင်သာယာရေး လုပ်ငန်းများ ဆောင်ရွက်မှုကို ကွင်းဆင်းစစ်ဆေးရာမြို့တွင်းလမ်းများ ဆောင်ရွက်နိုင်မှု၊ မြို့သာယာလှပရေး လုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်ထားရှိမှုနှင့်ကုန်းမြင့်ရပ်ကွက် တိုးချဲ့ရေပေးရေးလုပ်ငန်း အကောင်အထည်ဖော် ဆောင်ရွက်ပြီးစီးမှုတို့ကို ကြည့်ရှုစစ်ဆေးကြောင်း သိရသည်။

(နယ်စပ်/စည်ပင်)

အိန္ဒိယနိုင်ငံ မဇ္ဈိမဒေသ ဗုဒ္ဓဂယာမြေမြတ်မဟာရှိ ဗုဒ္ဓဂယာမြန်မာကျောင်း (မူလကျောင်းဟောင်း) အနောက်ဘက်တိုးချဲ့မြေနှစ်ဧက ဝယ်ယူရန်နှင့် သာသနိကအဆောက်အအုံများ ဆောက်လုပ်ရန်အတွက် ရန်ကုန်တိုင်း ကြည့်မြင်တိုင်မြို့နယ် ဌာနာလမ်း အမှတ်(၈၇)နေ ဦးစိုးမြင့်-ဒေါ်အေးမြင့်တို့၏ (၃၃)နှစ်ပြည့် မင်္ဂလာနေ့ အထိမ်းအမှတ် ကောင်းမှုအလှူအဖြစ် အလှူငွေကျပ် တစ်သိန်းကို ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် မြေနီကုန်းကျောင်းလမ်းနှင့် (ဂမုန်းပွင့်ဘေးလမ်း) အောင်တော်မူလမ်းရှိ မြန်မာနိုင်ငံ ဗုဒ္ဓဂယာကျောင်း အမှုဆောင် ဆရာတော် (နောင်တရား) အရှင်ဣန္ဒာစာရထံ ဆက်ကပ်လှူဒါန်းစဉ်။

(က-ပ)

မြိတ်မြို့ ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက် အဆောက်အအုံဖွင့်

ရန်ပုံငွေနှင့် စာအုပ်၊ စာစောင်များ လှူဒါန်း

မြိတ် မေ ၁၂

တနင်္သာရီတိုင်း မြိတ်မြို့နယ် ကန်ကြီးရပ်ကွက် ကွက်သစ်ရပ် ပညာဒါန ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်အဆောက်အအုံဖွင့်ပွဲ၊ ရန်ပုံငွေနှင့် စာအုပ်၊ စာစောင်လှူဒါန်းပွဲကို မတ် ၃၁ရက် နံနက် ၉နာရီက အဆိုပါစာကြည့်တိုက် အဆောက်အအုံ၌ ကျင်းပရာ တနင်္သာရီတိုင်း ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးကြည်နှင့် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးကျော်ရွှေတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ (ယာပုံ)

ယင်းနောက် စာကြည့်တိုက် အဆောက်အအုံဖွင့်ပွဲ အထိမ်းအမှတ် အလံကို ရပ်ကွက်ဥက္ကဋ္ဌ ဦးလှထွန်းက ပေးအပ်၍ တိုင်းလက်ထောက်ညွှန်ကြားရေးမှူး ဦးကြည်နှင့် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တို့က လက်ခံရယူကြသည်။

လှူဒါန်း

ဆက်လက်၍ စေတနာရှင်များက စုပေါင်းလှူဒါန်းသော စာကြည့်တိုက် ရန်ပုံငွေကျပ် တစ်သိန်းနှင့် စာအုပ်၊ စာစောင် အုပ်၄၅၀ကို အလှူရှင်တစ်ဦးက ပေးအပ်လှူဒါန်း၍ စာကြည့်တိုက် ကော်မတီဥက္ကဋ္ဌ ဦးချိုလေးနှင့် စာကြည့်တိုက်မှူး ဦးထွန်းထွန်းဦးတို့က လက်ခံယူကြသည်။

အသိပညာပေး

ထို့နောက် လက်ထောက်ညွှန်ကြားရေးမှူး ဦးကြည်က စာကြည့်တိုက် ဖွင့်ရခြင်း အကျိုးကျေးဇူးနှင့် စာကြည့်တိုက်များ ရှင်သန်ဖွံ့ဖြိုးစေရန် စုပေါင်းဆောင်ရွက်ရေးကိုလည်းကောင်း၊မြို့နယ်ဥက္ကဋ္ဌ ဦးကျော်ရွှေက ပြည်သူလူထု စာပေ ဗဟုသုတ လေ့လာဖတ်ရှု၍ အသိပညာတိုးတက်အောင် ဆောင်ရွက်ရန် လည်းကောင်း ဆွေးနွေးပြောကြားပြီး စာကြည့်တိုက်ကော်မတီဥက္ကဋ္ဌ ဦးချိုလေးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားကြောင်း သတင်းရရှိသည်။ **(ခရိုင် ပြန်/ဆက်)**

ဒိုက်ဦးမြို့နယ် စည်ပင်သာယာရေးအဖွဲ့ဆောင်ရွက်သော ရှမ်းစု-ပသွယ်လမ်း ဂဝံခင်းခြင်းလုပ်ငန်းကို မေ ၃ရက်က စည်ပင်သာယာရေး ဦးစီးဌာန (ရုံးချုပ်)မှ ညွှန်ကြားရေးမှူး ဦးကျော်ဆန်း ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးသန်းလင်းထွန်းနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးစိုးဝေတို့က ရှင်းလင်း တင်ပြကြစဉ်။ (မြို့နယ် စည်ပင်)

တောင်တွင်းကြီးမြို့နယ် ဟင်္ဂရော် ကျေးရွာအုပ်စု မထီ(မူလ) ကျေးရွာရှိ စက်ရေတွင်း ပြင်ဆင်ခြင်း လုပ်ငန်းကို မေ ၉ရက်က မြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိဒုတိယညွှန်ကြားရေးမှူးဦးကျော်သူနှင့် လက်ထောက်အင်ဂျင်နီယာ ဦးရဲနိုင်ထွန်းတို့ ကြီးကြပ်ဆောင်ရွက်ကြစဉ်။

(မြို့နယ် စည်ပင်)

သီပေါမြို့နယ် မန်ဟဲဒေသ အရန်မီးသတ်တပ်ဖွဲ့သို့ ရေစုပ်စက်နှင့် ဆက်စပ်ပစ္စည်းများပေးအပ်

သီပေါ မေ ၁၂

ရှမ်းပြည်နယ် (မြောက်ပိုင်း) သီပေါမြို့နယ်တွင် မီးဘေးကြိုတင်ကာကွယ်ရေးစီမံချက်အရ မန်ဟဲဒေသ အရန်မီးသတ်တပ်ဖွဲ့သို့ ရေစုပ်စက်နှင့် ဆက်စပ်ပစ္စည်းများ ပေးအပ်ပွဲ အခမ်းအနားကို မေ ၂ရက် နံနက် ၁၀နာရီက ကျေးရွာအစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရှင်းလင်း

အခမ်းအနားတွင် မြို့နယ်မီးဘေးတားဆီးရေးကော်မတီဥက္ကဋ္ဌ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးခင်ကြည်က အမှာစကားပြောကြားပြီး အရန်မီးသတ်တပ်ဖွဲ့ တပ်ရင်းမှူး မြို့နယ်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူး လှစိန်က မီးသတ်ရဲဘော်များ ထားရှိရမည့်သဘောထားနှင့် ခံယူချက်ကိုလည်းကောင်း၊ မြို့နယ်မီးသတ်ဦးစီးမှူး ဦးကိုကိုဦးက ကျေးလက်မီးဘေး ကြိုတင်ကာကွယ်ရေး လုပ်ငန်းစဉ်များကိုလည်းကောင်း ရှင်းလင်းပြောကြားသည်။

လှူဒါန်း

ဆက်လက်၍ သီပေါမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးခင်ကြည်က ကျေးလက်မီးဘေးကြိုတင်ကာကွယ်ရေးအတွက် ရေစုပ်စက်နှင့် ဆက်စပ်ပစ္စည်းများကို မန်ဟဲဒေသ အရန်မီးသတ်တပ်ဖွဲ့ ဒုတိယတပ်ခွဲမှူး ငွေရထံ ပေးအပ်လှူဒါန်းသည်။ **(အောက်ပုံ)**

ထို့နောက် မန်ဟဲဒေသ အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌက ကျေးဇူးတင်စကား ပြန်လည်ပြောကြားပြီး အခမ်းအနားကိုရုပ်သိမ်းလိုက်ကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

မြန်မာ့အသံ နားဆင်စရာ

၁၃၆၉ ခုနှစ် ကဆုန်လဆန်း ၁၁ ရက်
၂၆-၄-၂၀၀၇ (ကြာသပတေးနေ့)

နံနက်ပိုင်း

- ၀၇း၀၀ တရားတော် (ဦးဥတ္တမသာရ ဆရာတော်ကြီး၏ ဟောဇ္ဈာဂ်သုတ်နှင့် ဂုဏ်တော်ကွန်ချာ)

နေ့လယ်ပိုင်း

- ၁၁း၁၅ စက်မှုစွမ်းအား ခေတ်ကျော်လွှား (ကျောက်ဆည်စက်မှုဇုန်မှ ဘိလပ်မြေစက်ရုံ၏ ထုတ်လုပ်မှုများ အကြောင်း)
- ၁၁း၃၅ စာအုပ်စာပေလူ့မိတ်ဆွေ
  - (၁) မြောက်ပိုင်းဗုဒ္ဓဘာသာ မဟာယနဂိုဏ်း (အမျိုးသားပညာဝန်ဦးဖိုးကျား)
  - (၂) ပညာလို သံမှိုနှက်သလိုပ (ဒေါက်တာခင်မောင်ညို)
- ၁၂း၀၀ သိပ္ပံပညာသိကောင်းစရာ (သဘာဝကုထုံးမိတ်ဆက်-မောင်ဆုရှင်)
- ၁၂း၃၀ ခံတွင်းမြိန်စရာ သူ့လက်ရာ (တရုတ်စကားပွင့်သုတ်၊ ရွှေဖရုံပွင့်ဟင်းချို၊ ငါးလေးအိုးကပ်)

ညနေပိုင်း

- ၁၆း၃၀ နိုင်ငံတကာ စီးပွားရေးသတင်းပဒေသာ
- ၁၇း၀၀ တပ်မတော်စာတိုက်
- ၁၇း၁၅ ထူးဆန်းထွေလာသတင်းပဒေသာ
- ၁၈း၂၅ သံစဉ်တေးသွား မေတ္တာစကား
  - (၁) နာမည်တူတောင် မုန်းချင်တယ် (ကိုတင်ဝင်း)
  - (၂) မောင် မုန်းရက်ရင် မုန်းလိုက်ပါ (နိုင်နိုင်မော်)
- ၁၈း၄၅ အင်္ဂလိပ်စကားပြောကြမယ် (ရွှေမင်းဝန် ဦးဘုန်းမြင့်)
- ၁၉း၁၅ ဇာတ်လမ်းပမာနားဆင်စရာ (အသည်းနှလုံး၏ လက်ခံဖြတ်ပိုင်း)
- ၁၉း၃၅ ဟန်မျိုးစုံညီတေးကိုသီ (မုန်းရစ်လေဦး)
  - (၁) ကိုမင်းနောင်၊ (၂) ချိုပြုံး၊
  - (၃) စန္ဒရားလှထွတ်၊ (၄) လွှမ်းမိုး
- ၂၀း၃၀ ခံစားနားဆင် မြန်မာတေးသံစဉ်
  - (၁) စိမ်းနေလို့ ပြီးမှာလား (ခင်ညွှန့်ရီ)
  - (၂) ချစ်သည်းဘယ်ခါရှိပါ့မယ် (တွံတေးသိန်းတန်)
  - (၃) ချစ်မြားစူးသော နှလုံးသား(အိဖြူ)

ပင်လောင်းမြို့ စကားဝါ ကတ္တရာလမ်းသစ်ဖွင့်

ပင်လောင်း မေ ၈

ရှမ်းပြည်နယ်(တောင်ပိုင်း) ပင်လောင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့ စကားဝါကတ္တရာလမ်းသစ်ဖွင့်ပွဲကို မတ်၂၂ရက်က အဆိုပါလမ်းထိပ်မင်္ဂလာမုခ်ဦး၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးစန်ဝင်းက အမှာစကားပြောကြားပြီး ပြည်နယ် ဒုတိယညွှန်ကြားရေးမှူး ဦးနေလင်း၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးစန်ဝင်း၊ အမှုဆောင်အရာရှိ ဦးကျော်စိုးတို့က လမ်းသစ်ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

(မြို့နယ် ပြန်/ဆက်)

ရှမ်းပြည်နယ် (အရှေ့ပိုင်း) မိုင်းဆတ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် မြို့မဈေးတွင် စနစ်တကျဆောင်ရွက်ထားရှိမှုကို ဧပြီ ၁၁ ရက်က နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန စည်ပင်သာယာရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအုန်းညွန့်နှင့် ပြည်နယ် စည်ပင်သာယာရေးအဖွဲ့ ခေတ္တညွှန်ကြားရေးမှူး ဦးခင်ကျော်တို့ ကြည့်ရှုစစ်ဆေးစဉ်။

(မြို့နယ်စည်ပင်)

မြဝတီမြို့၌ ကျောက်ရောမြေခင်း

မြဝတီမြို့ အမှတ်(၄)ရပ်ကွက် သုမာလာလမ်း ကိုယ်အားကိုယ်ကိုး ကျောက်ရောမြေခင်းခြင်း လုပ်ငန်းဆောင်ရွက်ပြီးစီးမှုကို မတ် ၂၀ ရက်က အမှုဆောင်အရာရှိ ဦးခင်မောင်သန်းနှင့် ရပ်ကွက်ဥက္ကဋ္ဌတို့ ကြည့်ရှုစစ်ဆေးစဉ်။

(မြို့နယ်စည်ပင်)

ဗလာစာအုပ်ထုတ်လုပ်လိုသူများဆက်သွယ်နိုင်ပြီ

ပုံနှိပ်ရေးနှင့်စာအုပ်ထုတ်ဝေရေးလုပ်ငန်းတွင် အော်တိုမက်တစ် ဗလာစာအုပ်ထုတ်လုပ်စက်များ တပ်ဆင်လည်ပတ်လျက်ရှိပါသည်။ ဗလာစာအုပ်များကို အချိန်တိုအတွင်း လိုအပ်သည့်အရေအတွက်များကို အရည်အသွေးပြည့်မီစွာဖြင့် ထုတ်လုပ်ပေးနိုင်ပါသည်။ ဗလာစာအုပ် ထုတ်လုပ်လိုသူများသည် အောက်ပါကုန်ကြမ်းစက္ကူများ ထောက်ပံ့ရပါမည်-

(က) အတွင်းသားအတွက် ၃၄လက်မအရွယ်စက္ကူလိပ် (နိုင်ငံခြားဖြစ်စက္ကူအပြင် ပြည်တွင်းစက္ကူများလည်း လက်ခံပါသည်။)

(ခ) အဖုံးအတွက် ၂၇ လက်မ x ၃၄ လက်မ (သို့မဟုတ်) ၁၃ ½ လက်မ x ၃၄လက်မအရွယ်အဖုံးပုံနှိပ်ပြီး စက္ကူ(သို့မဟုတ်)

(ဂ) ၂၇လက်မ x ၃၄ လက်မ(သို့မဟုတ်)၁၃ ½ လက်မx၃၄လက်မ အရွယ်စက္ကူနှင့်အတူ အဖုံးဒီဇိုင်းစီဒီ

ဗလာစာအုပ်များကို ချိုသာသည့်နှုန်းထား၊ ကောင်းမွန်သည့် အရည်အသွေးတို့ဖြင့် ထုတ်လုပ်ပေးမည်ဖြစ်ပါသည်။

အသေးစိတ်အချက်အလက်များကို အမှတ်၂၂၈၊ သိမ်ဖြူလမ်းရုံးသို့ လူကိုယ်တိုင် သို့မဟုတ် တယ်လီဖုန်းအမှတ်-၂၅၁၈၆၁၊ ၃၈၀၈၀၄၊ ၃၈၂၀၇၀ ဆက်သွယ်နိုင်ပါသည်။

ရောင်းရန်ကြော်ငြာ

(တရားမကျင့်ထုံး ကိုဒုပဒေအမိန့်-၂၁၊ နည်းဥပဒေ-၆၆)

မန္တလေးတိုင်းတရားရုံး

၂၀၀၆ ခုနှစ် တရားမဇာရီမှုအမှတ်-၂၀၅ (အမ်)

မြန်မာ့စီးပွားရေးဘဏ် မိတ္ထီလာမြို့။	**နှင့်**	၁။ ဦးခင်မောင်မျိုး ၂။ ဒေါ်ဆွေဆွေသန်း
တရားနိုင်		**တရားရုံး**

၂၀၀၃ခုနှစ် တရားမကြီးမှုအမှတ်-၂၄၄တွင် ရရှိခဲ့သော ဒီကရီအရ အောက်အမည်ပါပစ္စည်းကို ၂၀၀၇ ခုနှစ် မေလ ၂၈ ရက် (မြန်မာသက္ကရာဇ် ၁၃၆၉ ခုနှစ် နယုန်လဆန်း ၁၃ ရက်နေ့) မွန်းမတည့်မီ ၁၀ နာရီအချိန်တွင် ပစ္စည်းတည်ရာအရပ်၌ လေလံတင်ရောင်းချလိမ့်မည်။

လေလံတင်ရောင်းချမည့် ပစ္စည်းစာရင်း

မိတ္ထီလာမြို့ ရတနာမာရ်အောင်ရပ် အကွက်(ဂ/က-ဆေးရုံးမြောက်) ဦးပိုင်(၅၃)၊ဧရိယာ ဝ၁၁၃မ ဝ၅၉ ဧက၊ မြေကွက်အမှတ်(၆၄) ဂရန်မြေနှင့် ယင်းမြေကွက်ပေါ်ရှိ လူနေနှစ်ထပ်တိုက်၊ (၂၈ x၃၀)ပေရှိ အလုပ်ရုံ။

လေလံကြမ်းခင်းဈေး ကျပ်သိန်း ၃၀၀

ရောင်းချရန် စည်းကမ်းချက်များ

၁။ စာရင်းတွင်ဖော်ပြပါရှိသော အချက်များမှာ တရားနိုင်က တရားရုံးသို့ တင်ပြချက်များအရ သိရှိသမျှဖြစ်သည်။ ကြော်ငြာစာတွင် မှားယွင်းခြင်း၊ မမှန်စကားပါခြင်း၊ သို့တည်းမဟုတ် ကြွင်းကျန်ခြင်း တစ်ခုခုအတွက် တရားရုံးက တာဝန်ခံလိမ့်မည် မဟုတ်ပါ။

၂။ လေလံတင်ရောင်းချရမည့် နည်းစနစ်ကို ရောင်းသူအရာရှိက သတ်မှတ်သည့်အတိုင်း ရောင်းချမည်ဖြစ်သည်။

၃။ လေလံစည်းကမ်းအချက်အလက်များကို ရောင်းသူအရာရှိထံ လေလံတင်ရောင်းချမည့် ရက်မတိုင်မီ ရုံးချိန်အတွင်း လာရောက် စုံစမ်းနိုင်သည်။

၂၀၀၇ ခုနှစ် မတ် ၂၆ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

သိန်းထွန်း

တွဲဖက်တိုင်းတရားသူကြီး(၂)၊ မန္တလေးတိုင်းတရားရုံး။

ပိုင်ရှင်ကိုယ်တိုင်ရောင်းမည်

ရွှေမာလာ 1MBR, 2BR ဖုန်း၊ ရေ၊ မီး

ဒဂုံမြောက် ၃၉(A)ထောင့်ကွက် ပေ ၄၀xပေ ၆၀

ဒဂုံမြောက် ၃၀ရပ်ကွက်၊ ထောင့်ကွက်၊ ပေ ၄၀xပေ ၆၀

လှိုင်သာယာ ကျန်စစ်သားအိမ်ရာ မြေညီ ဖုန်း၊ ရေ၊ မီး

ဖုန်း-၀၉-၅၁၃၅၂၂၄၊ ၃၇၉၅၇၉ (ပွဲစားမလိုပါ။)

အမည်ပြောင်း

မကွေးမြို့ အလက(၄) အဌမတန်း (အေ)တွင် ပညာသင်ကြားနေသော အဖ ဦးဘိုးအေး၏ သမီး မအေးသူဇာခင်အား ယနေ့မှစ၍ မဇင်လေးနွယ်ဟု ပြောင်းလဲခေါ်ပါရန်။ **မဇင်လေးနွယ်။**

ဝီဇယ၊ဓာတ်ဆီ စက်ပြင်သင်တန်း

(နေထိုင်မှုအာမခံ)

ဖုန်း-၅၄၄၉၂၄

၂၁-အာနောက်မြင်းပြိုင်ကွင်းလမ်း တာမွေမီးပွိုင့်အနီး၊ ရန်ကုန်

သွားချင်တဲ့ ခရီး ကိုသွား

ငှားချင်တဲ့ ကား ကိုငှား

TOP 243363 705877

ကို ၂၄နာရီဖုန်းဆက်လိုက်ပါလား။

ယာဉ်ပိုင်ရှင်များလည်းဆက်သွယ်ထား။

van, saloon ကားများငှားရန်ရှိသည်။

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ (ကန်တော်မင်တိုက်နယ်)၊ မြေတိုင်းရပ်ကွက်အမှတ်-၁၂ဂျေ၊ မြေကွက်အမှတ်-၃၇ (ပဥ္စမတန်းစား)၊အလျား×အနံ ၆၇'/၄၃' × ၃၂'/၂၈.၆")ရှိ နှစ်(၆၀) ဂရန်မြေကွက်နှင့် မြေပေါ်ရှိ အကျိုးခံစားခွင့်များအား မြေအမည်ပေါက် ဒေါ်သိန်းရွှေနှင့် ဒေါ်သန်းညွန့်တို့၏ အမွေဆက်ခံခွင့်ရှိသူ အမွေဆိုင်၁၉ဦးထံမှ ကျွန်ုပ်၏မိတ်ဆွေတစ်ဦးက လက်ရောက်လွှဲပြောင်းလျက်အရောင်းအဝယ်မှတ်ပုံတင်စာချုပ် ချုပ်ဆိုဝယ်ယူရန် စရန်ငွေ ပေးချေပြီးဖြစ်ပါ၍ ကန့်ကွက်လိုပါက ယင်းနေ့မှ ခုနစ်ရက်အတွင်း ခိုင်လုံသော အထောက်အထားအပြည့်အစုံဖြင့် ကျွန်ုပ်ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။ ၎င်းရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။

ညွှန်ကြားချက်အရ-

ဦးအောင်မြတ်ထွဋ် (H.G.P., LL.B)

တရားရုံးချုပ်ရှေ့နေ (စဉ်-၄၃၇၆)

ဒေါ်ဝန်နီလှိုင် (LL.B., D.M.L)

အထက်တန်းရှေ့နေ (စဉ်-၂၅၃၁၁)

ရုံး-တိုက်-၉/၁၁ (ပထမထပ်)၊

အခန်း-၁၀၄(ဒီ) ၃၆-လမ်း(အောက်)၊

ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

ကန့်ကွက်နိုင်ကြောင်း ကြေညာချက်

ဒေါ်သန်းသန်းမြင့် ၁၂/ကမတ(နိုင်)၀၁၃၁၆၉ ပိုင်ဆိုင်သော ရန်ကုန်တိုင်း ကြည့်မြင်တိုင် မြို့နယ် ဆေးရုံးတန်း ငြိမ်းချမ်းရေးရပ်ကွက် ထီးတန်းလမ်း အမှတ်(၄၁) ရှစ်လွှာ ခေါင်းရင်းခန်းအား ကျွန်ုပ်မိတ်ဆွေမှ အပြောက်စနစ်ဖြင့်ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေပြီးဖြစ်ပါသဖြင့် အဆိုပါအခန်းနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများသည်အထောက်အထားအပြည့်အစုံဖြင့် ဤကြေညာချက်ပါသည့်ရက်မှ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် ယင်းရက်ကျော်လွန်ပါက အရောင်းအဝယ် ဆက်လက်ပြုလုပ်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ညွှန်ကြားချက်အရ

ဒေါ်ညိုမာသွယ်(စဉ်-၆၆၈၈)

တရားရုံးချုပ်ရှေ့နေ

ဖုန်း-၀၉-၅၀- ၂၁၈၁၅၊ ၇၂၅၉၁၃။

ပြည်တွင်းအခွန်များဦးစီးဌာန

အောင်ဘာလေသိန်းဆုဌာနခွဲ

အမှတ်-၃၈၄၊ မဟာဗန္ဓုလလမ်းနှင့် ၃၇လမ်းထောင့်၊ ရန်ကုန်မြို့။

ရက်စွဲ ။ ၂၀၀၇ ခုနှစ်၊ ဖေဖော်ဝါရီလ၊ (၂၈)ရက်

ကြေညာချက်

၁။ ၂၀၀၆ ခုနှစ်၊ ဧပြီလတွင် ဖွင့်လှစ်သော (၂၀၇)ကြိမ်မြောက် ၁၀၀ိ/-တန်အောင်ဘာလေသိန်းဆုဖွင့်ပွဲမှ ရရှိသည့် အောက်ပါဆုလက်မှတ်ပေါင်း(၂၄၈၈)ဆုကို ယနေ့တိုင် တောင်းခံခြင်း မရှိသေးပါ။

၂။ ဖော်ပြပါဆုရလက်မှတ်များကို ၂၀၀၇ ခုနှစ်၊ ဧပြီလ(၃၀)ရက်နေ့အထိ ရန်ကုန်မြို့ နှင့်မန္တလေးမြို့တို့ရှိ အောင်ဘာလေသိန်းဆုဌာနခွဲ ညွှန်ကြားရေးမှူးထံတင်ပြ၍ ဆုငွေများကို တောင်းခံနိုင်ပါသည်။

၃။ ကျပ် ၄၀၀၀၀ိ/-အထက် ဆုငွေများကို ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့ရှိ အောင်ဘာလေသိန်းဆုဌာနခွဲတွင်သာ ထုတ်ပေးပါမည်။ ကျန်ဆုငွေများကို အထက်ပါရုံးအပြင် နယ်ရှိပြည်တွင်းအခွန်များဦးစီးဌာန၊ မြို့နယ်အခွန်ဦးစီးဌာနမှူးရုံးများတွင်လည်းထုတ်ယူနိုင်ပါသည်။ မည်သည့်မြို့နယ်အခွန်ဦးစီးဌာနမှူးရုံးများတွင် ထုတ်ယူလိုကြောင်းသက်ဆိုင်ရာ မြို့နယ်အခွန်ဦးစီးရုံး၏ စစ်ဆေးစိစစ်ချက်၊ ထောက်ခံချက်များနှင့်အတူ အထက်ပါနေ့မတိုင်မီအကြောင်းကြား တောင်းခံနိုင်ပါသည်။

၄။ ကျပ် ၂၀၀၀ိ/- အပါအဝင် ဆုမဲစာရင်းများကို ပြည်နယ်/တိုင်း ပြည်တွင်းအခွန်များဦးစီးဌာနရုံးများ၊ ပြည်နယ်/တိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီရုံးများ၊ ပြည်နယ်/တိုင်း အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးများ၊ မြို့နယ်အခွန်ဦးစီးဌာနမှူးရုံးများ အသီးသီးရှိကြော်ငြာသင်ပုန်းများတွင်ကြော်ငြာထားသည်။

၅။ အထက်ပါနေ့ကျော်လွန်ပြီးနောက် တောင်းခံလာသော ဆုရလက်မှတ်များကို စဉ်းစားမည်မဟုတ်ပဲ ပြည်သူ့ဘဏ္ဍာငွေအဖြစ်သိမ်းသွားမည်ဖြစ်ကြောင်းကြေညာလိုက်သည်။ ၃၀-၄-၂၀၀၇ ဘဏ္ဍာသိမ်းမည်။

(၂၀၇)ကြိမ် ဘဏ္ဍာသိမ်း

ကျပ်(၃၀၀၀၀၀၀ိ/-)ဆုများ

ထ-၂၉၀၅၂၇

ကျပ်(၁၀၀၀၀၀၀ိ/-)ဆုများ

စ-၉၅၃၀၈၁	ပ-၉၅၃၀၈၁	ဘ-၂၈၂၀၀၄	မ-၈၇၄၃၅၁	ရ-၂၈၂၀၀၄
ဒ-၉၅၃၀၈၁	ဒ-၈၇၄၃၅၁	ဘ-၉၅၃၀၈၁		

ကျပ်(၅၀၀၀၀၀ိ/-)ဆုများ

ဒ-၂၃၁၆၂၁

ကျပ်(၄၀၀၀၀၀ိ/-)ဆုများ

န-၂၉၇၇၁၆	ပ-၁၉၀၉၇၉	ရ-၂၅၅၂၆၇

ကျပ်(၂၀၀၀၀၀ိ/-)ဆုများ

ထ-၃၂၉၃၄၃	ဒ-၃၁၇၂၆၉	ရ-၆၁၉၉၁၈	ရ-၆၁၉၉၁၉

ကျပ်(၂၀၀၀၀၀ိ/-)ဆုများ (ဖြည့်စွက်ယူနစ်)

ခ-၁၄၃၄၇၂	ဃ-၅၄၆၄၁၅	ဇ-၇၂၃၂၇၆	ည-၆၇၃၆၇၅	မ-၈၃၂၁၉၉
ခ-၉၅၆၄၃၅	ဆ-၃၃၀၀၆၆	ဈ-၃၉၈၂၀၀	ဋ-၅၄၆၃၆၇	ယ-၉၈၇၇၀၇
ဂ-၁၃၉၂၅၅	ဆ-၈၆၇၆၁၃	ဈ-၈၅၅၆၇၄	ဓ-၄၁၁၈၇၅	

ကျပ်(၁၀၀၀၀၀ိ/-)ဆုများ

ဂ-၈၉၁၂၁၆	ည-၂၄၄၃၂၅	ဋ-၁၄၂၀၆၂	ဒ-၃၁၇၂၃၁	မ-၂၆၂၃၅၉
ဂ-၈၉၃၂၂၈	ည-၂၄၄၃၂၆	ဋ-၁၄၂၀၆၇	ဒ-၃၁၇၂၃၂	မ-၂၆၂၃၉၂
ဂ-၈၉၁၂၃၀	ည-၂၄၄၃၂၇	ဋ-၁၄၂၀၇၉	ဒ-၃၁၇၂၃၃	မ-၉၅၃၀၀၅
ဂ-၈၉၁၂၈၉	ည-၂၄၄၃၂၈	ဋ-၁၄၂၀၈၁	ဒ-၃၁၇၂၃၄	မ-၉၅၃၀၁၄
ဂ-၈၉၁၂၉၀	ည-၂၄၄၃၂၉	ဋ-၁၄၂၀၉၇	ဒ-၃၁၇၂၃၅	မ-၉၅၃၀၁၉
စ-၁၉၂၅၀၇	ည-၂၄၄၃၄၁	ဌ-၂၈၂၀၁၉	ဒ-၃၁၇၂၃၆	မ-၉၅၃၀၅၁
စ-၁၉၂၅၆၀	ည-၂၄၄၃၄၂	ဌ-၂၈၂၀၂၃	ဒ-၃၁၇၂၃၇	ရ-၆၁၉၉၀၆
စ-၁၉၂၅၆၂	ည-၂၄၄၃၅၁	ဌ-၂၈၂၀၂၅	ဒ-၃၁၇၂၃၈	ရ-၆၁၉၉၀၇
စ-၁၉၂၅၆၄	ည-၂၄၄၃၈၅	ဌ-၂၈၂၀၂၉	ဒ-၃၁၇၂၃၉	ရ-၆၁၉၉၀၈
စ-၁၉၂၅၉၈	ည-၂၄၄၃၉၁	ဌ-၂၈၂၀၃၁	ဒ-၃၁၇၂၅၄	ရ-၆၁၉၉၂၂
ဈ-၅၅၃၁၅၁	ဋ-၁၄၂၀၂၂	ဌ-၂၈၂၀၃၆	ဒ-၃၁၇၂၇၀	ရ-၆၁၉၉၂၃
ဈ-၅၅၃၁၇၄	ဋ-၁၄၂၀၂၃	ဌ-၂၈၂၀၃၉	ဓ-၆၀၉၃၁၂	ရ-၆၁၉၉၃၂
ဈ-၅၅၃၁၇၈	ဋ-၁၄၂၀၂၄	ဌ-၂၈၂၀၄၂	ဓ-၆၀၉၃၁၃	ရ-၆၁၉၉၃၇
ဈ-၅၅၃၁၈၁	ဋ-၁၄၂၀၃၁	ဌ-၂၈၂၀၄၄	ဓ-၆၀၉၃၁၅	ရ-၆၁၉၉၄၂
ဈ-၅၅၃၁၈၄	ဋ-၁၄၂၀၃၂	ဌ-၂၈၂၀၅၅	ဓ-၆၀၉၃၁၆	ရ-၆၁၉၉၄၄
ဈ-၅၅၃၁၈၉	ဋ-၁၄၂၀၃၄	ဌ-၂၈၂၀၅၆	န-၆၅၅၇၁၄	ရ-၆၁၉၉၄၇
ည-၂၄၄၃၀၃	ဋ-၁၄၂၀၅၁	ဌ-၂၈၂၀၈၄	န-၆၅၅၇၂၀	ရ-၆၁၉၉၇၈

ကျပ်(၁၀၀၀၀၀ိ/-)ဆုများ

ည-၂၄၄၃၀၈	ဋ-၁၄၂၀၅၂	ဌ-၂၈၂၀၉၃	န-၆၅၅၇၂၃	ရ-၆၁၉၉၇၉
ည-၂၄၄၃၂၀	ဋ-၁၄၂၀၅၄	ထ-၃၂၉၃၅၁	မ-၂၆၂၃၂၆	ရ-၆၁၉၉၈၁
ည-၂၄၄၃၂၁	ဋ-၁၄၂၀၅၇	ထ-၃၂၉၃၆၅	မ-၂၆၂၃၃၀	ရ-၆၁၉၉၈၂
ည-၂၄၄၃၂၂	ဋ-၁၄၂၀၅၉	ထ-၆၄၈၇၃၉	မ-၂၆၂၃၃၈	ရ-၆၁၉၉၈၅
ည-၂၄၄၃၂၃	ဋ-၁၄၂၀၆၀	ဒ-၃၁၇၂၃၀	မ-၂၆၂၃၅၇	ရ-၆၁၉၉၉၉
ည-၂၄၄၃၂၄				

ကျပ်(၈၀၀၀၀ိ/-)ဆုများ

က-၅၅၇၉၄၂	ဃ-၄၆၀၂၂၁	ဋ-၆၈၇၈၅၆	ထ-၆၅၃၅၄၅	န-၇၀၂၄၂၂
ခ-၄၆၁၈၁၉	စ-၈၀၉၇၅၀	ဌ-၃၁၀၅၂၅	ဓ-၂၆၇၇၅၁	ဗ-၄၁၈၈၀၆
ဂ-၃၀၀၇၇၅	ဆ-၉၂၆၀၄၆	ဌ-၆၁၁၆၉၂	ဓ-၄၄၂၀၃၆	ယ-၇၄၅၅၁၀
ဂ-၉၂၃၂၃၄	ဇ-၃၅၉၂၂၀	ဌ-၇၇၃၁၂၀	ဓ-၅၅၈၁၆၃	ရ-၁၃၇၄၃၀
ဃ-၁၉၆၈၇၃	ဇ-၇၄၇၃၆၂	ထ-၇၂၃၃၃၈	ဓ-၈၉၉၀၂၇	ရ-၄၅၉၉၄၁

ကျပ်(၄၀၀၀၀ိ/-)ဆုများ

က-၆၆၄၉၅၇	စ-၃၅၄၄၄၅	ဍ-၅၁၃၃၂၂	ဒ-၃၉၄၆၃၅	ပ-၇၂၅၇၃၃
ဂ-၃၄၀၇၈၈	ဈ-၃၄၃၉၆၇	ဍ-၉၆၁၂၃၀	ဓ-၂၀၇၁၁၃	ဗ-၃၅၄၄၄၅
ဂ-၆၇၉၉၉၃	ဈ-၆၉၀၉၃၂	ဎ-၈၉၅၅၂၈	ဓ-၂၅၅၀၀၆	ဘ-၇၅၈၃၃၁
ဂ-၇၂၃၁၀၀	ဌ-၃၈၈၁၆၁	ဎ-၉၁၅၂၂၅	ဓ-၇၂၂၇၁၅	ဘ-၉၄၄၂၄၂
ဃ-၁၄၆၈၂၃	ဌ-၄၄၇၁၃၇	ဎ-၉၉၄၈၅၂	ဓ-၈၃၂၁၆၄	မ-၉၃၀၅၃၈
င-၈၀၈၄၁၈	ဌ-၈၀၃၀၃၉	ဏ-၁၀၅၆၇၆	ပ-၁၃၁၁၄၁	ယ-၈၆၁၈၉၈
စ-၅၁၈၃၁၀	ဌ-၈၆၉၈၆၆	တ-၅၀၆၉၃၅		

ကျပ်(၂၀၀၀၀ိ/-)ဆုများ (ဖြည့်စွက်ယူနစ်)

က-၁၀၅၉၂၀	စ-၅၀၁၈၈၅	ဋ-၁၇၈၉၃၁	တ-၆၂၅၂၀၁	ဗ-၇၅၇၄၂၉
က-၃၅၆၃၄၀	စ-၅၄၄၀၉၈	ဋ-၂၉၀၀၅၄	ထ-၃၄၃၂၄၆	ဗ-၈၆၀၁၇၂
က-၄၆၀၄၁၂	စ-၅၉၁၁၄၇	ဋ-၂၉၉၆၆၄	ထ-၃၅၀၇၃၅	ဗ-၉၂၂၂၂၁
က-၄၆၂၂၄၈	စ-၉၇၅၂၂၆	ဋ-၃၆၈၀၀၆	ထ-၇၈၀၇၀၀	ဗ-၉၇၈၉၆၄
က-၅၂၃၈၈၀	ဆ-၁၇၀၁၅၁	ဋ-၄၀၇၄၂၂	ထ-၈၆၁၀၈၉	ဗ-၁၃၃၇၁၉
က-၅၅၂၂၄၈	ဆ-၃၃၇၇၂၇	ဋ-၄၁၃၂၉၀	ဒ-၁၅၃၂၈၃	ဗ-၂၇၃၆၂၇
ခ-၁၅၃၈၉၄	ဆ-၄၃၇၉၅၄	ဋ-၄၈၃၉၄၁	ဒ-၂၅၁၀၀၆	ဗ-၂၇၅၃၆၈
ခ-၁၈၀၆၀၉	ဆ-၄၅၉၇၈၀	ဋ-၄၉၆၇၃၈	ဒ-၂၅၈၄၃၈	ဗ-၆၅၀၁၇၆
ခ-၂၆၀၈၁၄	ဆ-၄၈၆၆၃၁	ဋ-၅၀၂၀၄၀	ဒ-၃၉၈၅၃၆	ဗ-၆၆၀၂၀၄
ခ-၃၇၀၀၄၀	ဆ-၇၅၂၄၂၄	ဋ-၆၅၆၃၉၆	ဒ-၄၅၀၅၅၀	ဗ-၆၉၁၇၇၇
ခ-၃၈၃၅၉၁	ဇ-၁၇၈၅၃၉	ဋ-၇၄၆၇၁၉	ဒ-၈၉၀၀၁၉	ဗ-၉၈၈၅၆၀
ခ-၄၀၈၉၄၆	ဇ-၂၁၃၅၉၃	ဌ-၄၆၅၈၅၃	ဓ-၁၃၆၀၀၄	ဘ-၁၂၂၅၀၂
ခ-၅၁၆၄၁၀	ဇ-၂၈၆၅၅၅	ဌ-၇၃၄၉၂၇	ဓ-၂၀၄၁၀၂	ဘ-၂၁၀၉၂၅
ခ-၇၉၇၃၀၆	ဇ-၃၃၈၈၉၈	ဌ-၈၆၇၈၂၄	ဓ-၈၆၂၃၉၇	ဘ-၂၁၆၂၁၅
ဂ-၁၃၃၇၅၈	ဇ-၃၄၃၉၆၉	ဌ-၉၅၃၇၉၉	ဓ-၉၀၁၇၄၀	ဘ-၂၃၈၆၀၀
ဂ-၁၄၁၄၈၄	ဇ-၃၅၁၂၉၇	ဌ-၉၆၆၀၇၀	န-၂၈၅၃၆၂	ဘ-၄၆၅၄၇၀
ဂ-၁၆၉၇၁၇	ဇ-၃၆၀၉၈၂	ဍ-၆၂၄၅၂၂	န-၃၉၅၉၅၀	ဘ-၅၇၀၁၀၇
ဂ-၄၃၁၆၀၀	ဇ-၇၆၉၃၃၂	ဍ-၇၆၄၆၆၈	န-၃၉၉၅၀၈	ဘ-၇၇၂၆၇၂
ဂ-၄၆၂၄၇၈	ဇ-၉၄၂၅၄၈	ဍ-၉၀၂၄၈၆	န-၅၀၆၃၂၄	ဘ-၉၁၈၂၆၆
ဂ-၄၆၅၃၄၅	ဇ-၉၆၄၀၃၈	ဍ-၉၆၆၀၂၆	န-၅၅၈၁၇၉	မ-၇၄၃၈၂၇
ဂ-၅၇၆၃၄၇	ဇ-၉၈၄၄၆၀	ဎ-၁၉၈၃၈၃	န-၅၇၁၃၉၉	မ-၈၁၂၂၃၃
ဂ-၉၅၂၉၈၁	ဈ-၁၉၉၅၄၀	ဎ-၇၇၇၀၁၁	န-၆၀၇၃၆၈	မ-၈၃၂၁၃၅
ဃ-၂၂၂၈၅၃	ဈ-၂၃၈၀၄၆	ဎ-၇၈၆၇၀၄	န-၇၀၂၂၃၄	မ-၉၈၀၁၁၅
ဃ-၃၉၉၁၇၆	ဈ-၃၄၈၁၀၂	ဎ-၉၂၀၀၃၉	န-၈၄၉၃၇၄	ယ-၁၆၀၄၆၆
ဃ-၄၃၂၈၅၅	ဈ-၅၀၈၈၀၅	ဎ-၉၂၂၀၉၀	ပ-၁၉၁၂၆၀	ယ-၂၁၂၈၀၈
ဃ-၄၇၅၀၂၇	ဈ-၅၇၃၈၀၇	ဏ-၃၁၀၃၁၈	ပ-၄၀၀၇၄၉	ယ-၆၅၉၇၄၀
င-၃၀၂၁၀၉	ည-၂၀၅၅၃၁	ဏ-၃၂၄၄၁၁	ပ-၄၈၄၄၀၆	ယ-၈၈၂၇၈၈
င-၃၃၃၀၂၁	ည-၃၀၂၅၉၉	ဏ-၃၇၇၄၃၆	ပ-၆၆၉၈၈၇	ယ-၉၇၄၂၆၂
င-၅၄၂၈၄၄	ည-၅၁၆၅၉၅	ဏ-၇၇၅၈၄၂	ပ-၇၇၉၈၁၁	ယ-၉၉၂၅၇၀
င-၆၀၆၈၆၅	ည-၆၃၇၆၀၁	ဏ-၈၁၅၇၁၃	ပ-၉၅၈၈၃၄	ရ-၃၃၂၇၇၇
င-၆၇၄၀၂၆	ည-၆၉၂၂၁၇	ဏ-၈၃၄၀၈၈	ဗ-၁၃၄၁၉၈	ရ-၆၄၇၄၆၅
င-၉၀၆၇၅၉	ည၇၀၈၄၃၆	တ-၁၀၀၈၇၆	ဗ-၃၇၂၇၁၅	ရ-၆၅၈၇၂၅
စ-၂၁၃၆၆၅	ည-၇၂၁၂၂၉	တ-၂၇၄၄၆၉	ဗ-၆၂၆၁၈၉	ရ-၇၃၀၉၉၁
စ-၂၁၃၇၁၈	ည-၈၁၄၂၄၃	တ-၄၁၃၁၄၅	ဗ-၆၄၇၂၃၀	ရ-၉၄၃၂၈၄

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် ကမ္ဘောဒီးယားဒုတိယဝန်ကြီးချုပ် မစ္စတာ ဟော်နမ်ဟောင်နှင့်အဖွဲ့အား နေပြည်တော်ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံ

နေပြည်တော် ဧပြီ ၂၄

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်သည် ပြည်ထောင်စုမြန်မာနိုင်ငံတော်သို့ ချစ်ကြည်ရေးခရီးလည်ပတ်ရန် ရောက်ရှိနေသော ကမ္ဘောဒီးယားနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးနှင့် အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန ဝန်ကြီး မစ္စတာဟော်နမ်ဟောင်နှင့် အဖွဲ့ဝင်များအား ယနေ့နံနက် ၁၀နာရီတွင် နေပြည်တော်ရှိ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး ဧည့်ခန်းမ၌လက်ခံတွေ့ဆုံသည်။

စာမျက်နှာ ၃ ကော်လံ ၁ ✻

လက်ခံတွေ့ဆုံ

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် ကမ္ဘောဒီးယားနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးနှင့် အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန ဝန်ကြီး မစ္စတာ ဟော်နမ်ဟောင်နှင့် အဖွဲ့ဝင်များအား နေပြည်တော်ရှိ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံစဉ်။

(သတင်းစဉ်)

နိုင်ငံရေးဦးတည်ချက်(၄)ရပ်

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည် စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံ ဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေးဦးတည်ချက်(၄)ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေး ကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေးဦးတည်ချက်(၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင်ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန် ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည် မြင့်မားရေး

မြန်မာ့အလင်း ဆောင်းပါးအညွှန်း

စာဖတ်သူတို့ စကားဝိုင်း

❒ ပြည်သူလူထုက ယနေ့မြန်မာနိုင်ငံမှာ အသွင်အမျိုးမျိုးဆောင်ပြီး သွေးထိုးလှုံ့ဆော်မှု အမျိုးမျိုးလုပ်နေတဲ့ အဲ့ဒီအဖျက်အမှောင့်သမားတွေကို လုံးဝလက်မခံဘဲ ဆန့်ကျင်တိုက်ဖျက်သွားတော့မယ်ဆိုတာ ပေါ်လွင်ထင်ရှားလာနေတယ်၊

❒ ဒါကြောင့်မို့ ကုန်ဈေးနှုန်းကျဆင်းရေးတို့ ၂၄နာရီ လျှပ်စစ်မီးလင်းရေးတို့ ဆိုတာကိုသာ အဖျက်အမှောင့်သမားတွေ အနေနဲ့ အမှန်တကယ်လိုလားတယ်ဆိုရင် ပြည်ပဆရာကြီးတွေရဲ့ ပိတ်ဆို့ဟန့်တားမှု ရပ်တန့်ဖို့ ဆန္ဒပြတောင်းဆိုရမှာပဲ ဖြစ်တယ်။ နိုင်ငံတော်အစိုးရက ဆောင်ရွက်ပေးနေတဲ့ ကုန်ဈေးနှုန်းတည်ငြိမ်ကျဆင်းရေးနဲ့ လျှပ်စစ်ဓာတ်အား ဖူလုံပို့လျှံရေးလုပ်ငန်းစဉ်တွေမှာ ကျရာကဏ္ဍကနေ ပါဝင်ပူးပေါင်းဆောင်ရွက်သွားကြရမှာပဲဖြစ်တယ်။

စာဖတ်သူတစ်ဦး၏ဆောင်းပါးကို စာမျက်နှာ (၄-၅) တွင် ဖတ်ရှုနိုင်ပါသည်။

25-4 (20) 1 4/24/07, 12:53 PM